ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday 10 May 2018 ၉၂၈၂

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးအား တွေ့ဆုံ

ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးမှတစ်ဆင့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးကိစ္စရပ်များ ဆွေးနွေး

စာမျက်နှာ » ၅



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးနှင့် ဆွစ်ဇာလန်သံအမတ်ကြီးတို့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၉

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Mr. Zhao Kezhi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



.....................

## ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းပုံစံသစ်အတွက် ရှင်းလင်းတင်ပြချက်

စာမျက်နှာ » ၆

## ဒါကာကြေညာချက်တွင် ရခိုင်ပြည်နယ်၏အခြေအနေအား ရည်ညွှန်းဖော်ပြခဲ့ခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံက တုံ့ပြန်

## ပြန်လည်လက်ခံရေးလုပ်ငန်း အမြန်စတင်ရေးအတွက် စစ်မှန်စွာပူးပေါင်းဆောင်ရွက်ရန် ဘင်္ဂလားဒေ့ရှ်အား တိုက်တွန်း

၂၀၁၈ ခုနှစ် မေ ၅ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည့် (၄၅) ကြိမ်မြောက် အစ္စလာမ္မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအိုင်စီ) နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ ထုတ်ပြန်ခဲ့သော ဒါကာကြေညာချက်တွင် မြန်မာလုံခြုံရေးတပ်ဖွဲ့များ၏ လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များအပေါ် စိုးရိမ်ပူပန်ကြောင်း ဖော်ပြထားပါသည်။

ယင်းကြေညာချက်မှာ ဟန်ချက်ညီမျှမှု၊ တရားမျှတမှုကင်းမဲ့သည့်အပြင် ယနေ့ကြုံတွေ့နေရသည့် လူသားချင်းစာနာမှု အခြေအနေများကို စတင်ဖြစ်ပွားစေခဲ့သော Arakan Rohingya Salvation Army (ARSA) အမည်ရှိ အကြမ်းဖက်အဖွဲ့၏ ရက်စက်စွာ အကြမ်းဖက်တိုက်ခိုက်မှုများကိုမူ ရှုတ်ချခြင်း အလျှင်းမရှိကြောင်း တွေ့ရှိရပါသည်။

ရခိုင်ပြည်နယ်၏ ဖြစ်စဉ်များအား "လူမျိုးစုသုတ်သင်ရှင်းလင်းမှု"၊ "အစိုးရအားပေးသည့် အကြမ်းဖက်မှု" ဟူသော အသုံးအနှုန်းများဖြင့် တာဝန်မဲ့စွာ ဖော်ပြခြင်းအပေါ် မြန်မာနိုင်ငံအနေဖြင့် ပြတ်သားစွာ ပယ်ချပါသည်။ မောင်တောဒေသတွင် မွတ်စလင် အသိုက်အဝန်းမှာ လူများစုဖြစ်ပြီး ယင်း၏ ၅၀ ရာခိုင်နှုန်းကျော်မှာ ယင်းကျေးရွာများတွင် ဆက်လက်နေထိုင်နေကြဆဲဖြစ်ပါသည်။

အစိုးရအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုမှန်သမျှကို ခွင့်လွှတ်မည်မဟုတ်ကြောင်း ကြိမ်ဖန်များစွာ ပြောကြားထားပြီး ဖြစ်ပါသည်။ ခိုင်မာသော အထောက်အထားရှိသည့် စွပ်စွဲပြောကြားချက်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေး၍ ဥပဒေနှင့်အညီ အရေးယူသွားမည် ဖြစ်ပါသည်။

ဒါကာကြေညာချက်တွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံသဘောတူညီချက်အတိုင်း ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား အမြန်ပြန်လည်လက်ခံရေးလုပ်ငန်းစတင်ရန် အရေးတကြီး လိုအပ်နေမှုနှင့် ရခိုင်ပြည်နယ်တွင် သဟဇာတဖြစ်မှု မြှင့်တင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်သည့် အကြံပြုမှုများ တစ်လုံးတစ်ပါဒမျှ ဖော်ပြထားခြင်းမရှိသည်မှာ အထူးစိတ်မကောင်းဖွယ်ရာ ဖြစ်ပါသည်။

စာမျက်နှာ ၅ ကော်လံ ၆ သို့ ❖

iMyanmarHouse.com မှ ကြီးမှူးကျင်းပမည့် (၈) ကြိမ်မြောက် မြန်မာနိုင်ငံ၏ အကြီးဆုံး အိမ်ခြံမြေ အရောင်းပြပွဲကြီး
(၂၅) နှစ် အရစ်ကျ
ပြပွဲ (၃) ရက်အတွင်း အိမ်ခြံမြေ ဈေးကွက်ဆိုင်ရာ ပညာရှင်ပေါင်းများစွာမှ ဟောပြောပေးသွားပါမည်။
ကမ္ဘောဇဘဏ်၊ ရေဝတီဘဏ် နှင့် ရိုးမဘဏ် တို့ ပါဝင်ပြသမှာဖြစ်ပြီး အိမ်ရာချေးငွေများကို ပြပွဲအတွင်း တစ်ထိုင်တည်း လျှောက်ထားနိုင်ပါပြီ။
ပြပွဲသို့ တက်ရောက်လာသူများအား TV, Phone, Tablet အစရှိသော ဆုမဲပေါင်းများစွာကို ကံစမ်းမဲဖောက်ပေးပါမည်။
❖ ကျပ်သိန်း (၂၀၀) ကျော်မှ စသော တိုက်ခန်းများ၊
❖ ကျပ်သိန်း (၅၀၀) ကျော်မှ ကျပ်သိန်း (၅၀၀၀) အထိ ကွန်ဒိုပေါင်းများစွာကို
✓ (၁) နှစ်မှ (၂၅) နှစ်အထိ အရစ်ကျစနစ်များ၊
✓ အထူးလျှော့ဈေးနှုန်းများဖြင့် (တကယ်တန်အောင်) ရောင်းချပေးမည်။
နေ့ရက် – ၁၁၊ ၁၂၊ ၁၃ မေလ ၂၀၁၈ ခုနှစ် (သောကြာ၊ စနေ၊ တနင်္ဂနွေ) အချိန် – နံနက် (၉) နာရီ မှ ညနေ (၅) နာရီထိ နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။
မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။
Main Sponsors: YOMA, GOLDEN CITY
Diamond Sponsors: Kanbae Towers, M.K.Y, NGC, THE LEAF Residence, AMPS
Gold Sponsors: Pinlon Village, SMT, IGREEN
Official Banking Partners: KBZ BANK, AYA Bank, YOMA BANK
အသေးစိတ်ကြည့်ရှုရန်နှင့်ကြိုတင်စာရင်းပေးရန်
www.imyanmarhouse.com/expo
Hotline: 09-455294841~5

ကြေးမုံ

# ပညာရည်မြင့်မားရေးကို မျှော်မှန်း

ပညာရေးဝန်ကြီးဌာနသည် လက်ရှိအစိုးရ နှစ်နှစ်တာကာလအတွင်း ပညာသင်ယူမှု အခွင့်အလမ်းမြင့်မားရေး၊ ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးတို့ကို ဦးတည်ကာ အမျိုးသားပညာရေးဥပဒေ၊ အမျိုးသားပညာရေးကို ပြင်ဆင်သည့်ဥပဒေနှင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ တွင်ပါရှိသည့် လုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်နေသည်ကို တွေ့ရပါသည်။

ထိုသို့ အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံ့အနာဂတ်နှင့် ပညာရေးနယ်ပယ်တွင် အဓိကကျသော မူလတန်းကြိုမှစတင်သည့် အခြေခံပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲ မြှင့်တင်ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ အခြေခံပညာအဆင့်တွင် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးမှအစ ဆရာ ဆရာမ အရည်အသွေးမြှင့်တင်ရေး၊ ဖြည့်ဆည်းရေး၊ သင်ရိုးညွှန်းတမ်းအသစ်၊ ပြဋ္ဌာန်းစာအုပ်အသစ်တို့သာမက လိုအပ်သော ကိစ္စအဝဝတို့ကို ဆောင်ရွက်နိုင်ရန်အတွက် အကူအညီ အထောက်အပံ့များ ရယူခြင်း၊ နိုင်ငံတော်က ပညာရေးဘတ်ဂျက်ကို တိုးမြှင့်ချထားသုံးစွဲစေခြင်းတို့ကို ဆောင်ရွက်နေသည်။

အဓိကကျသော အခြေခံပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးနေသလို တစ်ဆက်တည်းတွင် အဆင့်မြင့်ပညာရေး တိုးတက်မြင့်မားရေးကိုလည်း အကောင်အထည်ဖော်လျက်ရှိရာ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ကျောင်းသား ကျောင်းသူဦးရေ ကိုးသန်းခန့်အတွက် လိုအပ်သော ပညာရေးဆိုင်ရာ အထောက်အပံ့ကောင်းများကို ဖြည့်ဆည်းပေးနိုင်ရေးမှာ လွယ်ကူလှသည့်ကိစ္စတစ်ရပ်မဟုတ်သည်မှာ အမှန်ဖြစ်သည်။ လက်ရှိအနေအထားတွင် အခက်အခဲများကြားမှ မြန်မာ့ပညာရေးမြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများအား အသိအမှတ်ပြုလာကြသည်။

မြန်မာ့ပညာရေးတိုးတက်မြင့်မားရေးကို ယူနက်စကိုကဲ့သို့ အဖွဲ့အစည်းများသာမက နိုင်ငံတကာ အသိုင်းအဝိုင်းများကလည်း ကူညီလာကြသည်ကို တွေ့ရသည်။ မေလ ၈ ရက်နေ့က နေပြည်တော်တွင် ကျင်းပသည့် ဥရောပနေ့အထိမ်းအမှတ်ဧည့်ခံပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီးက မြန်မာ့ပညာရေးအတွက် အီးယူအဖွဲ့ဝင်နိုင်ငံများက ယူရိုငွေ ၂၂၁ သန်း ထောက်ပံ့ရန် သဘောတူ ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း သတင်းစကားကြားသိရသဖြင့် များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

အဆိုပါ ပံ့ပိုးထောက်ပံ့ငွေများကို ပညာရေးဝန်ကြီးဌာနသို့ တိုက်ရိုက်ထည့်သွင်းပေးသွားမည်ဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးတွင် အရည်အသွေးမီ ပညာရေးတိုးချဲ့နိုင်ရန် ပံ့ပိုးကူညီခြင်းဖြစ်သည်ဟု ဆိုသည်။ ထိုသို့ ထောက်ပံ့ခြင်းသည် မိတ်ဖက်ပူးပေါင်းမှုနှင့် ယုံကြည်မှုကိုပြသသည့် လက္ခဏာတစ်ရပ် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပညာရေးရလဒ်များ သိသိသာသာ တိုးတက်ကောင်းမွန်လာစေရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ မြင့်မားသည့် ရည်မှန်းချက်များနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ တူညီသည့်ရည်မှန်းချက်များ ထားရှိသည်ကို ပြသလိုက်ခြင်းပင် ဖြစ်သည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကိုယ်စား သံအမတ်ကြီး ပြောကြားသည့် မြန်မာနိုင်ငံအပေါ် ထားရှိသော စေတနာများမှာ အသိအမှတ်ပြုစရာဖြစ်သည်။ မြန်မာနိုင်ငံ၏ ရှည်လျားသောခရီးလမ်းတွင် အတူလျှောက်လှမ်းနိုင်ရေး၊ မြန်မာနိုင်ငံ၏ခရီးလမ်းသည် ရှည်လျားပြီး အဖုအထစ်များများသည့်လမ်းဖြစ်မည်ဆိုပါကလည်း အဆိုပါလမ်းတွင် ဂုဏ်ယူစွာဖြင့် အတူလျှောက်လှမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့မှုများမှာ မြန်မာ့ပညာရေးတိုးတက်မြင့်မားရေးအတွက် တွန်းအားများကို ဖြစ်စေနိုင်သည်။

သို့ဖြစ်ရာ မြန်မာ့ပညာရေးအတွက် အီးယူအဖွဲ့ဝင်နိုင်ငံများက စေတနာထက်သန်စွာဖြင့် ပံ့ပိုးထောက်ပံ့ကူညီမှုသည် မြန်မာကျပ်ငွေအားဖြင့် ၃၅၆ ဘီလီယံဖြစ်ပြီး အနာဂတ်ဒီမိုကရေစီနိုင်ငံတော် ပညာရေးအတွက် အကောင်းဆုံးအလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၉**

နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် လမ်း၊ တံတားများ ကောင်းမွန်ပြီး နိုင်ငံအနှံ့ မြို့ရွာ၊ ကျေးလက်ဒေသများအားလုံး လွယ်ကူမြန်ဆန်စွာ သွားလာနိုင်ရေး၊ မြို့ရွာ၊ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသများအထိ လမ်းများ ပေါက်ရောက်သွားလာနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မူဝါဒများ၊ ရည်မှန်းချက်များ၊ မဟာဗျူဟာ၊ နည်းဗျူဟာများ အကောင်အထည်ဖော်လျက်ရှိကြောင်း ပြောကြားသည်။

တံတားဦးစီးဌာနအနေဖြင့် ကြိုးတံတားများ ခံနိုင်ရည် စစ်ဆေးလျက်ရှိရာ ကြိုးတံတားပေါင်း ၂၉ စင်းရှိရာတွင် ၂၀ ကို စစ်ဆေးရေးအဖွဲ့များနှင့် မျက်မြင်စစ်ဆေးခြင်းများ ပြုလုပ်ပြီး ကျန်တံတားများကိုလည်း ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ စစ်ဆေးရာတွင် တရုတ်၊ ဂျပန် ပညာရှင်များနှင့်ပူးပေါင်း၍ အသေးစိတ် ဆက်လက်စစ်ဆေးသွားမည်ဖြစ်၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း ပူးပေါင်းပါဝင်ကူညီကြရန် တိုက်တွန်းလိုကြောင်း ပြည်ထောင်စုဝန်ကြီးက တစ်ပါတည်း ဆိုသည်။



လမ်းများကို BOT စနစ်ဖြင့် တည်ဆောက်သည့်ကိစ္စနှင့် ပတ်သက်၍ BOT ပေးမည်ဆိုပါက သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ် အဆင့်ဆင့်အရ ဆောင်ရွက်တင်ပြ၍ လုပ်ဆောင်ရကြောင်း၊ BOT စနစ်ဖြင့် စာချုပ်ချုပ်ဆိုလုပ်ဆောင်ခြင်းကိုလည်း ပြည်ထောင်စုအဆင့်မှ ဆောင်ရွက်ရပြီး ယခုအခြေအနေတွင် BOT မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် ပတ်သက်၍ ပိုမိုပြည့်စုံမှန်ကန်မှုရှိစေရန် ADB ၏ အကူအညီဖြင့် ပြင်ဆင်ဖြည့်စွက်သွားရန် စီစဉ်လျက်ရှိသဖြင့် BOT လုပ်ငန်းအဖြစ် ထပ်မံတာဝန်ပေးအပ်လုပ်ဆောင်ခြင်းကို ခေတ္တဆိုင်းငံ့ထားကြောင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများအနေဖြင့် မိမိတို့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ခံများနှင့် ပူးပေါင်းပါဝင် ပံ့ပိုးကူညီဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက Integrated Master Plan For Construction Industry, Transport Sector, Infrastructure and Urban Planning 2030 နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများက မိမိတို့တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြပါရန်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ချမှတ်ထားသည့် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုင်းဒေသကြီး၊ ပြည်နယ်မှ တာဝန်ခံများကို ပံ့ပိုးကူညီရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မံစီမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန် သင်တန်းဖွင့်လှစ်

**မံစီ မေ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကချင်ပြည်နယ် မံစီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဖွင့်လှစ်ဆောင်ရွက်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲကို မေ ၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးဌာနမှ ခေတ္တမြို့နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



အဆိုပါသင်တန်းကို ၁၅ ရက်ကြာ သင်ကြားမည်ဖြစ်ပြီး သင်တန်းသား ၁၅ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

# လုပ်အားဒါနအဖြစ် သန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် မေ ၉**

နေပြည်တော် လယ်ဝေးမြို့နယ် အေလာအောင်ဓမ္မရာဇာစေတီတော် ပရိဝုဏ်၌ မေ ၇ ရက်က နံနက် ၇ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ညွန့်၊ လယ်ဝေးမြို့မ ရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်အင်အား ၅၀ တို့က လုပ်အားဒါနအဖြစ် သန့်ရှင်းရေးနှင့် မြေညှိခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၉**

ရန်ကုန်(ရွှေဈေး) ၉၃၇၅၀၀ - ၉၃၇၅၀၀ မန္တလေး(ရွှေဈေး) ၉၃၇၅၀၀ - ၉၃၇၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၃၅/၈၄၅ ကျပ်၊ | ၈၇၅/၉၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၈၆၀ ကျပ်၊ | ၈၃၀/၉၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၀/၈၁၅ ကျပ်၊ | ၈၈၀/၉၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၄၅/၈၆၀ ကျပ်၊ | ၈၈၅/၉၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၂၈/၈၃၀ ကျပ်၊

အောက်တိန်း ၉၂ တစ်လီတာ ၇၈၀/၇၈၇ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၄၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၈၉. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀. ၃၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၉၅၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၉. ၂၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၉၄၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၈. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၂၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၉၈. ၇၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၀. ၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅

## ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန်ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံတကာမျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူဖြေရှင်းနိုင်မှာမဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်း အားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကျွန်မတို့ လွတ်လပ်ရေးဖခင်ကြီးများရဲ့ အိပ်မက်၊ ကျွန်မတို့ ပြည်သူတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ ငြိမ်းချမ်း၊ တိုးတက်၊ သာယာတဲ့၊ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို မနေးအမြန် စုပေါင်းအင်အားနဲ့ အကောင်အထည်ဖော်နိုင်ကြပါစေ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့်
နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ
ကောက်နုတ်ချက်)



☆ **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်လည်း တက်ရောက်သည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Paul R. Seger နှင့် တာဝန်ရှိသူများအား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဆွစ်ဇာလန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ၊ ဆွစ်ဇာလန်နိုင်ငံမှ မြန်မာနိုင်ငံအတွက် ၂၀၁၉-၂၀၂၃ ငါးနှစ်တာကာလ ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာစီမံကိန်းရေးဆွဲရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် အကူအညီပေးရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရေးအတွက် အထောက်အကူပြုရေးဆိုင်ရာကိစ္စရပ်များ အမြင်ချင်းဖလှယ်

**နေပြည်တော် မေ ၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Mr. Nicholas Coppel အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဩစတြေးလျ-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်နှင့် ဒီမိုကရေစီစနစ် အားကောင်းစေရေးအတွက် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် ပူးပေါင်းပါဝင်ကူညီပေးရေး၊ ပညာရေးမြှင့်တင်ရေးအတွက် အကူအညီပေးရေး အစီအစဉ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရေးအတွက် အထောက်အကူပြုရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီးတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

## အရှေ့အာရှပညာရှင်များ ကွန်ရက်အဖွဲ့ဝင်နိုင်ငံများ၏ ညှိနှိုင်းဆောင်ရွက်သူများ အစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (Myanmar Institute of Strategic and International Studies) နှင့် တရုတ် Network of East Asian Think-Tanks-NEAT (NEAT China) တို့ ပူးတွဲကျင်းပသည့် (၂၈)ကြိမ်မြောက် အရှေ့အာရှ ပညာရှင်များကွန်ရက်အဖွဲ့ဝင်နိုင်ငံများ၏ ညှိနှိုင်းဆောင်ရွက်သူများအစည်းအဝေး-The 28th NEAT Country Coordinatiors Meeting ဖွင့်ပွဲအခမ်းအနားကို မေ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်မောင်ရှိန်က အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ အာဆီယံ + ၃ နိုင်ငံများမှ NEAT ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ အဖွဲ့ဝင်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးမြင့်တို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် (၂၇)ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများ၏ ညှိနှိုင်းဆောင်ရွက်သူများ အစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတို့၏ အစီရင်ခံစာများအား ဆွေးနွေးခြင်း၊ ၂၀၁၇ အာဆီယံ+၃ နိုင်ငံများ၏ အဆင့်မြင့်အရာရှိများ အစည်းအဝေးသို့ တင်ပြခဲ့သည့် NEAT စာချွန်လွှာ (Memorandum) အစီရင်ခံစာ ဆွေးနွေးခြင်း၊ NEAT လုပ်ငန်းအဖွဲ့ ကျိုးကြောင်း ဖော်ပြချက်စာတမ်းများ ဆွေးနွေးခြင်း၊ နောက်တစ်ကြိမ် ကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့အာရှ ပညာရှင်များအဖွဲ့ကွန်ရက် ညှိနှိုင်းဆောင်ရွက်သူများ အစည်းအဝေးနှင့် (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတို့အတွက် ဆွေးနွေးမည့် ခေါင်းစဉ်နှင့် ကြိုတင်ပြင်ဆင်မှုများ ဆွေးနွေးခြင်း စသည့် ခေါင်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဂျပန်-တရုတ်-တောင်ကိုရီးယား သုံးပွင့်ဆိုင် ထိပ်သီးဆွေးနွေးပွဲကျင်းပ

**တိုကျို မေ ၉**
ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် နှစ်နိုင်ငံဆွေးနွေးပွဲအပါအဝင် တောင်ကိုရီးယား ပါဝင်သော သုံးပွင့်ဆိုင်ထိပ်သီးဆွေးနွေးပွဲကျင်းပနိုင်ရန်အတွက် တရုတ်ဝန်ကြီးချုပ် လီခချန်းသည် ဂျပန်နိုင်ငံသို့ သွားရောက်သည့် လေးရက်တာခရီးစဉ်ကို မေ ၈ ရက်တွင် စတင်ခဲ့ကြောင်း၊ သုံးပွင့်ဆိုင် ထိပ်သီးဆွေးနွေးပွဲကို မေ ၉ ရက်တွင် ကျင်းပခဲ့ရာတွင် မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ် အဆုံးသတ်ရေးရည်မှန်းချက်အတွက် သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီကြကြောင်း အေအက်ဖ်ပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

လီခချန်း ဝန်ကြီးချုပ်ဖြစ်လာပြီးချိန်နောက်ပိုင်း ပထမဦးဆုံး ခရီးစဉ်ဖြစ်ပြီး ၂၀၁၁ ခုနှစ် မေလက ဝန်ကြီးချုပ် ဝမ်ကျားပေါင်၏ ခရီးစဉ်နောက်ပိုင်း တရုတ်ဝန်ကြီးချုပ်တစ်ဦး၏ပထမဦးဆုံး ဂျပန်ခရီးစဉ်လည်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

လီခချန်းသည် ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၊ တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းတို့နှင့် သုံးပွင့်ဆိုင် ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ပြီး ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် သီးခြားဆွေးနွေးရန်လည်း စီစဉ်ထားသည်။

လီခချန်းသည် ဂျပန်နိုင်ငံမြောက်ဘက် အစွန်ဆုံးခရိုင်ဖြစ်သော ဟော့ကိုင်းဒိုးကျွန်းသို့ မသွားရောက်မီ ဂျပန်ဧကရာဇ်ဘုရင်ကြီး အာခိဟီတိုနှင့် တွေ့ဆုံမည်ဖြစ်သည်။

ထိပ်သီးဆွေးနွေးပွဲတွင် တရုတ်အနေဖြင့် မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ် အဆုံးသတ်ရေးနှင့် ကုန်သွယ်ရေးကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒ တားဆီးရေးတို့နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီကြသည်။

မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်အပြီးတိုင် ဖျက်သိမ်းနိုင်ရေးအတွက် သုံးနိုင်ငံ လက်တွဲလုပ်ကိုင်သွားကြရန် သဘောတူညီကြခြင်းမှာ



အမေရိကန်နှင့် မြောက်ကိုရီးယားတို့၏ ပထမအကြိမ် ထိပ်သီးဆွေးနွေးပွဲ အကြိုကာလတွင် ထူးခြားစွာရရှိသော သဘောတူညီချက်တစ်ရပ်ဖြစ်သည်။

ဧပြီ ၂၇ ရက်က ကိုရီးယားကျွန်းဆွယ်၌ ထိပ်သီးဆွေးနွေးပွဲ ကျင်းပနိုင်ခဲ့ပြီးနောက် ဂျပန်-တရုတ်-တောင်ကိုရီးယားတို့၏ သတ္တမအကြိမ် နှစ်ပတ်လည် ထိပ်သီးညီလာခံကို ကျင်းပခဲ့ခြင်းဖြစ်သည်။

**ကျိုဒို**




# လူမှောင်ခိုကူးသည်ဟု မသင်္ကာသော ဂိုဏ်းတစ်ဂိုဏ်းကို ဂျာမနီရဲတပ်ဖွဲ့ စီးနင်းရှာဖွေ

**ဘာလင် မေ ၉**
ဂျာမနီနိုင်ငံတွင် လူမှောင်ခိုကူးသည်ဟု မသင်္ကာရသည့် ဂိုဏ်းတစ်ဂိုဏ်း၏ ဥပစာပိုင်နက်နယ်မြေများအတွင်းသို့ ရဲတပ်ဖွဲ့ဝင် ၈၀၀ က မေ ၈ ရက်တွင် စီးနင်းရှာဖွေမှုများ ပြုလုပ်ခဲ့ကြောင်း ဖက်ဒရယ်ရဲတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက မေ ၉ ရက်တွင် အတည်ပြုပြောကြားသည်။

လူမှောင်ခိုကူးဂိုဏ်းနှင့် ဆက်စပ်နေသော နေရာများကို ဂျာမန်ရဲတပ်ဖွဲ့က ပထမအကြိမ်စီးနင်းမှုကို မေ ၇ ရက်ညတွင် ဟန်းဘတ်၊ ဘာလင်နှင့် အယ်လ်မာကတ်မြို့များတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မေ ၈ ရက်တွင် အခြားသောဒေသများ၌ ရဲတပ်ဖွဲ့က စီးနင်းမှုများ ဆက်လက်ပြုလုပ်ခဲ့သည်။ အဆိုပါစီးနင်းမှုများအတွင်း လူမှောင်ခိုကူးမှု လုပ်ဆောင်ခဲ့သည်ဟူသော သံသယဖြင့် ဂျာမနီနိုင်ငံသား ခံယူထားသူနှစ်ဦးနှင့် ရုရှားနိုင်ငံသားတစ်ဦးတို့ကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

ဂျာမနီနိုင်ငံအတွင်း လူမှောင်ခိုဂိုဏ်းနှိမ်နင်းရေးအတွက် ကျယ်ပြန့်စွာ စီးနင်းရှာဖွေခြင်းသည် လျှူနင်ဘတ်ပြည်နယ် ဥပဒေရုံး၏ ၂၀၁၇ ခုနှစ် အောက်တိုဘာလမှစတင်၍ ကာလရှည်စုံစမ်းစစ်ဆေးမှု၏ အထွတ်အထိပ်ဆောင်ရွက်ချက်တစ်ရပ် ဖြစ်သည်ဆို၏။

လူမှောင်ခိုကူးဂိုဏ်း၏ တရားမဝင် အလုပ်လုပ်ကိုင်နေသူများမှာ အများအားဖြင့် မော်လ်ဒိုဗာနိုင်ငံသားများဖြစ်ကြပြီး ၎င်းတို့သည် ရိုမေးနီးယား နိုင်ငံကူးလက်မှတ်တုများဖြင့် ဂျာမနီနိုင်ငံအတွင်းသို့ ဝင်ရောက်လာသူများဖြစ်ကြကြောင်း၊ ယင်းဂိုဏ်းသည် အပြည်ပြည်ဆိုင်ရာ ဒုစရိုက်ဂိုဏ်းဖြစ်သည်ဟု ဂျာမနီအစိုးရ ရှေ့နေများက ယုံကြည်ယူဆကြကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ**

# အာဖဂန်နစ္စတန် ကဘူးမြို့ ရဲစခန်းတစ်ခုအား အသေခံပုံးခွဲ၊ ရဲအရာရှိနှစ်ဦးသေဆုံး

**ကဘူး မေ ၉**
အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ရှိ ရဲစခန်းတစ်ခုအား လက်နက်ကိုင်အဖွဲ့များက အသေခံပုံးခွဲတိုက်ခိုက်ခဲ့ရာ ရဲအရာရှိနှစ်ဦး အနည်းဆုံးသေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မေ ၉ ရက် နံနက်ခင်းအချိန်တွင် ကဘူးမြို့ရှိ ရဲစခန်းတစ်ခု၌ ကျယ်လောင်သော ပေါက်ကွဲသံများ ထွက်ပေါ်လာခဲ့ပြီး ရဲအရာရှိများနှင့် အကြမ်းဖက်သမားများ အပြန်အလှန်သေနတ်ပစ်ခတ်ခဲ့ကြသည်။ ရဲအရာရှိနှစ်ဦး အနည်းဆုံးသေဆုံးခဲ့ပြီး ပုံးဖောက်ခွဲသူ အကြမ်းဖက်သမားနှစ်ဦးလည်း သေဆုံးခဲ့သည်။ အရပ်သားအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားပြီးနောက် လုံခြုံရေးရဲအရာရှိများက မြို့တော်ကဘူးရှိ လူနေအိမ်တိုက်ခန်းများတွင် အကြမ်းဖက်သမားများနှင့် ပတ်သက်ဆက်နွှယ်သည့် အပေါင်းအပါများအား လိုက်လံရှာဖွေခဲ့သည်။

မြို့တော် ကဘူးတွင် ဖေဖော်ဝါရီနှင့် မတ်လများအတွင်း အကြမ်းဖက်မှုများ ငြိမ်သက်ခဲ့သော်လည်း မကြာသေးမီကာလကစပြီး အိုင်အက်စ်စစ်သွေးကြွအဖွဲ့က အကြမ်းဖက်မှုများ စတင်လုပ်ဆောင်လာခဲ့သည်။ ယခုအကြမ်းဖက်မှုကို အိုင်အက်စ်စစ်သွေးကြွများက ကျူးလွန်ခဲ့သည်ဟု ရဲဌာနပြောရေးဆိုခွင့်ရှိသူ ဟက်ရှ်မာတူလာရှ အီစတန်နာဇိုင်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ဒမတ်စကတ်မြို့အနီးရှိ လက်နက်တိုက် တိုက်ခိုက်ခံရမှုကြောင့် အီရန်ရှစ်ဦး သေဆုံး

**ဒမတ်စကတ် မေ ၉**
ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ ဆင်ခြေဖုံးဒေသ၌ အစ္စရေး၏ တိုက်ခိုက်မှုအဖြစ် သံသယရှိရသော တိုက်ခိုက်မှုတစ်ရပ်ကြောင့် အီရန်လူမျိုးရှစ်ဦး အပါအဝင် ဆီးရီးယားအစိုးရအားလိုလားသော နိုင်ငံခြားသား တိုက်ခိုက်ရေးသမား ၁၅ ဦး သေဆုံးရကြောင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့အား ကိုးကားလျက် အေအက်ဖ်ပီသတင်းဌာနက မေ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ဒမတ်စကတ်မြို့တောင်ဘက် ကစ်စဝီဒေသ၌ တည်ရှိသော လက်နက်သိုလှောင်ရုံ တစ်ရုံ တိုက်ခိုက်ခံခဲ့ရသည်။ အီရန်လက်ရွေးစင် တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ လက်နက်သိုလှောင်ရုံဖြစ်သည်ဟု တာဝန်ရှိသူတို့က ပြောကြားကြသည်။

ဒမတ်စကတ်မြို့အနီးရှိ လက်နက်သိုလှောင်ရုံကို အစ္စရေးက ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင် ဆာနားသတင်းဌာနက မေ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆီးရီးယားအစိုးရအဖွဲ့အား လိုလားသော နိုင်ငံခြားသားတိုက်ခိုက်ရေးသမား ၁၅ ဦး သေဆုံးခဲ့ရပြီး အီရန် ရှစ်ဦး ပါဝင်ကြောင်း၊ ယင်းတိုက်ခိုက်မှုသည် အစ္စရေး၏ လက်ချက်အဖြစ် ယူဆရကြောင်း ဗြိတိန်နိုင်ငံအခြေစိုက် ဆီးရီးယား လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

ကစ်စဝီဒေသဘက်သို့ ပစ်မှတ်ထားကာ ပစ်ခတ်လာသည့် အစ္စရေးဒုံးကျည်နှစ်စင်းကို ဆီးရီးယားတပ်မတော်က ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း ဆာနားသတင်းဌာနက သတင်းထုတ်ပြန်သည်။ ထိုစဉ်အတွင်း လက်နက်သိုလှောင်ရုံ ပေါက်ကွဲမီးလောင်နေပုံကို နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

အစ္စရေး၏ ကျူးကျော်တိုက်ခိုက်မှုဟု ယူဆရသော တိုက်ခိုက်မှုကြောင့် လက်နက်သိုလှောင်ရုံ ပေါက်ကွဲခဲ့ပြီး ယင်းပေါက်ကွဲမှုကြောင့် မြို့တော်ဒမတ်စကတ်နှင့် နိုင်ငံတောင်ပိုင်း ဒါရာမြို့အကြား ဆက်သွယ်ထားသော အဝေးပြေးလမ်းတစ်လမ်းပေါ်တွင် အရပ်သား နှစ်ဦး သေဆုံးခဲ့ရကြောင်း ဆာနားသတင်းဌာနက ထုတ်ပြန်သော သတင်းတွင်ဖော်ပြသည်။

**အေအက်ဖ်ပီ**



# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးအား တွေ့ဆုံ

## ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှတစ်ဆင့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် မေ ၉**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Mr. Zhao Kezhi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံစဉ် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှတစ်ဆင့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး၊ နယ်စပ်ဒေသများလုံခြုံရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအတွက် လိုအပ်သည့် ရဲအသုံးအဆောင်ပစ္စည်းကိရိယာများ ကူညီထောက်ပံ့ပေးရေး၊ ရဲကွပ်ကဲမှုဗဟိုဌာနတည်ထောင်နိုင်ရေး၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့် ကျောက်ဖြူစီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်လည်း တက်ရောက်သည်။

**သတင်းစဉ်**

# နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား၊ ရဲတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး




**နေပြည်တော် မေ ၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Zhao Kezhi အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသိဒ္ဓိ ဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ အပြန်အလှန် သတင်းအချက်အလက်ဖလှယ်ရေးကဏ္ဍများတွင် အောက်ခြေအဆင့်အထိ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား၊ ရဲတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုအခြေအနေများ၊ ရခိုင်ပြည်နယ် မောင်တောဒေသဖြစ်စဉ်များနှင့်ပတ်သက်၍ အခြေအနေအမှန်အတိုင်း တရုတ်နိုင်ငံက ရပ်တည်ထောက်ခံပေးမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး၊ ထွက်ပြိုင်ပွဲ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုမှ ပံ့ပိုးငွေ လှူဒါန်း

**ရန်ကုန် မေ ၉**

၂၀၁၈ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး၊ ထွက်ပြိုင်ပွဲအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုမှ ပံ့ပိုးငွေ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပရာ တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက အဖွင့်အမှာစကားပြောကြားပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုမှ ပံ့ပိုးလှူဒါန်းသည့် ငွေကျပ်သိန်း ၃၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ **သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်**

# အာဆီယံထူးချွန် အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်ဆုယူရန် မြန်မာအမျိုးသမီးကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မေ ၉**

ASEAN Women Entrepreneurs Network (AWEN) မှ ပေးအပ်သည့် ASEAN Outstanding Women Entrepreneurs Award ဆု ရယူရန် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ ဦးဆောင်သော ဆုရရှိသူ စီးပွားရေးလုပ်ငန်း နယ်ပယ်အသီးသီးမှ ထူးချွန်အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင် ၁၀ ဦး ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီက ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Department of Social Development and Welfare's Building တွင် မေ ၁၀ ရက်နှင့် ၁၁ ရက်တို့၌ ကျင်းပမည့် ASEAN Women Entrepreneurs Network (AWEN) နှစ်ပတ်လည် အစည်းအဝေးနှင့် အာဆီယံထူးချွန် အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုလက်ခံရယူကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



❖ **ရှေ့ဖုံးမှ**

ယခုအခါ မုတ်သုံကာလ နီးကပ်လာသည်နှင့်အမျှ မြန်မာနိုင်ငံအနေဖြင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား ဆောလျင်စွာ စတင်နိုင်ရန် ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် နှစ်နိုင်ငံ သဘောတူညီချက်နှင့်အညီ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ပေးရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံအား မြန်မာနိုင်ငံက တိုက်တွန်းပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား မိမိဆန္ဒအလျောက် ဘေးကင်းစွာနှင့် ဂုဏ်သိက္ခာရှိစွာ နေရပ်ပြန်လာနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အဆင်သင့်ရှိကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၈ ခုနှစ်၊ မေလ ၉ ရက်။**

# ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းပုံစံသစ်အတွက် ရှင်းလင်းတင်ပြချက်

မျက်မှောက်ကာလ ပညာခေတ်တွင် ပညာရည်တိုးတက်မြင့်မားရေးအတွက် အရည်အသွေးမြင့်မားသော သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာအဆင့်မီရေးဆွဲရန် လိုအပ်ပါသည်။ ထို့ပြင် သင်ရိုးညွှန်းတမ်းများ အရည်အသွေးပြည့်မီသည့်တိုင် သင်ယူတတ်မြောက်မှုအကဲဖြတ်စနစ်များကောင်းမွန်မှန်ကန်မှသာ အာမခံချက်ရှိသော ပညာရေးစနစ်ကို ထူထောင်နိုင်ပြီး ပညာရည်ပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာမည် ဖြစ်ပါသည်။ အရည်အသွေးမြင့်မားပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်သော ဘောဂဗေဒပညာရှင်များ၊ စီးပွားရေးပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရန် အခြေခံပညာအထက်တန်းအဆင့်တွင် ဘောဂဗေဒအခြေခံသဘောတရားများကို ပိုမိုနားလည်သဘောပေါက်စေရန်၊ ပိုမိုလေ့လာနိုင်လာစေရန် လိုအပ်ပါသည်။

အခြေခံပညာအထက်တန်းအဆင့်တွင် ဘောဂဗေဒဘာသာရပ်ကို နဝမတန်းနှင့် ဒသမတန်းတို့တွင် သင်ကြားပို့ချလျက်ရှိသည်။ နဝမတန်း ပြဋ္ဌာန်းစာအုပ်တွင် ဘောဂဗေဒဘာသာရပ်၏ အခြေခံများ၊ ဘောဂဗေဒအသုံးအနှုန်းများနှင့် စီးပွားရေးလုပ်ဆောင်ချက်များစသည်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးအဆောက်အအုံပုံစံကို စီးပွားရေးကဏ္ဍအလိုက်လည်းကောင်း ထည့်သွင်းရေးသားပြုစုထားပါသည်။ ဒသမတန်း ပြဋ္ဌာန်းစာအုပ်တွင် ဘောဂဗေဒဘာသာရပ်၏ အခြေခံသဘောတရားများကို မိုက်ခရိုဘောဂဗေဒ၊ မက်ခရိုဘောဂဗေဒ၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်း၊ ပြည်သူ့ဘဏ္ဍာရေး၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး စသည့် ဘောဂဗေဒဘာသာရပ်ခွဲများ၏ အခြေခံသဘောတရားများ၊ သီအိုရီအခြေခံများကို အခန်း(၆)ခန်း ရေးသားပြုစုထားသည်။

ထို့ကြောင့် ပြဋ္ဌာန်းစာအုပ်ပါ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို ခြုံငုံသုံးသပ်ရပါက တက္ကသိုလ်ဝင်အဆင့် ဘောဂဗေဒဘာသာရပ်ကို သင်ယူကြမည့် ကျောင်းသား ကျောင်းသူများအတွက် အခြေခံအုတ်မြစ်ချနိုင်သည့် အခြေခံသင်ရိုး (Foundation course)ဖြစ်ပြီး လေ့လာသူ ကျောင်းသား ကျောင်းသူများကို သိသင့်သိထိုက်သည်များ ပြည့်စုံစွာပါဝင်ကာ နိုင်ငံတကာအဆင့်မီ ရေးသားထားကြောင်း လေ့လာတွေ့ရှိရသည်။

ဘောဂဗေဒဘာသာရပ် ပြဋ္ဌာန်းစာအုပ်သည် ဘောဂဗေဒဘာသာရပ်၏ အခြေခံသဘောတရားများကို ခြုံငုံမိစေပြီး အာမခံချက်ရှိသော ပညာရပ်ကို အခြေခံတည်ဆောက်ပေးနိုင်သော်လည်း သင်ယူတတ်မြောက်မှု အကဲဖြတ်သည့် စာမေးပွဲစနစ်ကို လေ့လာသုံးသပ်ပါက အလွတ်ကျက်ဖြေဆိုမှု များလွန်းနေခြင်း၊ မေးခွန်းတွင် မေးထားသော မေးခွန်းပုဒ်ရေ များလွန်းနေခြင်းကြောင့် ဖြေဆိုသူများက ဖြေဆိုရန်အတွက် ပြဋ္ဌာန်းစာအုပ်ကို အားလုံးခြုံငုံမိအောင် မလေ့လာတော့ဘဲ အချို့သော သင်ခန်းစာအခန်းများကို ချန်ထားခြင်းများ တွေ့ရှိရသဖြင့် ပြောင်းလဲပြင်ဆင်နိုင်ရန် မေးခွန်းလွှာပုံစံအသစ်ကို ပြင်ဆင်ပြုစုရခြင်း ဖြစ်ပါသည်။

ထိုသို့ပြင်ဆင်ရာတွင် မေးခွန်းအားလုံးကို ပြင်ဆင်ခြင်းမဟုတ်ဘဲ အနည်းငယ်သာပြင်ဆင်ခြင်း ဖြစ်ပါသည်။ ယခင်ကအတိုင်း အလွတ်ကျက်ဖြေဆိုရသော မေးခွန်းများပါဝင်သကဲ့သို့ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားတွေးခေါ်ဖြေဆိုရသော မေးခွန်းများလည်း ပါဝင်မည်ဖြစ်ပါသည်။ ယခင်မေးခွန်းတွင် ရွေးချယ်ရန် ပုဒ်ရေများပြားသဖြင့် သင်ရိုးကုန်လေ့လာမှု အားနည်းခြင်းကိုလည်း လျော့နည်းသွားစေရန် မေးခွန်းပုဒ်ရေကို အနည်းငယ်လျှော့ချမည်ဖြစ်ပါသည်။

ယခင် ဘောဂဗေဒမေးခွန်းတွင် အပိုင်း(က)နှင့် အပိုင်း(ခ) ဟူ၍ နှစ်ပိုင်းခွဲကာ အပိုင်း(က)တွင် အမှတ် ၄၀ ဖိုး မဖြေမနေရ မေးခွန်း နှစ်ပုဒ်ပါဝင်ပြီး အပိုင်း(ခ)တွင် ၂၀ မှတ်တန် မေးခွန်း လေးပုဒ်မှ နှစ်သက်ရာ သုံးပုဒ်ဖြေဆိုရန် မေးခွန်းများ ပါဝင်ပါသည်။ ၂၀ မှတ်တန် မေးခွန်းတွင်လည်း ထပ်မံ၍ရွေးချယ်ရန် ပေးထားပါသဖြင့် မေးခွန်းပုဒ်ရေ များစွာထဲကမှ နှစ်သက်ရာကို ဖြေဆိုစေသောကြောင့် ဖြေဆိုသူများက သင်ရိုးကုန်လေ့လာခြင်းမပြုတော့ဘဲ ရွေးချယ်ကျက်မှတ်လာကြသည်ကို တွေ့ရှိရပါသည်။

ယခင်မေးခွန်းတွင် ရွေးချယ်ဖြေဆိုနိုင်ရန် ပေးထားသည့် ပုဒ်ရေများနေသည့်အတွက် ဖြေဆိုသူများအနေဖြင့် ပြဋ္ဌာန်းစာအုပ်၏တစ်ဝက် (သို့) သုံးပုံနှစ်ပုံခန့်ကိုသာ လေ့လာရုံမျှဖြင့် အောင်မှတ်ရနိုင်သည့်အပြင် ဂုဏ်ထူးရနိုင်သည်အထိပင် ဖြေဆိုနိုင်ကြသော်လည်း ဘောဂဗေဒအခြေခံအားလုံးကို နားလည်သဘောပေါက်နိုင်ခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ ဘာသာရပ်သင်ခန်းစာအနေဖြင့် အခြေခံသဘောတရားများကို ထိထိမိမိကွင်းဆက်ကျကျ ရေးသားပြုစုထားသော်လည်း ပေးလိုသည့်ဗဟုသုတများကို အပြည့်အဝရရှိခြင်း မရှိသည်ကို တွေ့ရှိလာပါသည်။

ယခုပြင်ဆင်သည့် မေးခွန်းတွင် အပိုင်းမခွဲတော့ဘဲ မေးခွန်း ငါးပုဒ်ပါဝင်ပြီး မေးခွန်းအားလုံးကို ဖြေဆိုရမည်ဖြစ်ပါသည်။ မေးခွန်းတစ်ပုဒ်ချင်းစီတွင်မှ ရွေးချယ်ရန် ပေးသွားမည်ဖြစ်ပြီး ဆက်လက်၍ မေးခွန်းတစ်ပုဒ်ချင်းစီကို ရှင်းပြသွားပါမည်။

မေးခွန်းနံပါတ် ၁(က)တွင် မှား(သို့)မှန် ဖြေဆိုရန် မေးခွန်းကို ယခင်က ၁၀ ခုမေးထားပြီး တစ်ခုလျှင် တစ်မှတ်နှင့် ၁၀ မှတ်ဖြစ်ပါသည်။ ယခု အသစ်ပြင်ဆင်ရာတွင် ငါးခုမေးထားပြီး တစ်ခုလျှင် တစ်မှတ်နှင့် ငါးမှတ်ဖြစ်ပါသည်။ မေးခွန်း နံပါတ် ၁ (ခ)တွင် ဖော်ပြချက်တစ်ခုချင်းစီ၌ အဖြေ သုံးခုထဲမှ အဖြေမှန် တစ်ခုကို ရွေးချယ်ရမည့် မေးခွန်းကို ယခင်က ငါးခုမေးထားပြီး တစ်ခုလျှင် တစ်မှတ်နှင့် ငါးမှတ်ကို အပြောင်းအလဲမလုပ်ဘဲ ယခင်အတိုင်း ဆက်လက်ထားရှိပါသည်။ မေးခွန်းနံပါတ် ၁ (ဂ)တွင် ကွက်လပ်ဖြည့်ရန်မေးခွန်းကို ယခင်က ငါးခုမေးထားပြီး တစ်ခုလျှင် တစ်မှတ်နှင့် ငါးမှတ်ဖြစ်ပါသည်။ ယခုအသစ်ပြင်ဆင်ရာတွင် ၁၀ ခုမေးထားပြီး တစ်ခုလျှင် တစ်မှတ်နှင့် ၁၀ မှတ်ဖြစ်ပါသည်။ စဉ်းစားတွေးခေါ်ပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် ဖြည့်စွက်စေရန်ရည်ရွယ်ပြီး ပြောင်းလဲလိုက်ခြင်းဖြစ်ပါသည်။

မေးခွန်းနံပါတ် ၂ အဓိပ္ပာယ်ဖွင့်ဆိုချက် မေးခွန်းတွင် ယခင်က ၁၈ ခုပေးထားပြီး ၁၀ ခုဖြေဆိုစေရာမှ ယခုအခါ ၁၂ ခုသာပေးထားပြီး ၁၀ ခုကို ဖြေဆိုရန် ပြောင်းလဲထားပါသည်။ တစ်ခုလျှင် နှစ်မှတ်နှုန်းဖြင့် ၁၀ ခုအတွက် ရရှိမည့် အမှတ်မှာ ၂၀ မှတ်ဖြစ်ပါသည်။ မေးခွန်းတွင် ပေးထားမှုများနေခြင်းက သင်ခန်းစာအချို့ကို ချန်ထားခဲ့ခြင်းကြောင့် ကျောင်းသားများ၏ နားလည်တတ်ကျွမ်းမှုကို လျော့နည်းစေသဖြင့် ရွေးချယ်ရန်နယ်ပယ်ကို လျှော့ချခြင်းဖြင့် သင်ယူတတ်မြောက်မှု ပိုမိုလာစေရန် ရည်ရွယ်ပါသည်။

ယခင်မေးခွန်းပုံစံအဟောင်းတွင် အပိုင်း(ခ)၌ မေးခွန်း လေးပုဒ်ပေးထားပြီး နှစ်သက်ရာ သုံးပုဒ်ကို ဖြေဆိုရပါသည်။ မေးခွန်းနံပါတ် ၃၊ ၄ နှင့် ၅ ကို အမှတ် ၂၀ တန် မေးခွန်းရှည် တစ်ပုဒ်နှင့် ၁၀ မှတ်တန် မှတ်စုတို လေးခုကို သို့မဟုတ်ခံ၍ ပုံစံတူမေးထားပါသည်။ ဖြေဆိုသူက အမှတ် ၂၀ တန် မေးခွန်းရှည် သို့မဟုတ် ၁၀ မှတ်တန်မှတ်စုတို နှစ်ခုကို နှစ်သက်ရာဖြေဆိုရပါသည်။ မေးခွန်းနံပါတ် ၆ တွင် တွက်ချက်မှုနှင့် ဉာဏ်စမ်းမေးခွန်းကို ၁၀ မှတ်တန် သုံးပုဒ်မှ နှစ်ပုဒ်ကို ဖြေဆိုရပါသည်။

ယခုပုံစံသစ်တွင် အပိုင်းမခွဲတော့ဘဲ ဆက်တိုက် ငါးပုဒ်ကိုသာ မေးမည်ဖြစ်ပါသည်။ မေးခွန်းနံပါတ် ၃ တွင် ၁၀ မှတ်တန် မှတ်စုတို လေးခုပေးထားပြီး နှစ်သက်ရာ နှစ်ပုဒ်ကို ဖြေဆိုရပါမည်။ ယခင်က အမှတ် ၂၀ မှတ်အတွက် ရွေးချယ်ရန် အမှတ် ၆၀ ဖိုး ပေးထားသော်လည်း ယခုအခါ ၄၀ ဖိုးသာ ပေးထားမည်ဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သော သင်ခန်းစာ အခန်း(၆)ခန်းစလုံးမှ နှစ်စဉ်မေးနေကျ မှတ်စုတိုများအတိုင်း လေးပုဒ်ကို ပေးထားမည်ဖြစ်ပါသည်။ ဖြေဆိုသူက နှစ်သက်ရာ နှစ်ပုဒ်ကို ဖြေဆိုရမည်ဖြစ်ပြီး ရရှိမည့်အမှတ်မှာ ၂၀ မှတ် ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၄ တွင် အမှတ် ၂၀ တန်မေးခွန်းရှည် နှစ်ပုဒ်ကို သို့မဟုတ်ခံကာ မေးထားပြီး နှစ်သက်ရာ တစ်ပုဒ်ကို ဖြေဆိုရပါမည်။ ယခင်မေးခွန်းတွင် မေးခွန်းနံပါတ် တစ်ခုထဲတွင် ၂၀ မှတ်တန်မေးခွန်းရှည်နှင့် ၁၀ မှတ်တန်မှတ်စုတိုကို ရောမေးထားသော်လည်း ယခုပြင်ဆင်သည့်မေးခွန်းတွင် မေးခွန်းရှည်နှင့် မှတ်စုတိုကို သီးခြား တစ်ပုဒ်စီခွဲလိုက်ပါသည်။ မေးခွန်းနံပါတ် ၃ တွင် ၁၀ မှတ်တန်မှတ်စုတိုကိုမေးထားပြီး မေးခွန်းနံပါတ် ၄ တွင် အမှတ် ၂၀ တန်မေးခွန်းရှည်ကို မေးမြန်းသွားမည်ဖြစ်ပါသည်။ ထို့ကြောင့် ဖြေဆိုသူများ သတိပြုရန်မှာ ယခင်က ၁၀ မှတ်တန် မှတ်စုတိုကိုသာ လေ့လာကျက်မှတ်ခြင်းဖြင့် အလွတ်ကျက်ဖြေဆိုရသည့် မေးခွန်းများကို ဖြေဆိုနိုင်မည်ဖြစ်သော်လည်း ယခုမေးခွန်းတွင် မေးခွန်းနံပါတ် ၄ ကို ဖြေဆိုနိုင်ရန်အတွက် အမှတ် ၂၀ တန်မေးခွန်းရှည်ကို လေ့လာကျက်မှတ်ရန် လိုလာပါသည်။

မေးခွန်းနံပါတ် ၅ တွင် ယခင်က မေးခွန်းနံပါတ် ၆ တွက်ချက်မှုနှင့် ဉာဏ်စမ်းမေးခွန်းကို ယခင်အတိုင်း မပြောင်းလဲဘဲ ၁၀ မှတ်တန် သုံးပုဒ်မှ နှစ်ပုဒ်ကို ဖြေဆိုရရန်မေးထားမည် ဖြစ်ပါသည်။ မေးခွန်းပုံစံ မပြောင်းသော်လည်း ဤမေးခွန်းသည် တွက်ချက်မှုနှင့် ဉာဏ်စမ်းမေးခွန်းဖြစ်သဖြင့် ဖြေဆိုသူက မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားတွေးခေါ်၊ တွက်ချက်သုံးသပ်ဖြေဆိုရမည် ဖြစ်ပါသည်။ ယခင်က အပိုင်း(ခ)တွင် လေးပုဒ်ထဲမှ သုံးပုဒ်ကို ဖြေဆိုရသဖြင့် ယင်းမေးခွန်းကိုရှောင်၍ ဖြေဆိုနိုင်သော်လည်း ယခုမေးခွန်းပုံစံသစ်တွင် မဖြစ်မနေ ဖြေဆိုရမည့် မေးခွန်း ဖြစ်လာပါသည်။

မေးခွန်းပုံစံပြောင်းလဲရခြင်း၏ ရည်ရွယ်ချက်မှာ အလွတ်ကျက်ဖြေဆိုမှုမှ ကိုယ်တိုင်စဉ်းစားတွေးခေါ်ဖြေဆိုနိုင်သည့် မေးခွန်းမျိုးပြောင်းလဲခြင်းဖြစ်ရာ မေးခွန်းနံပါတ် ၆ ကို ဖြေဆိုနိုင်ရန် ဖြေဆိုသူများအနေဖြင့် သင်ခန်းစာများကို ကျေညက်အောင် လေ့လာထားမှုသာ စဉ်းစားတွေးခေါ်နိုင်ပြီး အခက်အခဲမရှိ ဖြေဆိုနိုင်ကြမည် ဖြစ်ပါသည်။

မေးခွန်းပုံစံသစ်ဟုဆိုသော်လည်း လုံးဝပုံစံပြောင်းလဲခြင်းမဟုတ်ဘဲ သင်ယူလေ့လာမှု ပိုမိုအားကောင်းလာစေရန်၊ ကျောင်းသား ကျောင်းသူများ၏ လေ့လာမှုနယ်ပယ် ပိုမိုကျယ်ပြန့်လာခြင်းကြောင့် ဘောဂဗေဒအခြေခံသဘောတရားများကို ပိုမိုကျယ်ပြန့်စွာ တတ်ကျွမ်းလာစေရန် ရည်ရွယ်ပြီး ပေးထားချက်လျှော့ချခြင်းကိုသာ ဦးစားပေးပြင်ဆင်ထားပါသည်။ ပေးထားချက်ကို လျှော့ချရာတွင်လည်း ပြဋ္ဌာန်းစာအုပ်ပါ သင်ရိုးကို မျှတစွာ ခြုံငုံပါဝင်သော မေးခွန်းဖြစ်စေရန် ညှိနှိုင်းမေးသွားမည်ဖြစ်ပါသည်။ သင်ခန်းစာအခန်းအချို့ကို ဖောင်းပေး၍ များများထည့်မေးခြင်းမျိုး၊ အချို့အခန်းများကို လုံးဝထည့်မမေးခြင်းမျိုး ပြုမည်မဟုတ်ကြောင်းကိုလည်း အသိပေးလိုပါသည်။ မေးခွန်းနားမလည်လောက်အောင်၊ မေးနေကျပုံစံနှင့် လုံးဝကွဲလွဲသွားအောင် ပြင်ဆင်ထားခြင်းမဟုတ်ကြောင်းကို သိရှိနားလည်စေရန် ဤဆောင်းပါးကို ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

မေးခွန်းအသစ်ပြင်ဆင်ခြင်းဖြင့် စာဖြေသူများ၏ လေ့လာမှုပိုမိုကျယ်ပြန့်လာပြီး ဘောဂဗေဒဘာသာရပ်၏ အခြေခံသဘောတရားများကို ပိုမိုနားလည်တတ်ကျွမ်းလာနိုင်သည့်အပြင် အလွတ်ကျက်မှတ်ဖြေဆိုသည့် မေးခွန်းများသာမက ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဖြေဆိုရခြင်း၊ တွက်ချက်သုံးသပ်ဖြေဆိုရခြင်းတို့ကြောင့် ဖြေဆိုသူများ၏ ဉာဏ်ရည် ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ ဘာသာရပ်အခြေခံ တတ်ကျွမ်းမှုပိုမိုလာခြင်းကြောင့် တက္ကသိုလ်တွင် အဆင့်မြင့်ပညာများ ပိုမိုလွယ်ကူစွာ သင်ယူနိုင်ခြင်း၊ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပါဝင်ပံ့ပိုးပေးနိုင်သော စီးပွားရေးပညာရှင်များ ပေါ်ထွက်လာနိုင်ခြင်း စသည့် အကျိုးရလဒ်များ ရရှိလာမည်ဖြစ်ပါသည်။

ထို့ကြောင့် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို စီးပွားရေးနှင့်ပတ်သက်သော အခြေခံဘောဂဗေဒ အသိပညာများ၊ အခြေခံသဘောတရားများကို ပိုမိုထိရောက်စွာ နားလည်သဘောပေါက်ပြီး ပြဋ္ဌာန်းစာအုပ်ကို အပြည့်အဝလေ့လာနိုင်ကြစေရန်နှင့် တတ်ကျွမ်းမှုစိစစ်အကဲဖြတ်ရာတွင် အရည်အသွေးကောင်းမွန်စေရန်ရည်ရွယ်၍ မေးခွန်းပုံစံသစ်ကို ပြောင်းလဲပြင်ဆင်ပါကြောင်း တင်ပြလိုက်ပါသည်။

(နမူနာမေးခွန်းပုံစံကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော <u>www.moe.gov.mm</u> တွင် မေ ၁၀ ရက်မှစ၍ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။)

**ယခင်မေးခွန်းနှင့် ၂၀၁၉ ခုနှစ်တွင်အသစ်ပြင်ဆင်မည့်မေးခွန်းအားနှိုင်းယှဉ်ဖော်ပြချက်**

| စဉ် | ယခင်မေးခွန်း | | အသစ်ပြင်ဆင်သောမေးခွန်း | |
|---|---|---|---|---|
| ၁။ | အပိုင်း(က)တွင်(၂၀)မှတ်တန်(၂)ပုဒ်နှင့်အပိုင်း(ခ)တွင်မေးခွန်း(၄)ပုဒ် မေးထားပြီးနှစ်သက်ရာ(၃)ပုဒ်၊ စုစုပေါင်း (၅)ပုဒ်ဖြေဆိုရန် | | အပိုင်းမခွဲတော့ပဲ(၂၀)မှတ်တန် မေးခွန်း (၅) ပုဒ်မေးထားပြီး မေးခွန်း အားလုံးကို ဖြေဆိုရန် | |
| | အကြောင်းအရာ | ရမှတ် | အကြောင်းအရာ | ရမှတ် |
| ၂။ | မေးခွန်းနံပါတ် ၁။ (က) မှား/မှန်ဖြေဆိုရန် (၁x၁၀) | ၁၀ | မေးခွန်းနံပါတ် ၁။ (က) မှား/မှန်ဖြေဆိုရန် (၁x၅) | ၅ |
| ၃။ | မေးခွန်းနံပါတ် ၁။ (ခ) အဖြေမှန်ရွေးရန် (၁x၅) | ၅ | မေးခွန်းနံပါတ် ၁။ (ခ) အဖြေမှန်ရွေးရန် (ယခင်အတိုင်း မပြောင်းပါ) (၁x၅) | ၅ |
| ၄။ | မေးခွန်းနံပါတ် ၁။ (ဂ) ကွက်လပ်ဖြည့်စွက်ရန် (၁x၅) | ၅ | မေးခွန်းနံပါတ် ၁။ (ဂ) ကွက်လပ်ဖြည့်စွက်ရန် (၁x၁၀) | ၁၀ |
| ၅။ | မေးခွန်းနံပါတ် ၂။ အဓိပ္ပာယ်ဖွင့်ဆိုချက် (၁၈ ခုမှ ၁၀ ခုဖြေဆိုရန်) (၂x၁၀) | ၂၀ | မေးခွန်းနံပါတ် ၂။ အဓိပ္ပာယ်ဖွင့်ဆိုချက် (၁၂ ခုမှ ၁၀ ခုဖြေဆိုရန်) (၂x၁၀) | ၂၀ |
| ၆။ | မေးခွန်းနံပါတ် ၃။ ၂၀ မှတ်တန် (၁)ပုဒ်နှင့် ၁၀ မှတ်တန် (၄) ပုဒ်ပေးထားချက်မှနှစ်သက်ရာ (၂၀)မှတ်ဖိုး ဖြေဆိုရန် | ၂၀ | မေးခွန်းနံပါတ် ၃။ ၁၀ မှတ်တန် မှတ်စုတို (၄) ပုဒ် ပေးထားချက်မှ နှစ်သက်ရာ (၂၀)မှတ်ဖိုး ဖြေဆိုရန် | ၂၀ |
| ၇။ | မေးခွန်းနံပါတ် ၄။ ၂၀ မှတ်တန် (၁)ပုဒ်နှင့် ၁၀ မှတ်တန် (၄) ပုဒ်ပေးထားချက်မှနှစ်သက်ရာ (၂၀)မှတ်ဖိုး ဖြေဆိုရန် | ၂၀ | မေးခွန်းနံပါတ် ၄။ ၂၀ မှတ်တန် မေးခွန်းရှည် (၂) ပုဒ် ပေးထားချက်မှ နှစ်သက်ရာ (၁) ပုဒ်ဖြေဆိုရန် | ၂၀ |
| ၈။ | မေးခွန်းနံပါတ် ၅။ ၂၀ မှတ်တန် (၁)ပုဒ်နှင့် ၁၀ မှတ်တန် (၄) ပုဒ်ပေးထားချက်မှနှစ်သက်ရာ (၂၀)မှတ်ဖိုး ဖြေဆိုရန် | ၂၀ | – | |
| ၉။ | မေးခွန်းနံပါတ် ၆။ တွက်ချက်ရန် (၁၀) မှတ်တန်ပုစ္ဆာ (၃) ပုဒ်မှ (၂) ပုဒ်ဖြေဆိုရန် | ၂၀ | မေးခွန်းနံပါတ် ၅။ တွက်ချက်ရန် (၁၀)မှတ်တန်ပုစ္ဆာ(၃) ပုဒ်မှ (၂) ပုဒ်ဖြေဆိုရန် (ယခင်အတိုင်းမပြောင်းပါ) | ၂၀ |

**ယနေ့ခေတ် ရန်ကုန်မြို့မှာ နေထိုင်လှုပ်ရှားနေကြတဲ့ လူတော်တော်များများက နယ်ပေါင်းစုံကနေ ဘဝရပ်တည်ရေးအတွက် လာရောက်လုပ်ကိုင်စားသောက်နေရခြင်းဖြစ်ပါတယ်။ တကယ်တော့ မြို့ရန်ကုန်ဟာ အတော့်ကို မွန်းကျပ်လှပါတယ်။ မလတ်ဆတ်တဲ့လေထု၊ ရာသီဥတုကလည်း ပူစပ်စပ်ရှိတဲ့အပြင် နေထိုင်ရတဲ့ စရိတ်စကကလည်း အတော်လေးပေးဆပ်ရပါတယ်။ နယ်ကနေတက်လာပြီး ရရာအလုပ်ကို အဆင်ပြေပြေ၊ မပြေပြေ လုပ်ကိုင်ကြရတာများပါတယ်။ အလုပ်တော်တော်များများကလည်း အဆက်အသွယ်ရှိရင် ရှိသလို၊ မရှိရင် မရှိသလို လုပ်ကိုင်ရတာမဟုတ်လား။ ကျွန်မတို့လည်း အပါအဝင်ပါပဲ။ စားသောက်ရတော့လည်း အခြေခံလူတန်းစားအများစုက ကြုံသလို ရောင့်ရဲ တင်းတိမ်ရတာလေ။**

# အခြေခံစားသုံးကုန်နှင့် ကျန်းမာရေး

ချယ်ရီသန်းထွန်း

ရန်ကုန်မှာရောင်းချနေတဲ့ လမ်းဘေးစားသောက်ဆိုင်တော်တော်များများက သန့်ရှင်းမှု တော်တော့်ကို အားနည်းပါတယ်။ အဓိကက စေတနာမပါကြဘူး။ မြန်မြန်ကုန်အောင် ရောင်းရဖို့၊ ပိုက်ဆံရဖို့ကိုပဲ ဦးတည်ကြတာ တွေ့ရတယ်။ ဒါကလည်း ကျွန်မတို့နိုင်ငံရဲ့ လက်ရှိ ရုန်းကန်နေရတဲ့ အခြေအနေတစ်ခုပဲလေ။

ကြုံတုန်း ကျွန်မ အရင်နေခဲ့ဖူးတဲ့ လှည်းတန်းဈေးထဲက လမ်းဘေးထမင်းဆိုင်တစ်ခုအကြောင်း ပြောချင်လာတယ်။ ကျွန်မနေတဲ့နေရာကနေ အောက်ကို လှမ်းကြည့်ရင် အဲဒီဆိုင်ကို တန်းမြင်နေရတယ်။ တစ်မနက် ကျွန်မကြည့်နေတုန်း ဆီဒယ်အိုးကြီးတစ်ခု တည်ထားတယ်။ ပြီးတော့ ခရမ်းချဉ်သီးတွေကို ခြင်းထဲကနေ ဒီအတိုင်းမှောက်ထည့်လိုက်တယ်။ အလုံးလိုက်နော် ရေဆေးတာမတွေ့ဘူး။ အသီးရဲ့ အညှာတွေ ဘာတွေ ဖယ်တာ မတွေ့ရဘူး။ ပြီးတော့ အဲဒီအတိုင်းထားခဲ့ပြီး အန်တီကြီးက ထထွက်သွားလေရဲ့။ ကျွန်မဆက်ကြည့်မိတယ်။ ဟယ် ဆီအိုးကြီး ဒီအတိုင်းထားခဲ့ပါတယ်။ အဖုံးလည်း မဖုံးဘူးလေ။

ခဏနေတော့ ယောကျ်ားကြီးတစ်ယောက်ရောက်လာပြီး ဘေးနားမှာရှိတဲ့ဓားနဲ့ စပြီးထိုးပါလေရော။ နောက်တော့ ကောင်မလေးတစ်ယောက် ထပ်ရောက်လာတယ်။ ငရုတ်သီးမှုန့်တွေနဲ့ အချိုမှုန့်တစ်ထုပ်ကို ထည့်လိုက်တယ်။ ခုနက ယောကျ်ားကြီးက ဓားနဲ့ ပြန်မွှေတယ်။ ပြီးသွားတော့ ဒယ်အိုးကို မှောက်ပြီး လင်ဗန်းတစ်ခုထဲကို သွန်ထည့်လိုက်တယ်။ ဒါပဲ။ ရောင်းလို့ရပြီလေ။ ဗန်းကလည်း အဖုံးမပါ ပက်လက်ပါပဲ။

ကျွန်မ တော်တော်လေး ကြောက်သွားတယ်။ စိတ်လည်းဆိုးတယ်။ စေတနာလေး နည်းနည်းလောက်ထည့်ပြီးတော့ သန့်သန့်ရှင်းရှင်းလေးလုပ်လို့ရလျက်နဲ့ ဖြစ်သလို လုပ်တယ်လို့ ခံစားရတယ်။ ဒီတော့ ကျွန်မတို့ အခြေခံလူတန်းစားတွေရဲ့ အစားအသောက်လုံခြုံရေးဆိုတာ ဘယ်မှာလဲ။ ကျွန်မသိသလောက် ဒီဆိုင်မှာ ညနေဘက် ရုံးဆင်းချိန်ဆို လူတော်တော်များများ ဝယ်စားနေကြတာပဲ။ အလုပ်က အပြန် လူက ပင်ပန်း၊ အချိန်က မရှိ၊ ဈေးသက်သာတဲ့ဆိုင် ဝင်တိုး၊ ကျွန်မတို့ လူမျိုးတွေ ရောဂါမဖြစ်ဘဲ ခံနိုင်ရိုးလား။

တစ်လောကပဲ မြန်မာနိုင်ငံ အလယ်ပိုင်းကထွက်တဲ့ ပဲဆီတွေမှာ ကင်ဆာဖြစ်စေတဲ့ ဓာတ်တွေပါနေတယ်ဆိုပြီးတော့ သတင်းတွေတက်လာတယ်။ ပါမှာပဲ။ ပဲက သန့်နေတောင် ပဲကြိတ်တဲ့စက်ရုံတွေ အများစုကလည်း သန့်ရှင်းမှုမရှိကြပါ။ ဆီချေးတွေနဲ့ ပြည့်နေတာ။ မယုံရင် ကိုယ့်နယ်မှာရှိတဲ့ ဆီကြိတ်စက်တွေကို သွားကြည့်ကြည့်ပါ။ ကျွန်မတို့နယ်ဘက်မှာ နေကြာပေါ်ချိန်ဆို ဆီသွားကြိတ်တော့ ဆီစက်ကို ကျွန်မကိုယ်တိုင် လိုက်သွားမိတယ်။ အမှန်က စောင့်မယ့်လူမရှိလို့ လိုက်ရတာပါ။ တော်တော့်ကို ညစ်ပတ်ပြီး စိတ်ပျက်ဖို့ ကောင်းခဲ့တာပါ။ ဆီစက်မှာ လုပ်နေရတဲ့ လုပ်သားတွေဆိုတာကလည်း တစ်နေ့လုပ်မှ တစ်နေ့စား၊ လက်လှုပ်မှ ပါးစပ်လှုပ် အခြေအနေတွေဆိုတော့ သူတို့အတွက် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုတာတောင် ဘာလဲပဲ။ သူတို့ဘဝကိုလည်း နားလည်တယ်။

မြန်မာပြည်မှာရှိတဲ့ နယ်မြို့တော်တော်များများရဲ့ အခြေအနေက သိပ်မကွာကြပါဘူး။ အားလုံးရဲ့ လုပ်ပုံကိုင်ပုံတွေက အကြမ်းဖျင်းတော့ တူကြမှာပဲလေ။ တကယ်တော့ ကျွန်မတို့စားနေတဲ့ အခြားသော ဆီတွေကကော ဘယ်ကနေ ဘယ်လိုဈေးကွက်ထဲ ဝင်လာကြတာလဲ။ ဘယ်လောက် အာမခံချက်ရှိပါသလဲ။ ကျန်တာတွေလည်း အများကြီးပါ။ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှမှာဆို ကင်ဆာအဆင့် နှစ်နော်။ ဖြစ်နိုင်တာပဲလေ။ ကျွန်မအဖေ အပါအဝင် အသိတော်တော်များများ ကင်ဆာနဲ့ ဆုံးကုန်ကြလေပြီ။ ကျွန်မတို့ကကော ဘာဖြစ်ကြဦးမလဲ။ ကျွန်မတို့နိုင်ငံမှာ ကင်ဆာနဲ့ပတ်သက်ပြီး သေသေချာချာလုပ်ထားတဲ့ သုသေတနမရှိသေးဘူး။ ကျွန်မတို့မှာ ကိုယ့်ကိုယ်ကိုယ် ပိုပြီး ကာကွယ်ဖို့ပဲ ရှိပါတော့တယ်။

လွန်ခဲ့တဲ့နှစ်လလောက်က ကြည့်မြင်တိုင်ရထားဘူတာဘက် ကျွန်မရောက်ဖြစ်တယ်။ ဘူတာနားက ရထားသံလမ်းဘေးမှာ ညဘက်ဆိုရင် အကြော်၊ အလှော်တွေ လုပ်နေတဲ့ အဖွဲ့တွေရှိတယ်။ နေ့တိုင်းနီးပါးပဲ ချဉ်ပေါင်ကြော်၊ ငါးနီတူကြော်၊ ပုစွန်ခြောက်ကြော် စသည်ဖြင့် ကြော်လှော်နေတာတွေ တွေ့ရတယ်။ စဉ်းစားကြည့်၊ အဲဒီနေရာမှာ ရေဆိုတာလည်း အကန့်အသတ်နဲ့ သုံးရတာ။ ဘေးနားမှာလည်း ခွေးတွေက အများကြီး။ မီးဆိုတာကလည်း လင်းထင်းနေတာမဟုတ်။ အုတ်တံတိုင်းလေးပဲ ခြားတဲ့ ဘေးနားမှာ အမှိုက်ပုံတွေ၊ အမှိုက်ကားတွေအပြင် အများသုံးအိမ်သာကလည်း ရှိနေပါသေးတယ်။

ဆိုလိုတာက ချက်ပြုတ်တဲ့နေရာနဲ့ ပတ်ဝန်းကျင်ရဲ့

> **“ နေရာတိုင်းမှာက သန့်ရှင်းမှုအသိတွေ လိုနေကြပြီ။ တချို့အပြုအမူ အခြေခံသဘောတရားတွေကတော့ ကျွန်မတို့အားလုံးရဲ့ အသိစိတ်နဲ့ပဲ ဆိုင်မယ် ထင်တယ်။ များသောအားဖြင့် ကျွန်မတို့လူမျိုးတွေက ကျန်းမာရေးဆိုင်ရာ အသိပညာအားနည်းကြတယ်။ အဲဒီတော့ ကိုယ်စားမယ့်အစားအသောက်ပေါ်မှာ လည်း သိပ်ဂရုမစိုက်ကြဘူး။ ဖြစ်သလိုပဲ လုပ်ကိုင်ကြတာများတယ်။ ”**

အနံ့အသက်က တော်တော်လေးဆိုးရွားလှပါတယ်။ ကျွန်မ မေးကြည့်မိတယ်။ အဒေါ်တို့ ဒီဟာတွေကို ကိုယ်တိုင်ဆိုင်မှာ ပြန်ရောင်းတာလားဆိုတော့ မဟုတ်ဘူး အော်ဒါမှာထားကြတာ။ စားသောက်ဆိုင်တော်တော်များများကိုလည်း ပို့ရတဲ့အပြင် အခြားနာမည်ကြီး ကုန်တိုက်တွေကိုလည်း ပို့ရတယ်တဲ့။ သူတို့ ပြောပြတာနော်။ သူတို့အနေနဲ့ကျတော့လည်း ဒီနားမှာလုပ်ရမှာပဲ။ စဉ်းစားကြည့်လေ။ အကြော်အလှော် အနံ့တွေနဲ့ ပတ်ဝန်းကျင်က ရှိသေးတယ်။ ဒါက တစ်ချက်။

နောက် ကျွန်မတို့ အသိတစ်ယောက်က ဈေးတစ်ခုမှာ ကုန်စိမ်းရောင်းတယ်။ ဟင်းသီးဟင်းရွက်အစုံပဲ။ သူတို့အိမ်ရောက်ရင် သတိထားမိတာက ရောင်းလို့ကျန်ခဲ့တဲ့ ဟင်းရွက်တွေကို ရေချိုးခန်းနားမှာ ဒီအတိုင်း ပစ်ချထားတာ။ မနက်ကျမှ ကောက်ပြီးစုထည့်သွားတာ။ အဲဒီအပေါ်ကိုလည်း လက်နှီးစုတ်တွေတောင် တင်လို့တင်။ ညစ်ပတ်နေတဲ့ လက်နှီးစုတ်တွေကို ရေဆွတ်ပြီး ဖြန့်အုပ်ထားသေးတယ်။ လူတွေ ဘာလို့ အဲဒီလောက် ကိုယ်တိုင်စားသောက်ရမယ့် အစားအစာကို စေတနာလေးထားပြီး နည်းနည်းလောက် ဂရုမစိုက်ချင်ရတာလဲ။ သူတို့လည်း နေတာထိုင်တာ အလွန်ညစ်ပတ်ကြတယ်။ ဘယ်လိုလုပ်ကြမလဲ။ နေရာတိုင်းမှာက သန့်ရှင်းမှုအသိတွေ လိုနေကြပြီ။ တချို့အပြုအမူ အခြေခံသဘောတရားတွေကတော့ ကျွန်မတို့အားလုံးရဲ့ အသိစိတ်နဲ့ပဲ ဆိုင်မယ်ထင်တယ်။ များသောအားဖြင့် ကျွန်မတို့လူမျိုးတွေက ကျန်းမာရေးဆိုင်ရာ အသိပညာ အားနည်းကြတယ်။ အဲဒီတော့ ကိုယ်စားမယ့်အစားအသောက်ပေါ်မှာလည်း သိပ်ဂရုမစိုက်ကြဘူး။ ဖြစ်သလိုပဲ လုပ်ကိုင်ကြတာများတယ်။

ရန်ကုန်မှာနေကြတဲ့ အခြေခံလူတန်းစား တော်တော်များများဟာ နယ်ကနေလာကြတဲ့လူတွေ များပါတယ်။ အလုပ်လုပ်တယ်၊ အဆောင်နေတယ်၊ အပြင်စာ စားတယ်။ အဆောင်တော်တော်များများက ဟင်းချက်လို့မရဘူး။ ရတောင် အချိန်မရှိလို့ မချက်နိုင်ကြဘူး။ အဲဒီတော့ အပြင်မှာပဲ ကိုယ့်အတိုင်းအထွာကြည့်ပြီး စားသောက်ကြရတာပဲ။ ကျွန်မတို့နေတဲ့ လှည်းတန်းတစ်ဝိုက်နားမှာရှိတဲ့ လမ်းဘေးစားသောက်ဆိုင်တွေမှာ ညဘက်ဆို ဆိုင်တိုင်းနီးပါး လူအပြည့်ပဲ။ သန့်သန့်၊ မသန့်သန့် လူတွေက စားသောက်ကြရတာပါပဲ။ လှည်းတန်းမှာက သင်တန်းစုံတယ်။ သွားရေးလာရေးလွယ်ကူတယ်။ အဆောင်တွေလည်း ပေါတယ်။ ရန်ကုန်တက္ကသိုလ်လည်းရှိတော့ လူငယ်လူလတ်ပိုင်း များတယ်လေ။ အလုပ်တစ်ဖက်နဲ့ဆိုတော့ အပြင်စာတွေပဲ အားကိုရတာများပါတယ်။ သန့်ရှင်းမှုရှိတဲ့ လမ်းဘေးဆိုင်ဆိုတာ အတော်လေးရှားပါတယ်။

ဒေါက်တာနန္ဒဝင်း(ဆေး-၁)ရဲ့ တန်ဖိုးသင့်အစားအစာဆိုပြီး sustainable social work တစ်ခု လုပ်ဆောင်နေတာလည်း ကြားမိပါတယ်။ ဆရာကနေ စလိုက်တာ အချို့နေရာတွေမှာတော့ တော်တော်လေး အလုပ်ဖြစ်ပါတယ်။ ဒါဟာ တကယ့်ကို ဖြည့်ဆည်းသင့်တဲ့ ကွက်လပ်တစ်ခုလို့ မြင်မိပါတယ်။ အထူးသဖြင့် နယ်ကနေ အလုပ်လာလုပ်ကြတဲ့ စက်မှုဇုန်လိုနေရာမျိုးတွေမှာ တော်တော်လေး လုပ်ပေးစေချင်ပါတယ်။ နယ်ဘက်ကနေ အလုပ်လာလုပ်နေကြတဲ့ အခြေခံအမျိုးသမီးတော်တော်များများဟာ လှိုင်သာယာ၊ ရွှေပြည်သာတို့လို မြို့စွန်တွေဘက်က အထည်ချုပ်စက်ရုံနဲ့ အခြားစက်ရုံ တော်တော်များများမှာ လုပ်ကိုင်နေကြရတာပါ။

တချို့အလုပ်ချိန်တွေကလည်း မနက် ၈ နာရီကနေ ည ၇ နာရီအထိ ဆင်းကြရပါတယ်။ အများစုက အပြင်စာကိုပဲ အားကိုးပြီး ဝယ်စားကြရတာပါ။ ကျွန်မသူငယ်ချင်းတချို့လည်း စက်ရုံတွေမှာ အလုပ်လုပ်နေကြတော့ ရုံးပိတ်ရက်တွေမှာ သူတို့စားနေကျဆိုင်တွေကို ကျွန်မလိုက်ကြည့်ဖြစ်တယ်။ ငွေကျပ် ၂၀၀ ဖိုး၊ ၃၀၀ ဖိုး စသည်ဖြင့် အမယ်မယ် ဝယ်စားနေကြတာဆိုတော့လေ။ စိတ်မကောင်းဖြစ်ရုံကလွဲလို့ ဘာမှ မကူညီနိုင်သေးပါ။ ကျွန်မတို့လူတွေ တစ်နေကုန် ပင်ပင်ပန်းပန်း လုပ်ကိုင်ကြရပြီး စားတော့လည်း အာဟာရတန်ဖိုး ပြည့်ပြည့်ဝဝမရရှိဘဲ ဖြစ်သလို ချက်ပြုတ်ထားတာတွေနဲ့ပဲ ရုန်းကန်နေကြရတယ်။

သန့်ရှင်းလတ်ဆတ်တဲ့ အခြေခံအစားအစာက အများကြီးလိုမယ်မထင်ပါ။ ချဉ်ပေါင်ကြော်၊ သီးစုံပဲကုလားဟင်း၊ အသားကြော်တစ်မျိုးမျိုး စသည်ဖြင့် လုပ်လို့ရပါတယ်။ အဲဒီလောက်ကိုပဲ ကျွန်မက အခြေခံလုပ်သားအများစု နေထိုင်အလုပ်လုပ်ကြတဲ့ နေရာတွေမှာ ရောင်းချပေးချင်ပါတယ်။ တကယ်တော့ အခုလို လုပ်ချင်တာ ကျွန်မအိပ်မက်ပါ။ ကိုယ့်ပတ်ဝန်းကျင်မှာ မြင်တွေ့ကြားသိနေရတာတွေကို တတ်နိုင်တဲ့ဘက်ကနေ အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးချင်ရုံပါ။ ကိုယ့်လိုပဲ အပြင်စာတွေကို အားထားနေရတဲ့ လူမျိုးတွေအတွက် ကိုယ်ချင်းစာပြီး ရောင်းချပေးချင်တာ တစ်ခုတည်းပါ။

အဲဒီအစီအစဉ်ကိုလည်း live လွှင့်ပေးမယ်။ ချက်ပြုတ်တဲ့နေရာ၊ အစားအစာ စီမံတဲ့နေရာ၊ သိုလှောင်တဲ့နေရာ၊ အသုံးပြုတဲ့ဆီ၊ အချိုမှုန့်ဆိုလည်း လုံးဝမသုံးဘူး။ တခြားသက်ဆိုင်တာတွေကိုလည်း မှတ်တမ်းလိုမျိုး ရိုက်ပြီး ပြပေးမယ်။ ဒါမှ တခြားလုပ်ဖြစ်တဲ့ လူတွေ ရှိလာရင်လည်း နောက်ကွယ်ကနေရာတွေကို သန့်သန့်ရှင်းရှင်းလေးလုပ်ပြီး ရဲရဲကြီး ချပြနိုင်အောင်လို့ပါ။ လုပ်နိုင်မယ်ဆိုရင် စားသုံးသူအတွက်ရော၊ ဆိုင်ရှင်အတွက်ပါ တကယ့်ကို အကျိုးအမြတ်ရှိတဲ့ လုပ်ငန်းတစ်ခုဖြစ်မှာပါ။ အဓိက ရည်ရွယ်ချက်ကတော့ စားသောက်တဲ့လူတွေအတွက် အတိုင်းအတာတစ်ခုအထိ လုံခြုံမှုဖြစ်သွားစေချင်တာပါ။

အခုဆိုရင် ဖေ့စ်ဘွတ်မှာလည်း အိမ်ဟင်း၊ အိမ်ထမင်းတွေမှာစားလို့ ရနေတာတွေ အများကြီးရှိနေပါပြီ။ အိမ်တိုင်ရာရောက်လိုက်ပို့တဲ့ အစီစဉ်တွေလည်း ရှိနေပါပြီ။ ဒါပေမယ့် အခြေခံလူတန်းစားတွေအနေနဲ့ကတော့ အလှမ်းကွာနေဆဲပါပဲ။ တော်တော်လေးကောင်းပြီး ဈေးလည်း အတိုင်းအတာတစ်ခုအထိ များနေပါသေးတယ်။ အဓိက ကျွန်မရည်ရွယ်တာက တစ်နေ့တာ ပင်ပန်းနွမ်းနယ်ပြီး လုပ်ကိုင်နေကြတဲ့ တစ်နေ့လုပ် တစ်နေ့စား ဆင်းရဲနွမ်းပါးသူတွေကို သူတို့အတွက် အာဟာရတန်ဖိုးပြည့်ပြည့်နဲ့ စားနိုင်ဖို့ပါ။ ကျွန်မအနေနဲ့ အများကြီးကျန်ဖို့၊ မြတ်ဖို့ မလိုပါဘူး။ ကျွန်မတို့နိုင်ငံသူ နိုင်ငံသားတွေအားလုံး တတ်နိုင်သမျှ ဘေးအန္တရာယ်ကင်းတဲ့၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအစာတွေကို ဈေးနှုန်းသင့်တင့်စွာ စားသောက်နိုင်ဖို့ကို ရည်ရွယ်ပါတယ်။

အထူးသဖြင့် ရန်ကုန်မြို့တော်လိုနေရာမျိုးမှာ နှစ်စဉ်နှစ်တိုင်း ကျင်းပတဲ့ လမ်းမတော်ပွဲဈေးလို၊ ရေကျော်ပွဲဈေးလို တကယ့်လူကြိတ်ကြိတ်တိုးစည်ကားတဲ့ ပွဲတော်တွေမှာ ရောင်းချတဲ့ စားသောက်ဆိုင်တွေတောင် စနစ်ကျပြီး သန့်ရှင်းသပ်ရပ်တဲ့ စီမံခန့်ခွဲမှုမျိုး အတော်တွေ့ရခဲ့ပါသေးတယ်။ လွန်ခဲ့တဲ့လေး၊ ငါးနှစ်ကအတိုင်းကိုပဲ ဆက်လက်ပြုမူနေဆဲပါ။ ပြောင်းလဲတာဆိုလို့ ရောင်စုံမီးပန်းတွေ၊ အပေါ်ယံဆန်တဲ့ အနည်းငယ်သော ပြောင်းလဲမှုတွေသာ မြင်တွေ့ရပါတယ်။ တကယ့်လက်တွေ့ကျတဲ့ သန့်ရှင်းသပ်ရပ်ပြီး အဆင့်အတန်းရှိတဲ့ စားသောက်တန်းတစ်ခုအဖြစ်တော့ မတွေ့ရသေးတာအမှန်ပါ။ ဒီလိုမျိုးပွဲဈေးတွေဆိုတာ မြန်မာနိုင်ငံအနှံ့အပြားမှာ ပွဲတော်ရာသီအလိုက် ရှိနေတဲ့အလေ့အထတစ်ခု ဖြစ်ပါတယ်။ သို့ပေမယ့် သန့်ရှင်းသပ်ရပ်မှုကတော့ အားလုံးအသိပါ။ ဒါကြောင့် အစားအသောက်နဲ့ပတ်သက်ပြီး သန့်ရှင်းတဲ့၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့၊ အာဟာရတန်ဖိုး သင့်တင့်မျှတစွာပါရှိတဲ့ အစားအစာတွေ ရရှိစားသောက်ဖို့က အမှန်ပင် အရေးကြီးလှပါတယ်။

ကျွန်မအနေနဲ့က ကိုယ်တိုင်လည်း ပြည်သူ့ကျန်းမာရေး (Public Health) အပိုင်းက လာတာမဟုတ်တဲ့အတွက် အကြမ်းဖျင်းပဲ ပြောနိုင်ပါတယ်။ ဒီကိစ္စတွေကို ကျန်းမာရေးဝန်ဆောင်မှုပေးနေတဲ့ အဖွဲ့အစည်းတွေ၊ ဌာနဆိုင်ရာတွေကနေ အသိပညာ ဗဟုသုတပေးတာမျိုးတွေ များများလုပ်ပေးစေချင်ပါတယ်။ အစိုးရ (သို့မဟုတ်) ကျန်းမာရေးဝန်ကြီးဌာနကနေ ဦးဆောင်ပြီး လမ်းဘေးစားသောက်ဆိုင်နဲ့ ပတ်သက်လို့ မူဝါဒချမှတ်တာ၊ လေ့လာစောင့်ကြည့်တာမျိုးတွေ လုပ်စေချင်ပါတယ်။ ရန်ကုန်မှာရှိတဲ့ ကမ်းနားလမ်းက ညဈေးတန်းတွေဆိုတာကလည်း သန့်ရှင်းမှုအားနည်းနေဆဲပါပဲ။

ဒါကြောင့် တချို့ကိစ္စတွေမှာ အစိုးရတာဝန်ရှိသူတွေ ကိုယ်တိုင်ပါဝင်ပြီး သေချာစနစ်တကျနဲ့ တင်းကျပ်သင့်တာတွေ လုပ်ဆောင်ရပါလိမ့်မယ်။ သူတို့ကိုယ်တိုင်လိုက်နာဆောင်ရွက်နိုင်အောင်လည်း ဝန်းကျင်တစ်ခုကို ဖန်တီးပေးရပါလိမ့်မယ်။ ပြီးခဲ့တဲ့နှစ်အတွင်း အင်းလေးဒေသကထွက်တဲ့ ခရမ်းချဉ်သီးတွေကို ဓာတ်ခွဲစပ်းသပ်တာ ဓာတုပစ္စည်းပါဝင်မှု တော်တော်လေးများနေကြောင်း၊ စားသောက်မိရင်တောင် အစာအာဟာရမရသည့်အပြင် အဆိပ်အတောက်ပင် ဖြစ်နိုင်သေးကြောင်း သတင်းတွေ ထွက်လာခဲ့ပါသေးတယ်။ ဒါတွေဟာ ဓာတုဓာတ်မြေဩဇာတွေ များများသုံးရင် ဖြစ်လာမယ့် နောက်ဆက်တွဲဆိုးကျိုးတွေဆိုပါတော့။ ကျွန်မအမြင်တော့ ဒီကိစ္စတွေရယ်၊ လမ်းဘေးစားသောက်ဆိုင် သန့်ရှင်းရေးကိစ္စတွေရယ်ဟာ အစိုးရတစ်ရပ်အနေနဲ့ မူဝါဒချမှတ်ပြီး တကယ့်ကို ကိုင်တွယ်ရမယ့်အရာတွေဖြစ်ပါတယ်။ ဒါမှသာ ကျွန်မတို့တစ်မျိုးသားလုံး ကျန်းမာသန်စွမ်းတဲ့ လူသားတစ်ရပ်အဖြစ် ရပ်တည်ရှင်သန်နိုင်မှာ ဖြစ်ပါတော့တယ်။ ။

# မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၉**

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union- MPU) အစည်းအဝေး(၃/၂၀၁၈) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏အခက်အခဲများ၊ လိုအပ်ချက်များကို ဝိုင်းဝန်းကူညီဖြေရှင်းနိုင်ရန် ရည်ရွယ်ပြီး ယခုအစည်းအဝေးကိုခေါ်ယူခြင်းဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များအား နိုင်ငံခြားခရီးစဉ် ဖိတ်ကြားမှုများတွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့အနေဖြင့် နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့် မူဝါဒများနှင့်အညီ သွားရောက်ရပါကြောင်း၊ ပြည်သူ့/အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ပါက သက်ဆိုင်ရာလွှတ်တော်များသို့ အသိပေးစေလိုကြောင်း၊ မြန်မာနိုင်ငံလွှတ်တော် အဖွဲ့ဖွဲ့စည်းခြင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များကို လွှမ်းမိုးရန်အတွက် မဟုတ်ဘဲ အခက်အခဲရှိပါက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၏ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းထားမှုများတွင် လက်တွေ့ဆောင်ရွက်ရာ၌ ကြုံတွေ့ရသည့် အခက်အခဲများအပေါ် မူတည်၍ ပြန်လည်ပြင်ဆင်ရန်ဆောင်ရွက်နေပါကြောင်း၊အလားတူ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများတွင် ကွဲပြားခြားနားဆောင်ရွက်မှုများ မရှိစေရန် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌများအနေဖြင့် ညှိညှိနှိုင်းနှိုင်း ပြန်လည်သုံးသပ်ဆောင်ရွက်သွားရန် မိမိအနေဖြင့် အကြံပြုလိုပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းဆိုင်ရာ ကိစ္စရပ်များကို ကြားသိနေရပါကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများတွင် အပြန်အလှန်ထိန်းကျောင်းမှုစနစ်Check and Balance သည် ရှိနေရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဝေဖန်ခြင်းထက် အားနည်းချက်ကို ထောက်ပြခြင်း၊ တည့်မတ်ပေးခြင်းနှင့် တိုက်တွန်းခြင်းတို့ကိုဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်အပိုင်းက ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ဝိုင်းဝန်းဆွေးနွေးအဖြေရှာကြမည်ဆိုပါက နောင်မဝေးသည့်အချိန်ကာလတွင် မိမိတို့လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်း၊ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းရမည့်လုပ်ငန်း၊ ပြည်သူ့ကိုယ်စားပြုလုပ်ငန်းများသည် ယခုထက် ပိုမိုအောင်မြင်လာမည်ဖြစ်ပါကြောင်းနှင့် ရင်းနှီးပွင့်လင်းစွာ အပြုသဘောဆွေးနွေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်က မြန်မာနိုင်ငံလွှတ်တော်အဖွဲ့အစည်းအဝေး(၂/၂၀၁၈) ဆုံးဖြတ်ချက်များအပါအဝင် လွှတ်တော်ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အဖွဲ့ဝင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်က လွှတ်တော်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် လွှတ်တော်အတွင်းဖြစ်စေ၊ လွှတ်တော်အချင်းချင်းဖြစ်စေ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ လွှတ်တော်များသည် ပြည်သူလူထုအကျိုးသယ်ပိုးရန်ဖြစ်ပါကြောင်းနှင့် လွှတ်တော်ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ရုံးအဖွဲ့မှူး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက လွှတ်တော်သုံးရပ်ရှိ နည်းဥပဒေများကို လက်တွေ့ဆောင်ရွက်နေမှုအခြေအနေများနှင့် ကိုက်ညီမှုရှိစေရန် ပြန်လည်ရေးဆွဲလျက်ရှိပါကြောင်း၊ အလားတူ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များ၏ နည်းဥပဒေများ ပြင်ဆင်ဖြည့်စွက်ရေးဆွဲရန် လျာထားကြောင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များ၏ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌများက လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များနှင့် လွှတ်တော်အလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်ပြည်ထောင်စုလွှတ်တော်နာယကတို့က သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်း၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ၁၃ ဦး၊ ဒုတိယဥက္ကဋ္ဌ တစ်ဦးနှင့် လွှတ်တော်ရုံးအသီးသီးမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၉**

e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အဖွင့်အမှာစကားပြောကြား၍ e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက် ဦးဆောင်ကော်မတီမှ ချမှတ်ထားသည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ပေါင်းစပ်ညှိနှိုင်းခြင်း ကွပ်ကဲကြပ်မတ်ခြင်းတို့ကိုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်သည့် ဥပဒေမူဘောင်၊ မူဝါဒများနှင့် စံချိန်စံနှုန်းသတ်မှတ်ချက်များကို အမြန်ရေးဆွဲပြဋ္ဌာန်းသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ Myanmar e-Governance Master Plan တွင် ပါရှိသော လုပ်ငန်းစဉ်မူဘောင်နှင့် လမ်းပြမြေပုံများအား အခြေပြုပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပုံဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ကာလအပိုင်းအခြားအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် Quick Win ဖြစ်စေမည့် လုပ်ငန်းများကို ရွေးချယ်သတ်မှတ်၍ သွက်လက်မြန်ဆန်စွာ စတင်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ လုပ်ငန်းစဉ်ဆောင်ရွက်သွားမည့် လုပ်ငန်းအဖွဲ့ (Sub Committee) များလိုအပ်သလို ဖွဲ့စည်းသွားနိုင်ရေးကိစ္စကိုလည်း ယနေ့အစည်းအဝေးတွင် ဆွေးနွေးသွားစေလိုပါကြောင်း၊ အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်နိုင်မှုမရှိခြင်း၊ Project duplicate ဖြစ်ခြင်းများကို ရှောင်ကြဉ်နိုင်ရေးနှင့် နိုင်ငံ၏ အမှန်တကယ် လိုအပ်ချက်နှင့် ကိုက်ညီမှုရှိပြီး အကျိုးကျေးဇူးထိထိရောက်ရောက်ရရှိစေရေး စနစ်တကျစိစစ်ပြီး များကို သတ်မှတ်ပေးနိုင်ရေးအတွက် ပထမဦးစွာ အစိုးရဌာနများ၏ e-Government လုပ်ငန်းများကိုစစ်တမ်းကောက်ယူသွားမည်ဖြစ်ပြီး CIO များအား အစည်းအဝေးခေါ်ယူ၍ရှင်းလင်းသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ တိုင်းပြည်အတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် Ne-ID စနစ်တည်ဆောက်ခြင်းလုပ်ငန်းကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ တာဝန်ယူ၍ အကောင်အထည်ဖော်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။




e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက e-Government လုပ်ငန်းစဉ်များ အောင်မြင်မှု နည်းပါးရသည့် အကြောင်းရင်းများကို ပြောကြားခဲ့ပြီး ဆက်လက်၍

ဆက်လက်ပြီး e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာနိုင်ငံတွင် e-Government စနစ်အောင်မြင်စွာအကောင်အထည်ဖော်ဆောင်သွားနိုင်ရေး ဦးစီးလမ်းညွှန်သွားနိုင်ရန် e-Government ဦးဆောင်ကော်မတီနှင့်လုပ်ငန်းကော်မတီကို ဇန်နဝါရီ ၂၃ ရက်တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် e-Government စနစ် အကောင်အထည်ဖော်ရာ၌ ဌာနများမှ ပူးပေါင်းဆောင်ရွက်မှုအားနည်းနေပြီး သီးခြားစီအကွဲကွဲအပြားပြား ဆောင်ရွက်နေကြသည်ကိုတွေ့ရှိရသဖြင့် ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ညွှန်ကြားချက်နှင့်အညီ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ Myanmar e-Governance Master Plan ကို အခြေခံပြီး လုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

e-Governance လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်သုံးခုရှိပါကြောင်း၊ပထမလုပ်ငန်းစဉ်အနေဖြင့် ဥပဒေမူဘောင်ချမှတ်သွားရမည်ဖြစ်ကြောင်းနှင့် လက်ရှိတွင် Cyber Legal and Policy Framework (Cyber Law) ကို ရေးဆွဲသွားနိုင်ရန် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ခုနှစ် အစောပိုင်းတွင် ဥပဒေမူကြမ်း ရရှိစေရန်လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒုတိယလုပ်ငန်းစဉ်မှာ ICT Infrastructure ပိုင်းဖြစ်ပြီး ၎င်းအပိုင်းတွင် မိုဘိုင်းဆက်သွယ်ရေးကွန်ရက်သည် လူဦးရေ၏ ၉၀ ရာခိုင်နှုန်းခန့်ကိုလွှမ်းခြုံပြီးဖြစ်သည့်အတွက် ၎င်းအခြေအနေကောင်းများကို ထိရောက်စွာအသုံးချပြီး Mobile Application များကို ဦးစားပေးဆောင်ရွက်သွားရန် အထူးလိုအပ်မည်ဖြစ်ပါကြောင်း၊ Data Center တည်ဆောက်သည့်အပိုင်းတွင်လည်း သီးခြားစီ တည်ဆောက်အသုံးပြုကြမည့်အစား စုစည်းတည်ဆောက်ပြီး မျှဝေအသုံးပြုခြင်းအားဖြင့် တစုတဝေးတည်း စီမံခန့်ခွဲနိုင်ပြီးလုံခြုံမှုပိုမိုကောင်းမွန်လာမည်ဖြစ်သည့်

**စာမျက်နှာ ၉ သို့** ❖

**○ ဒုတိယအကြိမ်မှ**

ဆက်လက်၍ လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်မည့် နေရာများကို သွားရောက်စစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် လုံခြုံရေးပိုင်းဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းပေးခဲ့ပါကြောင်း၊ လွှတ်တော်အစည်းအဝေးတက်ရောက်ရန် လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်သည့် နေရာများသို့မရောက်ရှိမီ ကျန်းမာရေးဆေးပေးခန်းများကို ကြိုတင်ဖွင့်လှစ်ပေးရန်လိုအပ်ပါကြောင်းနှင့် တက်ရောက်လာကြသည့် ဌာနအဖွဲ့အစည်းအသီးသီးမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ရမည့် အချက်များကို အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီအသီးသီးမှ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုလွှတ်တော်နာယကတို့က ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီအတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

■



**✳ နယ်စပ်လုံခြုံရေးမှ**

ဘင်္ဂလားဒေ့ရှ်ဘက်မှ ပံ့ပိုးပေးနေမှုများ ရပ်ဆိုင်းပေးရန်နှင့် ယင်းဇုန်အတွင်း၌ တရားမဝင် နေထိုင်လျက်ရှိကြသော နေရပ်စွန့်ခွာသူများ ပြန်လည်ထွက်ခွာကြရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပူးပေါင်းဆောင်ရွက်ပေးရန်လည်း သံအမတ်ကြီးအား ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လွန်ခဲ့သောလများအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဟု ယူဆရသော ရခိုင်၊ မြို၊ ခမီ၊ ဒိုင်းနက်လူမျိုး ၃၆၈ ဦးတို့နှင့် ပတ်သက်၍ အသိပေးပြောကြားခဲ့ပြီး ၎င်းတို့အား လိုအပ်သော နိုင်ငံသားစိစစ်မှုများ ဆောလျင်စွာ ပြုလုပ်ရေးနှင့် ၎င်းတို့ ဆန္ဒအလျောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ နေရပ်သို့ ပို့ဆောင်ရေးအတွက် ဆောင်ရွက်ရန် သံအမတ်ကြီးအား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအစိုးရအကြား ရရှိထားသည့် သဘောတူညီချက်များနှင့်အညီ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားကြသူများကို ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား မိုးရာသီ မကျရောက်မီ စတင်ရန် မြန်မာနိုင်ငံအနေဖြင့် အဆင်သင့်ရှိနေကြောင်း ထပ်လောင်းပြောကြားခဲ့ပြီး မြန်မာဘက်မှ စာရင်းပေးပို့ထားသော ရခိုင်ပြည်နယ်အတွင်း၌ နေထိုင်ကြသည့် ဟိန္ဒူနှင့် မူဆလင် ၁၂၀၀ ခန့်အား ပြန်လည်ပို့ဆောင်ရေးအတွက် လည်းကောင်း၊ မြန်မာဘက်မှ စိစစ်ထားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပေးပို့ထားသော စာရင်းပါလူ ၉၂၉ ဦးတို့ကို ပြန်လည်ပို့ဆောင်ရေးအတွက် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ဆောလျင်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကို တိုက်တွန်းပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ Physical Arrangement တွင် သဘောတူညီထားချက်များအရ သတ်မှတ်ထားသည့် ပုံစံများတွင် ဖြည့်စွက်၍ လူစာရင်းများ ပေးပို့ရန် လိုအပ်ကြောင်း သံအမတ်ကြီးအား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် နေရပ်စွန့်ခွာသူများအရေးကိစ္စနှင့် အခြားသော နှစ်နိုင်ငံဆိုင်ရာ အကျိုးတူကိစ္စရပ်များကို နှစ်ဖက် စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း၊ အိမ်နီးချင်းကောင်းစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဖြေရှင်းသွားစေလိုကြောင်း သံအမတ်ကြီးအား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# အာဆီယံပြန်ကြားရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စင်ကာပူနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မေ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် စင်ကာပူနိုင်ငံတွင် မေ ၁၀ ရက်၌ ကျင်းပမည့် အာဆီယံပြန်ကြားရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး (14th Conference of the ASEAN Ministers Responsible for Information – AMRI)နှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် ယနေ့နံနက် ၇ နာရီခွဲက လေကြောင်းခရီးဖြင့် စင်ကာပူနိုင်ငံသို့ ထွက်ခွာရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး(အသံလွှင့်) ဦးဇေယျာလည်း အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြောင်း သိရသည်။

**သတင်းစဉ်**



**❖ စာမျက်နှာ ၈ မှ**

အတွက် နိုင်ငံတကာအဆင့်မီ e-Government Integrated Data Center (eGIDC) တည်ဆောက်ခြင်းစီမံကိန်းကို အစိုးရဌာန အားလုံးမှ အသုံးပြုသွားနိုင်အောင် ရည်ရွယ်ပြီး ကိုရီးယားသမ္မတနိုင်ငံ၏ EDCF ချေးငွေနှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ICT Infrastructure သည် e-Government စနစ်တည်ဆောက်ရာတွင် အခြေခံကျသောအပိုင်းဖြစ်သောကြောင့် အကျိုးအမြတ်ရရှိရေးကို ဦးစားမပေးဘဲ ပြည်သူလူထုအတွက် အကျိုးသက်ရောက်မှုရှိစေရေးကို ရှေးရှု၍ ဆောင်ရွက်ကြရန်မှာကြားလိုပါကြောင်း၊ တတိယလုပ်ငန်းစဉ်မှာ Application Software များဖြင့် ပြည်သူသို့ e-Service များ ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယင်းတွင် သဘောသဘာဝ တူညီသည့် လုပ်ငန်းများကို သက်ဆိုင်ရာဌာနက တာဝန်ယူအကောင်အထည်ဖော်ပြီး အားလုံးမျှဝေအသုံးပြုနိုင်အောင် ဆောင်ရွက်ရမည့်လုပ်ငန်း (Common and Shared Application) အပိုင်းနှင့် သဘောသဘာဝ မတူညီသည့် လုပ်ငန်းများကို သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်သွားရမည့် (Ministry Specific Applications) အပိုင်းတို့ ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အချင်းချင်းအပြန်အလှန်လွယ်ကူစွာ ဆက်သွယ်ဆောင်ရွက်သွားနိုင်ရန် စံသတ်မှတ်ချက်များကို ချမှတ်၍ လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အစိုးရဌာနအသီးသီး၏ e-Government လုပ်ငန်းများကို စစ်တမ်းကောက်ယူပြီး ပြန်လည်ဆန်းစစ်လေ့လာရန်နှင့် စဉ်ဆက်မပြတ် စောင့်ကြည့်သွားရန်အတွက် Monitoring အဖွဲ့တစ်ခုကို ပထမဦးစွာ ဖွဲ့စည်းသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက e-ID စီမံကိန်းလုပ်ငန်းတွင် မြန်မာနိုင်ငံအတွင်း နေထိုင်သူများအား Unique ID တစ်ခုစီ ထုတ်ပေးခြင်းနှင့် National Database တည်ဆောက်ခြင်းလုပ်ငန်းနှင့် နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းတို့ ပါဝင်မည်ဖြစ်ပါကြောင်း၊ National Database တည်ဆောက်ခြင်းလုပ်ငန်းသည် e-ID စနစ်တစ်ခုလုံး၏ အခြေခံအုတ်မြစ်ဖြစ်ပြီး နိုင်ငံတော်အတွင်း နေထိုင်သောသူ တစ်ဦးချင်းစီ၏ Biometric Data နှင့် Biographic Data များအား ကောက်ယူ၍ Electronic စနစ်ဖြင့် National Database တွင်သိမ်းဆည်းပြီး ကိုယ်ပိုင်နံပါတ်တစ်ခုစီ Unique Identity (UID) ထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ UID ရပြီးသူများအား နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်၍ နိုင်ငံသားကတ် Smart Card ကို ပြောင်းလဲထုတ်ပေးနိုင်သည့်စနစ်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားကာ e-ID စနစ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လေ့လာတွေ့ရှိချက်များ၊ နိုင်ငံတကာ၌ Smart Card အသုံးပြုဆောင်ရွက်နေမှုများနှင့် အားနည်းချက်၊ အားသာချက်များ၊ Unique Identity(UID) စနစ် စတင်ဆောင်ရွက်၍ ပြည်သူများအတွက် ဝန်ဆောင်မှုပေးနိုင်မည့် အခြေအနေများ၊ Smart Card ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များ၊ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ ဖွဲ့စည်းနိုင်ရေးအတွက် အဆိုပြုမူကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသည့် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များဖြစ်သည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသည့် ပညာရှင်များ၏ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များအား ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အရာထမ်း၊ အမှုထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရန် အင်္ဂလိပ်စာသင်တန်းဖွင့်

**ရေတာရှည် မေ ၉**

နိုင်ငံတော်၏ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အထောက်အကူရရှိစေပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ဌာနအသီးသီးရှိ အရာထမ်း၊ အမှုထမ်းများ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြောအဆို၊ အရည်အသွေး ကောင်းမွန်စေရန် ရည်ရွယ်၍ English Language Learning (Social Communication Course) သင်တန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း(၂) တောင်ငူရုံးအစည်းအဝေးခန်းမတွင် မေ ၉ ရက်က ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးလွင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အင်္ဂလိပ်စာဌာန ဌာနမှူး ဒေါ်အိခင်ခင်အုံ့က သင်တန်းသားများနှင့် မိတ်ဆက်စကားပြောကြား၍ အင်္ဂလိပ်စာကို သင်ယူကြရာတွင် ကိုယ်တိုင်စိတ်ပါဝင်စားမှု၊ လေ့လာဆည်းပူးကြရန်လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ယခုဖွင့်လှစ်သည့် သင်တန်းသို့ အရာထမ်း၊ အမှုထမ်း ၅၀ ကျော် တက်ရောက်ခဲ့ပြီး တစ်ပတ်လျှင် သုံးရက် ဖွင့်လှစ်သွားမည်ဖြစ်ကာ ရက်သတ္တ ရှစ်ပတ်ကြာ သင်ကြားသွားမည်ဖြစ်သည်။

**ကိုလှိုင်(ဆွာ)**



**ပြင်ဆင် ဖတ်ရှုပေးနိုင်ပါရန်**

မေလ ၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၉)တွင် ဖော်ပြခဲ့သော မြန်မာ-တရုတ် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ သတင်း၏ ပထမကော်လံ စာပိုဒ်(၃) စာကြောင်းရေ(၁၃)တွင် တရုတ်နိုင်ငံ ယွမ်ယူနန်ပြည်က (၁၈. ၉)သန်း တန်ဖိုးရှိ စာသားအစား တရုတ်ငွေ ယွမ်(၁. ၈၉)သန်းတန်ဖိုးရှိဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန် ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း ဘယ်လ်ဂျီယံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံ သံအမတ်ကြီး H.E. Mr. Philippe Kridelka နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲနှင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့၌ ရွေးကောက်ပွဲဆိုင်ရာသင်တန်းများ ပို့ချခြင်း၊ Voter education နှင့် Civic education လုပ်ငန်းများဆောင်ရွက်ခြင်းတို့တွင် ဥရောပသမဂ္ဂမှ ကူညီဆောင်ရွက်ခဲ့မှု၊ ၂၀၁၈ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲအတွက် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်သစ်များအား သင်တန်းပို့ချရာတွင် International IDEA နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

မြန်မာနိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံသံအမတ်ကြီးက မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီအောင်မြင်ဖြစ်ထွန်းစေရေးအတွက် ကူညီဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားသည်။ ထို့အပြင် ဆက်လက်၍ ကျင်းပရန်ရှိသည့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများတွင် ကူညီဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဩစတြေးလျသံအမတ်ကြီးနှင့် ကချင်ပြည်နယ်အခြေစိုက် အရပ်ဘက်အဖွဲ့အစည်းတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး H.E . Mr. Nicholas Coppel၊ Centre for Humanitarian Dialogue မှ Myanmar Country Representative , Mr. Adam Cooper နှင့် ကချင်ပြည်နယ်မှ အမျိုးသမီးခေါင်းဆောင်များ၊ ကချင်ပြည်နယ်အခြေစိုက်အရပ်ဘက်အဖွဲ့အစည်းမှ ခေါင်းဆောင်များနှင့် ငြိမ်းချမ်းရေးအတွက် ကျား၊ မ တန်းတူရေးမဟာမိတ်မှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့များ ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံးမေခလာခန်းမ၌ သီးခြားစီလာရောက်တွေ့ဆုံသည်။



မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး H.E. Mr. Nicholas Coppel နှင့်တွေ့ဆုံစဉ် ဩစတြေးလျနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံအတွင်းရှိလူသားချင်းစာနာမှုအကူအညီလိုအပ်နေသောသူများအား ကူညီထောက်ပံ့နိုင်ရန် အမေရိကန်ဒေါ်လာ ၁၃ သန်းအားလူသားချင်းစာနာကူညီမှုများ ဆောင်ရွက်နေသော အဖွဲ့အစည်းမှတစ်ဆင့် ထောက်ပံ့ပေးသွားမည့်ကိစ္စ၊ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအစီအစဉ်တွင် UNHCRနှင့်UNDPတို့ ပူးပေါင်းပါဝင်နိုင်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးမည့်ကိစ္စ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ မေ ၁၇ ရက်တွင် ကျင်းပမည့်ကိစ္စ၊ UEHRD ၏ လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့မှတစ်ဆင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ဆက်လက်၍ Centre for Humanitarian Dialogue နှင့်တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းသုံးခုနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အကြံပြုချက်များအား ကနဦးအကောင်အထည်ဖော်မည့် စံပြမြို့နယ်တစ်ခုရွေးချယ်သတ်မှတ်ရေးကိစ္စ၊ စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းအဖွဲ့နှင့် အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့အား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းသွားမည့်ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ ကချင်ပြည်နယ်မှ အမျိုးသမီးခေါင်းဆောင်များ၊ကချင်ပြည်နယ်အခြေစိုက် အရပ်ဘက်အဖွဲ့အစည်းမှ ခေါင်းဆောင်များနှင့် ငြိမ်းချမ်းရေးအတွက် ကျား၊ မတန်းတူရေးမဟာမိတ်မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံစဉ် ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာ ပြည်သူများအား လူသားချင်းစာနာကူညီမှုများထောက်ပံ့နိုင်ရေး၊ အခြားသောနေရာများတွင် ခိုလှုံနေသောနေရပ်စွန့်ခွာ ပြည်သူများအား လုံခြုံစိတ်ချ၍ အထောက်အပံ့များရရှိမည့် ယာယီခိုလှုံရေးစခန်းများထားရှိနိုင်ရေး၊ လူမှုအဖွဲ့အစည်းများမှ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းချိတ်ဆက်၍ ကြိုးပမ်းဆောင်ရွက်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ **ကျောဖုံးမှ**

ကွင်းဆင်းကြည့်ရှုခြင်း၊ လိုအပ်သည့် ကူညီထောက်ပံ့ပေးမှုများ ဆောင်ရွက်ခြင်းနှင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အမျိုးသမီးများအား ပြောင်းရွှေ့ပေးနေမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က "ပြီးခဲ့တဲ့ ဧပြီလလောက်ကစပြီး တပ်မတော်နဲ့ KIO နှစ်ဖက်ထိတွေ့မှုဖြစ်တယ်။ အချို့ထိတွေ့မှု ဖြစ်တဲ့နေရာနဲ့ အဲဒီအနီးအနားက သူတွေက လုံခြုံရေးအရ ခေတ္တတိမ်းရှောင်သူတွေရှိတယ်၊ အဲဒီပြည်သူတွေကို ကျွန်တော်တို့ အစိုးရရော၊ ကြက်ခြေနီ၊ လူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့တွေက တတ်နိုင်သလောက် ပံ့ပိုးကူညီကြပါတယ်။

ကျွန်တော်နာယကအဖြစ် ဦးဆောင်ပြီး လုပ်ငန်းဦးစီးကော်မတီဖွဲ့တယ်။ နောက်လုပ်ငန်းကော်မတီလေးဖွဲ့ ဖွဲ့ပါတယ်။ လက်တလော ဖြစ်ပွားတယ်ဆိုတဲ့ နေရာတွေကို စေလွှတ်ပါတယ်။ ဖြစ်နေတဲ့ အနေအထားကို လေ့လာတယ်။ ဖြစ်တဲ့နေရာ ရွာတွေရဲ့ အခြေအနေကို လေ့လာဖို့ စေလွှတ်ပါတယ်။ နေရာဒေသ မတူတဲ့အတွက် လေးဖွဲ့ခွဲစေလွှတ်ပါတယ်။ ယခုအချိန်ထိ အကြမ်းဖျင်း လူဦးရေ လေးထောင်ကျော်လောက်ကို ကျွန်တော်တို့ ပြည်နယ်အစိုးရအနေနဲ့ သိန်းပေါင်း ၂၀၀၀ လောက် ထောက်ပံ့ထားပါတယ်"ဟု ပြောကြားသည်။



ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်တွင်းပြည်ပ သတင်းမီဒီယာသမားများ တွေ့ဆုံစဉ်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် မြစ်ကြီးနားမြို့နယ် တန်ဖရဲ မြစ်ဆုံကျေးရွာရှိ မာရီယာ ကောင်းကင်ဘုံ သခင်မ ဘုရားကျောင်းသို့ သွားရောက်ကာ လတ်တလော အခြေအနေများကြောင့် ကျေးရွာများမှ နေရပ်စွန့်ခွာ တိမ်းရှောင်၍ ဘုရားကျောင်းသို့ ခေတ္တရွှေ့ပြောင်းလာသူများနှင့် တွေ့ဆုံမေးမြန်း၍ သတင်းရယူသည်။

မြစ်ကြီးနားမြို့နယ် တန်ဖရဲ မြစ်ဆုံကျေးရွာရှိ မာရီယာကောင်းကင်ဘုံသခင်မ ဘုရားကျောင်း၌ ကျေးရွာ ၁၈ ရွာမှ လူဦးရေ ၁၂၀၀ ခန့် ရောက်ရှိနေပြီး ဧပြီ ၂၆ ရက်ကတည်းက စတင်ရောက်ရှိခြင်းဖြစ်ကြောင်း တန်ဖရဲဘုန်းတော်ကြီးကျောင်း၏ ကျောင်းထိုင်ကက်သလစ်ဘုန်းတော်ကြီး ဖာသာရ်စတီဖင် ဆွပ်မာဆွတ်အောင်က ပြောသည်။

"ပုဂ္ဂလိက အလှူရှင်တွေ ရှိသလို အဖွဲ့အစည်းတွေကလည်း ပံ့ပိုးပါတယ်။ စားသောက်ရေးနဲ့ ရိက္ခာအတွက်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနကလည်း ပံ့ပိုးပေးပါတယ်။ ပြည်ထောင်စုဝန်ကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ကလည်း လူတစ်ဦးအတွက် အရေးကြီးတဲ့ ဆန်၊ ဆီ၊ ဆားနဲ့ အခြားအရာတွေ ကူညီပေးပါတယ်။ ကြက်ခြေနီနဲ့ နိုင်ငံတကာအဖွဲ့တွေက ကူညီပါတယ်။ တစ်နေ့ကို ထမင်းနှစ်နပ်ကျွေးပါတယ်။ နေရပ်ပြန်ရေးအတွက်ကတော့ တိကျမှန်ကန်တဲ့ အာမခံချက်မရှိရင် မပြန်ရဲပါဘူး။ တောထဲမဝင်ရဲပါဘူး"ဟု ဖာသာရ်စတီဖင် ဆွပ်မာဆွတ်အောင်က ပြောသည်။

ဆက်လက်၍ သတင်းမီဒီယာအဖွဲ့သည် ကဝါးခနောင်နန်းကျေးရွာအုပ်စု တြီနီတီ နှစ်ခြင်းဘုရားကျောင်းသို့ သွားရောက်၍ နေရပ်စွန့်ခွာတိမ်းရှောင်၍ ဘုရားကျောင်းသို့ ခေတ္တရွှေ့ပြောင်းလာသူများနှင့် တွေ့ဆုံသည်။

တြီနီတီ နှစ်ခြင်းဘုရားကျောင်း သိက္ခာတော်ရဆရာတော် ဦးဒီလခေါင်က "လက်တလော ဒီမှာ လူ ၇၈၀ လောက်ရှိတယ်။ အင်ဂျန်းယန်ဘက်ကနေ ထပ်ပြီး မထွက်လာနိုင်တဲ့သူတွေ ရှိသေးတယ်။ အင်ဂျန်းယန် ဘုရားကျောင်းမှာတင် လူ ၁၆၀ လောက်ရှိတယ်ပြောပါတယ်။ သူတို့ရဲ့ပြောပုံအရ ငြိမ်းချမ်းချင်တယ်။ သူတို့ရဲ့ နေရာဒေသမှာ အေးအေးချမ်းချမ်း ပြန်နေချင်ကြတယ်။ ကလေးတွေဆို စရောက်ကတည်းက မိုးချုပ်လာရင် အိမ်ပြန်ချင်တယ်လို့ ပြောကြတယ်"ဟု ပြောသည်။

ယနေ့သွားရောက်သည့် ခေတ္တကယ်ဆယ်ရေးစခန်းများသို့ မီဒီယာအဖွဲ့နှင့်အတူ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ လိုက်ပါခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၂၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၉**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၂၈)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာဝင်းမြတ်အေး၊ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာမြသောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးသည် သီးခြားလွတ်လပ်ပြီး အစိုးရမဟုတ်သည့် နိုင်ငံရေးကင်းရှင်းသော လူမှုရေးအဖွဲ့အစည်းကြီးဖြစ်ကြောင်း။

ပြည်သူများ၏ အကျိုး၊ အမျိုးသမီးနှင့်ကလေးများ၏ အကျိုးကို ရှေးရှုပြီး လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်နေသည့် ထူးခြားသည့် ဝိသေသလက္ခဏာများနှင့် ပြည်စုံသည့် အသင်းကြီးဖြစ်ကြောင်း၊ လိုအပ်သည့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ အကူအညီနှင့် အကြံဉာဏ်များကို မိမိတို့ဝန်ကြီးဌာနအပါအဝင် ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့ထံမှ ရယူတောင်းခံနိုင်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်နေသော ကျန်းမာရေး စီမံချက် အမျိုးမျိုးတွင်လည်း ပါဝင်ပူးပေါင်းကူညီစေလိုပါကြောင်း။

ထို့အပြင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကူအညီအထောက်အပံ့များ ရရှိနိုင်သည့်အပြင် ပိုမိုအရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်ပြီး ပုံရိပ်လည်း တိုးတက်လာမည်ဖြစ်ကြောင်း။

အသင်းကြီး၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များကို ရရှိအောင်ဆောင်ရွက်ပေးကြသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များကို လှိုက်လှဲစွာ ဂုဏ်ပြုပါကြောင်း၊ အသင်းဝင်များ၏ စေတနာ မေတ္တာနှင့် လူမှုဝန်ထမ်းစိတ်ဓာတ်ကိုလည်း လေးစားပါကြောင်း။

မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များသည် တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ ရှိသောကြောင့် ပြည်သူများ၏ ကျန်းမာရေး အသိပညာမြင့်မားရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုပါကြောင်း။

ပြည်သူများ၏ အသိပညာမြင့်မားလာပါက ရောဂါဖြစ်ပွားမှုများ ကျဆင်းခြင်းနှင့် မိခင်သေဆုံးမှုနှင့် (၁)နှစ်အောက်ကလေး သေဆုံးမှုများ ကျဆင်းလာမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက် အောင်မြင်စေရန် လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများကို လုပ်စေလိုကြောင်း။

၎င်းအသင်းကြီးနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းကဏ္ဍ၌ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဆိုသကဲ့သို့ တစ်ဖက်ကိုတစ်ဖက် အထောက်အကူပြုလျက်ရှိနေပါကြောင်း၊ အသင်းကြီး၏ ဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးများ၏ ကျန်းမာရေးမြှင့်တင်ရေးအတွက် အလွန်အရေးပါကြောင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့်လည်းကောင်း၊ မိမိတို့အနေဖြင့်လည်းကောင်း မှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ်များမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ အသုံးပြုနိုင်ရန်အတွက် Standardized Health Messages စာအုပ်များကို ပေးအပ်ရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်က လက်ခံရယူသည်။

ယင်းနောက် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုဓာတ်ပုံများကို ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များက လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက်(၂၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့က လုပ်ငန်းအစီရင်ခံစာများ၊ ဘဏ္ဍာရေးငွေစာရင်းရှင်းတမ်းနှင့် ရသုံးမှန်းခြေစာရင်းများအား ဖတ်ကြားကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များမှ နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြသည်။

နှစ်ပတ်လည်အစည်းအဝေးကို ယနေ့မှ မေ ၁၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး စာတမ်းများဖတ်ကြားခြင်း၊ အကြံပြုချက်များဆွေးနွေးတင်ပြခြင်း၊ အထွေထွေဆွေးနွေးခြင်း၊ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအား အတည်ပြုခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် ဗဟိုမှထောက်ပံ့ငွေ/ ပံ့ပိုးငွေများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဆင့်ဆင့်၏ ဒုတိယအကြိမ် မျက်နှာစုံညီအစည်းအဝေး(ဒုတိယနေ့)ကျင်းပ

**ရန်ကုန် မေ ၉**

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အဆင့်ဆင့်၏ ဒုတိယအကြိမ် မျက်နှာစုံညီအစည်းအဝေး (ဒုတိယနေ့)ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Lotte ဟိုတယ်တွင် ကျင်းပသည်။

အဆိုပါ ဒုတိယအကြိမ် JMC မျက်နှာစုံညီ အစည်းအဝေးကို မေ ၈ ရက်မှ ၉ ရက်အထိ နှစ်ရက်ကြာကျင်းပခဲ့ပြီး အစည်းအဝေးသို့ JMC ကော်မတီအဆင့်ဆင့်ရှိ ကော်မတီဝင် ၁၂၆ ဦးအနက် ၉၇ ဦး တက်ရောက်နိုင်ခဲ့ကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များနှင့် စိန်ခေါ်မှုများကို ဆွေးနွေးခဲ့ပြီး အကောင်းမွန်ဆုံးပုံစံဖြင့် ကျော်လွှားနိုင်မည့် နည်းလမ်းများကို ဆွေးနွေးနိုင်ခဲ့ကြောင်း JMC-U အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရ်က ပြောသည်။

နှစ်ရက်တာကျင်းပသည့် အစည်းအဝေးတွင် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-L)များ တိုးချဲ့ဖွဲ့စည်းရေး၊ ဒေသခံအရပ်သားစောင့်ကြည့်သူ (LCM)များ စတင်ဖွဲ့စည်းနိုင်ရေး၊ JMC အဖွဲ့ဝင် လက်နက်ကိုင်အဖွဲ့အစည်း အချင်းချင်းအကြား ဆက်သွယ်မှုလမ်းကြောင်း ပိုမိုကောင်းမွန်လာစေရေး၊ ရုံးလုပ်ငန်းများ ပိုမိုချောမွေ့စွာလည်ပတ်နိုင်စေရေးတို့ အပါအဝင် JMC အဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှု အသေးစိတ်အခြေအနေများ၊ အောင်မြင်မှုနှင့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်းညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့အပြင် JMC အဖွဲ့ဝင် နှစ်ဖက်လက်နက်ကိုင် တပ်ဖွဲ့ဝင်အချင်းချင်း တွေ့ဆုံ၍ ရင်းနှီးမှု၊ ယုံကြည်မှုတည်ဆောက်သွားရန်၊ တိုင်ကြားစာများနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်မှုအခြေအနေကို ပြည်သူလူထုအား အသိပေးသွားရန်၊ JMC အဖွဲ့ဝင်များနှင့် နည်းပညာအထောက်အကူပြု ဝန်ထမ်းများအား စွမ်းရည်မြှင့်တင်ရေးသင်တန်းများ ပို့ချသွားရန် စသည့် ရှေ့လုပ်ငန်းစဉ်များကိုလည်း ဆွေးနွေးခဲ့ပြီး ယခုမျက်နှာစုံညီအစည်းအဝေးမှ ဆုံးဖြတ်ချက် ၁၅ ခုနှင့် မှတ်တမ်းနှစ်ခု ချမှတ်နိုင်ခဲ့ကြောင်းသိရသည်။

ယနေ့အစည်းအဝေးသို့ ပြည်ထောင်စုအဆင့်(JMC-U)၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် (JMC-S)၊ ဒေသဆိုင်ရာအဆင့်(JMC-L)တို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ JMC အဆင့်ဆင့်၏ နည်းပညာအထောက်အကူပြုရုံး အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးနှင့် ပတ်သက်၍ JMC-U အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်က "နှစ်ရက်တာ ဆွေးနွေးတဲ့နေရာမှာ အထူးသဖြင့်ကတော့ အားနည်းချက်၊ အားသာချက်အပြင် စိန်ခေါ်မှုလေးတွေလည်း ထည့်ပြီးတော့ ဆွေးနွေးခဲ့တာရှိပါတယ်၊ စိန်ခေါ်မှုတွေ အနေနဲ့ကတော့ JMC-S အချင်းချင်းသော်လည်းကောင်း၊ JMC-L အချင်းချင်းသော်လည်းကောင်း နယ်ဘက်မှာ ဆက်သွယ်မှု ခက်ခဲတာလေးတွေနဲ့ပတ်သက်ပြီး ဖြေရှင်းဖို့ နည်းလမ်းလေးတွေ ဆွေးနွေးနိုင်ခဲ့ပါတယ်၊ နောက်တစ်ခုကတော့ ရပ်ကွက်၊ ကျေးရွာအဆင့် ဒေသခံစောင့်ကြည့်သူများအဖွဲ့ ဖွဲ့စည်းရေးကိုလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်၊ JMC အဆင့်ဆင့်မှာရှိတဲ့ ကော်မတီဝင်တွေအနေနဲ့ TSC ရုံးဝန်ထမ်းတွေကို စွမ်းရည်မြှင့်တင်မှုဆိုင်ရာ တည်ဆောက်ရေးနဲ့ပတ်သက်တဲ့ သင်တန်းတွေကိုလည်း ဖွင့်လှစ်ပြီးတက်ရောက်သွားစေဖို့ အဓိကဆွေးနွေးခဲ့တာဖြစ်ပါတယ်" ဟု မီဒီယာများအား ပြောကြားသည်။

ယနေ့ဆွေးနွေးပွဲအပြီးတွင် နှစ်ရက်ကြာဆွေးနွေးခဲ့မှုများနှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုအပေါ် JMC-U အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါးရ်က "အဓိကအားဖြင့် ဒီတစ်ခေါက် ကျွန်တော်တို့ဆွေးနွေးတဲ့အထဲမှာ ထိပ်တိုက်ရင်ဆိုင်မှု ရှောင်ရှားနိုင်အောင် ပထမအနေနဲ့ကတော့ အောက်ခြေတပ်မှူးတွေအချင်းချင်း နားလည်မှု၊ ယုံကြည်မှု၊ ရင်းနှီးမှုရှိအောင်အတွက် အစည်းအဝေးတွေလုပ်ဖို့ ပြောထားပါတယ်၊ ဒါပေမယ့် ဒီတစ်ခေါက်မှာတော့ ပြန်လည်သုံးသပ်ပြီးတော့ နှစ်ဖက်တပ်မှူးတွေ၊ ဌာနချုပ်ကနေ လွှတ်လိုက်တဲ့ အဖွဲ့တွေနဲ့ နှစ်ဖက်တွေ့ဆုံနိုင်ဖို့အတွက်ကိုလည်း ဆွေးနွေးခဲ့ပါတယ်၊ အောက်ခြေတပ်မှူးတွေမဟုတ်ဘဲ တကယ့်နှစ်ဖက်တပ်မှူးတွေ တွေ့ဆုံနိုင်ဖို့ကိုလည်း ဆောင်ရွက်ဖို့ဆုံးဖြတ်နိုင်ခဲ့ပါတယ်"ဟု ပြောကြားသည်။

အလားတူ နှစ်ဖက်အောက်ခြေတပ်များမှ တပ်မှူးအဆင့်များ တွေ့ဆုံပေးရေးနှင့်ပတ်သက်၍ JMC-U အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်ကဖြေကြားရာတွင် "တပ်မတော်အနေနဲ့ကလည်း ဒါဟာပူးတွဲကော်မတီဖြစ်တဲ့အတွက် နှစ်ဖက်ပူးတွဲဆွေးနွေးပါတယ်၊ အဲဒီလိုဆွေးနွေးတဲ့အခါမှာ နှစ်ဖက်တပ်မှူးတွေကို တွေ့ဆုံစေချင်တဲ့စိတ်ဆန္ဒကတော့ အောက်ခြေမှာ ရင်းနှီးမှုရှိသွားပြီး ယုံကြည်မှုတည်ဆောက်ဖို့ လွယ်သွားအောင်ပါ၊ ရင်းနှီးမှု မရှိရင်လည်း ယုံကြည်မှု မရနိုင်ပါဘူး၊ ဒါကြောင့် တပ်မှူးတွေ အချင်းချင်း တွေ့ဆုံနိုင်ဖို့ကို သက်ဆိုင်ရာ JMC-S အစည်းအဝေးတွေပြီးတိုင်း JMC-S အစီအစဉ်နဲ့ ဆောင်ရွက်သွားဖို့ ဆွေးနွေးဆုံးဖြတ်ခဲ့ကြတာဖြစ်ပါတယ်"ဟု ပြောသည်။

ထို့အပြင် ၎င်းက JMC ၏လုပ်ငန်းများတွင် စွမ်းရည်မြှင့်တင်မှုဆိုင်ရာ တည်ဆောက်ရေးနှင့် ပတ်သက်သည့် သင်တန်းများမှာ အဓိကအားဖြင့် ပါဝင်ကြောင်း၊ အဆိုပါ သင်တန်းများကို JMC ကော်မတီများအား ပေးရမည်ဖြစ်သကဲ့သို့ တစ်ဖက်လက်နက်ကိုင်တပ်ဖွဲ့ဝင်များကိုလည်း JMC ၏ပြဋ္ဌာန်းချက်များဖြစ်သည့် NCA၊ နှစ်ဖက်လေးစားလိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ (COC)၊ လုပ်ငန်းလမ်းညွှန် (TOR) စသည်တို့ကို မပြတ်ပေးသွားမှာဖြစ်ကြောင်း၊ ထို့ကြောင့် လက်ရှိတွင် စွမ်းရည်မြှင့်တင်မှုဆိုင်ရာ တည်ဆောက်ရေးသင်တန်းများကို ပိုမိုအားထည့်ကာ လုပ်ဆောင်သွားခြင်းအားဖြင့် အောက်ခြေအဆင့်အထိ သိရှိပြီး တစ်ဦးနှင့်တစ်ဦး တစ်ဦး COC ပါ စည်းကမ်းများကို ထိန်းသိမ်းနေနိုင်သွားရန် ရည်ရွယ်၍ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း မီဒီယာများ၏ မေးမြန်းမှုအပေါ် ရှင်းလင်းဖြေကြားသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အနေဖြင့် ရှမ်း၊ ကရင်၊ ပဲခူး၊ မွန်နှင့် တနင်္သာရီ တို့တွင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) များ၊ ရှမ်းပြည်နယ် လင်းခေးနှင့် ကရင်ပြည်နယ် ဖာပွန်တို့တွင် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-L) များကို ဖွဲ့စည်းထားပြီး ဆက်လက်ဖွဲ့စည်းသွားမည်ဖြစ်သည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အဆင့်ဆင့်တွင် ယခုအချိန်ထိ တိုင်ကြားစာ ၄၁၁ စောင်ရှိခဲ့ကာ ဖြေရှင်းဆောင်ရွက်မှုပေါင်း ၃၃၄ စောင်ရှိခဲ့သည်။ အဆိုပါတိုင်ကြားစာများတွင် ပစ်ခတ်တိုက်ခိုက်မှုနှင့်ပတ်သက်သည့် တိုင်ကြားမှုများအပြင် လက်နက်ကိုင်အဖွဲ့အစည်းအချင်းချင်း အပြန်အလှန်တိုင်ကြားပေးပို့သည့် တိုင်ကြားစာများ၊ ပြည်သူလူထုအား အကာအကွယ်ပေးရေးနှင့် ပတ်သက်၍ ပြည်သူလူထုမှ ပေးပို့သည့်တိုင်ကြားစာများ ပါဝင်ကြောင်းသိရသည်။

**ဇော်ကြီး**

# သီပေါမြို့နယ် ကုန်းသာကျေးရွာတွင် ရွာသားတစ်ဦး သေနတ်ပစ်ခံရ

**သီပေါ မေ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ကုန်းသာကျေးရွာနေသူ အမျိုးသားတစ်ဦး ယနေ့နံနက်ပိုင်းက သေနတ်ဖြင့် ပစ်ခတ်ခံရမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကုန်းသာကျေးရွာနေ အိမ်ရှင် စိုင်းသာဦး၏ ဦးလေးတော်စပ်သူ စိုင်းကျော်မိုး (၃၀)နှစ်သည် နေအိမ်၌ တစ်ဦးတည်းရှိနေပြီး နံနက်စာချက်ပြုတ်စားသောက်ရန် ဘဲမွေးနုတ်နေစဉ် နေအိမ်အပြင်ဘက်မှ ခဲဖြင့် ပစ်သံကြားရ၍ အိမ်ပြင်ထွက်ကာ ခဲပစ်သူကို အော်ဟစ်ဆဲဆိုခဲ့သည်ဆို၏။

ထိုအချိန်တွင် ခြံဝင်းအပြင်မှ လူသုံးဦးခန့်က သေနတ်ဖြင့် ခုနစ်ချက်ခန့် ပစ်ခတ်ပြီး ထွက်ခွာသွားသည်။ သေနတ်ပစ်ခံရသူ စိုင်းကျော်မိုးတွင် ယာဒူးကျည်ဖောက်ဝင် ဒဏ်ရာတစ်ချက်၊ ဝဲဒူးကျည်ရှပ်ထိ ဒဏ်ရာတစ်ချက် ရရှိခဲ့ပြီး နံနက် ၇ နာရီခွဲခန့်တွင် အိမ်ရှင်ဖြစ်သူ စိုင်းသာဦးနှင့်ဇနီးတို့ နေအိမ်သို့ ပြန်လာစဉ် တွေ့မြင်ခဲ့ရသည်။ ဖြစ်စဉ်ကို ကုန်းသာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သီပေါမြို့မရဲစခန်းသို့ အသိပေးအကြောင်းကြားခဲ့သည်။

အခင်းဖြစ်ပွားရာသို့ သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် သက်ဆိုင်ရာ သတင်းတပ်ဖွဲ့တို့က သွားရောက်စစ်ဆေးခဲ့ကြပြီး စိုင်းကျော်မိုးအား နယ်စည်းမခြားပရဟိတအသင်း မော်တော်ယာဉ်ဖြင့် သီပေါဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြသည်။

အဆိုပါအခင်းဖြစ်နေအိမ်အတွင်းမှ 9mm ပစ္စတိုကျည်ထိပ်ဖူးနှစ်ခုနှင့် နေအိမ်ခြံဝင်းအပြင်ဘက်မှ 9mm ပစ္စတိုကျည်အကောင်းတစ်တောင့်၊ ကျည်ခွံနှစ်ခုတို့ကို တွေ့ရှိသိမ်းဆည်းခဲ့သည်။ အဆိုပါသေနတ်ပစ်မှုဖြစ်ပွားရာ ပတ်ဝန်းကျင်တစ်ဝိုက်အား နယ်မြေခံတပ်ရင်းမှ နယ်မြေရှင်းလင်းရေးဆောင်ရွက်နေပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ သီပေါမြို့မရဲစခန်းက (ပ)၆၃/၂၀၁၈၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၇ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သီပေါကိုလတ်**

# ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက် ဘုရားပွဲ၌ ဖောက်ခွဲမှု ကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၉**

၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၈ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက် သုံးဆယ်ဝင်းဓမ္မာရုံ တစ်ဖက်ခြမ်း "ပန်းလေပြေ" ရှမ်းထမင်းဆိုင်ရှေ့တွင် ရပ်ထားသော ဆိုင်ကယ်တစ်စီးမှာ ပေါက်ကွဲမှုကြောင့် မီးလောင်ခဲ့ပြီး အမျိုးသားတစ်ဦး ဒဏ်ရာများရရှိခဲ့သဖြင့် ချမ်းအေးသာစံမြို့မရဲစခန်းက အမှုဖွင့် စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့သည့်အမှုမှ ပြစ်မှုကျူးလွန်သူ အောင်မြင့်ဇော် (ခ) အောင်မင်းဇော် (ခ)ဟူစိန်(၂၀)နှစ်အား မြန်မာနိုင်ငံရဲတပ်ဖွဲ့က မေ ၃ ရက် ညနေပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၈ ရက် ည ၉ နာရီ မိနစ် ၂၀ ခန့်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်ရှိ "ပန်းလေပြေ" ရှမ်းထမင်းဆိုင်ရှေ့တွင် ရပ်ထားသော ဆိုင်ကယ်တစ်စီးမှာ ပေါက်ကွဲမှုကြောင့် မီးလောင်ခဲ့ပြီး အမျိုးသားတစ်ဦးတွင် မျက်နှာ၊ ရင်ဘတ်၊ ဝမ်းဗိုက်နှင့် ဝဲပေါင်တို့တွင် ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့ကြောင်း။

ပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရဲအမှုစစ်အဖွဲ့က စစ်ဆေးရာ MICRO Hand Set (အဖြူရောင်) တစ်လုံး (Sim Card ပါ)အား ဝိုင်ယာကြိုး အနီ၊ နက် နှစ်ပင် ထွက်လျက် တိပ်ပတ်ထားလျက် လည်းကောင်း၊ ပြန့်ကျဲနေသည့် သံတိုသံစများ၊ ပလတ်စတစ်စများအား လည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ ပေါက်ကွဲမှုဖြစ်စေရန် ဓာတုပစ္စည်းများကို သတ်မှတ်အချိုးအစားဖြင့်ရောစပ်၍ လူကို ထိခိုက်အန္တရာယ်ဖြစ်စေမည့် သံတိုသံစများ ရောစပ်ကာ Hand Phone ကို အစပျိုးပေါက်ကွဲစေမှုအဖြစ် ချိတ်ဆက်၍ ၎င်းဖုန်းနံပါတ်ကို တစ်နေရာမှ ခေါ်ဆိုပြီး လျှပ်စစ်ဓာတ် အစပျိုးစတင်စေကာ ပေါက်ကွဲမှုကို ဖြစ်ပေါ်စေခြင်းဖြစ်ကြောင်း။

ဖော်ထုတ်ချက်အရ ဖောက်ခွဲခဲ့သူမှာ မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက်နှင့် ဖားကန့်မြို့နယ် မမုံကျေးရွာတို့နေ အောင်မြင့်ဇော်(ခ) အောင်မင်းဇော်(ခ) ဟူစိန်(၂၀)နှစ် (ဘ)ဦးသိန်းဇော် (ခ) ဇာဖောအာလီ ဖြစ်နိုင်သည်ဟု သုံးသပ်တွေ့ရှိရပြီး ပြစ်မှုကျူးလွန်သူမှာ တိမ်းရှောင်နေသောကြောင့် ဖမ်းဆီးရမိရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စဉ်ဆက်မပြတ် စုံစမ်းထောက်လှမ်းနေခဲ့ရာ မေ ၃ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၆၇ လမ်း၊ ၄၁×၄၂ လမ်းကြားရှိ "အေးရိပ်ငြိမ်" အမျိုးသားဘော်ဒါဆောင်၌ ဖမ်းဆီးရမိခဲ့ကြောင်း။

ကနဦးစစ်ဆေးချက်များအရ အောင်မြင့်ဇော်သည် မန္တလေးဆေးဝါးတက္ကသိုလ်မှ ကျောင်းသားတစ်ဦးဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် ဇွန်လခန့်က Facebook တွင် လုပ်ကြံလီဆယ်ဝါဒဖြန့်သည့် သတင်းများအရ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့်ပတ်သက်သည့် ဓာတ်ပုံနှင့် ဗီဒီယိုဖိုင်များကို မြင်တွေ့ရသဖြင့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ဆောင်ရန် နည်းလမ်းများကိုလေ့လာခဲ့ရာ အင်တာနက်တွင် တင်ထားသည့် ပြည်ပအကြမ်းဖက်သမားများ ဖောက်ခွဲမှုပြုလုပ်ရာ၌ အသုံးပြုသည့် နည်းစနစ်များကို လေ့လာခဲ့ကြောင်း၊ ဈေးကွက်တွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သည့် ဓာတုပစ္စည်းများအား ဝယ်ယူစုဆောင်း၍ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ၎င်းငှားရမ်းနေထိုင်သည့် အဆောင်၏ နောက်ဘက်၌ (၂)ကြိမ်ခန့် အသေးစား စမ်းသပ်ဖောက်ခွဲကြည့်ရာ အောင်မြင်ခဲ့ကြောင်း။

ထိုသို့ စမ်းသပ်ပြီးနောက် လက်တွေ့ဖောက်ခွဲရန် အခင်းဖြစ်နေ့ ည ၈ နာရီခန့်တွင် ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက် ဘုရားပွဲပြုလုပ်သည့်နေရာသို့ သွားရောက်ခဲ့ကြောင်း၊ ၎င်းရောစပ်ပြုလုပ်ထားသည့် ဓာတုပစ္စည်းများ၊ ချိတ်ဆက်အသုံးပြုသည့် ဖုန်း Hand Set နှင့် သံတိုသံစတို့အား ကြွပ်ကြွပ်အိတ်အတွင်း ထည့်ကာ ဘုရားပွဲအနီးတွေ့ရှိရသော ဆိုင်ကယ်တွင် ချိတ်ဆွဲထားခဲ့ကြောင်း၊ ထို့နောက် ၎င်း၏ လက်ကိုင်ဖုန်းဖြင့် ပေါက်ကွဲစေသည့် ပစ္စည်းများ ရောထည့်ထားသော လက်ကိုင်ဖုန်းသို့ ခေါ်ဆိုခဲ့ရာ ပေါက်ကွဲသံကြားခဲ့ရကြောင်း။



ထို့နောက် တရုတ်နိုင်ငံ ရွှေလီမြို့ ကျောက်ဝိုင်းအနီးရှိ အစ်ကိုဝမ်းကွဲတော်စပ်သူထံ သွားရောက်၍ တစ်လခန့်နေထိုင်နေခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် မန္တလေးမြို့သို့ ပြန်လာခဲ့ကာ မဟာအောင်မြေမြို့နယ် ၅၉ လမ်း၊ ၄၁×၄၂ လမ်းကြားရှိ သူငယ်ချင်းဖြစ်သူ၏ နေအိမ်တွင် ရက်(၂၀)ခန့် တည်းခိုနေထိုင်ခဲ့ကြောင်း၊ ၎င်းနောက် မိဘများရှိရာ မမုံရွာသို့ ပြန်သွားခဲ့ကာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် "ရွှေဆင်မင်း"အဆောင်သို့ ပြန်လာပြီး တတိယနှစ်ကို ပြန်လည်တက်ရောက်ခဲ့ကြောင်း၊ ဒုတိယနှစ်ဝက်သင်တန်းတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင် (၁)ရပ်ကွက်ရှိ "အေးရိပ်ငြိမ်" အမျိုးသားအဆောင်သို့ ပြောင်းရွှေ့နေထိုင်ခဲ့စဉ် ဖမ်းဆီးခြင်းခံခဲ့ရကြောင်း သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိသူအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် မသင်္ကာဖွယ် ဓာတုပစ္စည်း(အရည်၊ အစိုင်အခဲ)များ တွေ့ရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံးအကြောင်းကြားနိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သာစည်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၉**

မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၉ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာ တောင်ကြီး-မိတ္ထီလာ ကားလမ်းမပေါ် ရထားသံလမ်းကူးအနီးတွင် တောင်ကြီးမြို့မှ မိတ္ထီလာမြို့သို့ မောင်းနှင်လာသည့် ခရီးသည်တင်မော်တော်ယာဉ်အား ရှာဖွေရာ ခရီးသည် ဒေါ်နန်းဟွမ်(ခ)ဒေါ်မွှေးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၄၀၀ ကိုလည်းကောင်း၊ အလားတူ မေ ၇ ရက် မွန်းလွဲ ၁ နာရီခွဲက တနင်္သာရီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက် မွန်စုကူးတို့ဆိပ်တွင် မစန်းစန်းအေးအား ရှာဖွေရာ ၎င်း၏ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းစာမှုန့် ၈ ဒသမ ၂၄ ကီလို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဒေါ်နန်းဟွမ်(ခ)ဒေါ်မွှေးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ မေ ၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၈၄ စီး၊ သွင်းကုန် ၈၆၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁ စီး၊ သွင်းကုန် ၁၅၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၁၃၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၃၇၀ သန်းခန့်) စုစုပေါင်း တားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၅၀၅ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် စံလောင်းကျေးရွာအနီး၌ TOYOTA WISH ယာဉ်တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲရွေ ၁၉ တုံး (သုည ဒသမ ၅၅၁၀ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၁၆၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၁၀-၅-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၁၅ | "တိုင်းရင်းသားတို့ လူမှုဝန်းကျင် မျိုးစုံလင် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်"(ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်စရာ ရိုးရာအိမ်ကလေးများ) |
| ၈း၁၅ | "မြောင်းမြမြို့ဟောင်းဆီသို့" |
| ၉း၁၀ | သူတို့ဒေသ၊ သူတို့ဘဝ "တောင်တန်းတွေနဲ့ ဝေဝေဆာစိမ်းစိုသာတဲ့ မဲလံရွာ" |
| ၉း၁၅ | လှပစုံလင် အာဆီယံတစ်ခွင် |
| ၉း၄၅ | ASEAN Spotlight (Part-26) |
| ၁၀း၃၀ | အလုပ်သမားရေးရာ အစီအစဉ် |
| ၁၁း၀၀ | "စာတတ်ဖို့၊ ဝင်ငွေကောင်းဖို့၊ အသက်ရှည်ဖို့" |
| ၁၃း၀၀ | ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-I)(ကလေးမြို့) (ဒုတိယပိုင်း) |
| ၁၄း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ဓားဘုရင်" (မိုးနတ်မင်းရဲ့ ဒေါသမာန်) (အပိုင်း-၆) |
| **၁၅း၀၀** | **နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၁၆)** |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၅၁) |
| ၁၇း၀၅ | NHK အစီအစဉ် "Mathematica"(ပီတာပြောတဲ့ မီတာအကြောင်း) |
| ၁၇း၂၀ | "ယာဉ်ကြောကျပ်တည်းမှုကို လျှော့ချနိုင်မည့် ငမိုးရိပ်ချောင်းကူးတံတား" (ကမာကြည်-၂) |
| ၁၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၈း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၉း၁၅ | "လင်းလက်လာသော အနာဂတ်" (ဇော်ဝင်းနိုင်(မန်း)၊ ဝင့်ယမုံလှိုင်) (ဒါရိုက်တာ-Arkar) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | "အနာဂတ်စာကြည့်တိုက်များဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေး" -America's Got Talent -နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင်" (အပိုင်း-၃၁) -မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်(အပိုင်း-၄) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီခင်သီတာထွန်း) - အစီအစဉ်ပြီး၏။ |

# မြန်မာအမျိုးသမီးအသင်း ဖိလစ်ပိုင်အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ၊ အုပ်စုပထမဖြင့် ဆီမီးတက်



**နေပြည်တော် မေ ၉**

၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲ အုပ်စု(က)နောက်ဆုံးပွဲများကို ယနေ့ ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာယူ-၁၆ အမျိုးသမီးအသင်း ဂိုးပြတ်အနိုင်ရပြီး အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

နောက်ဆုံးပွဲတွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို ခုနစ်ဂိုး-တစ်ဂိုး၊ ဗီယက်နမ်အသင်းက မလေးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းကို အနိုင်ရခဲ့သည့်အပြင် ဂိုးပြတ်သွင်းယူနိုင်ခဲ့သောကြောင့် အုပ်စုပထမနေရာ ယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဂိုးပြတ်သွင်းယူနိုင်ရန် ပထမပိုင်းကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းတွင် လေးဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုး သွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် ဂိုးများကို ၄ မိနစ်နှင့် ၁၉ မိနစ်တွင် ဆွေမာအောင်၊ ၁၈၊ ၄၆၊ ၅၀၊ ၅၅ မိနစ်တွင် မြတ်နိုးခင်၊ ၃၇ မိနစ်တွင် ဝင်းဝင်းတို့က သွင်းယူပြီး ဖိလစ်ပိုင်အတွက် ချေပဂိုးကို မိနစ် ၇၀ တွင် လာဇိုက သွင်းယူခဲ့သည်။

အုပ်စုပွဲများ ပြီးဆုံးသွားပြီဖြစ်ရာ အုပ်စု(က)တွင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ၁၀ မှတ်စီ တူညီခဲ့သော်လည်း ဂိုးကွာခြားချက်ဖြင့် မြန်မာက အုပ်စုပထမ၊ ဗီယက်နမ်က အုပ်စုဒုတိယ ရခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲများအဖြစ် မြန်မာနှင့် လာအို၊ ထိုင်းနှင့် ဗီယက်နမ်တို့ တွေ့ဆုံနေပြီး မေ ၁၁ ရက်တွင် ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-MFF**

# MNL ALL Star အသင်း လိဒ်ယူနိုက်တက်ကို အနိုင်ရ

**ရန်ကုန် မေ ၉**

AYA Bank Tour 2018 အဖြစ် မြန်မာနိုင်ငံ၌ ခြေစမ်းပွဲ လာရောက်ကစားနေသည့် လိဒ်ယူနိုက်တက်အသင်း၏ ပထမဆုံး ခြေစမ်းပွဲအဖြစ် MNL All Star အသင်းနှင့် ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားသည်။



**MNL All Star - နှစ်ဂိုး**
**လိဒ်ယူနိုက်တက် - တစ်ဂိုး**

လိဒ်ယူနိုက်တက်အသင်းသည် အင်္ဂလန်လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအပြီး ရက်ပိုင်းအတွင်း လာရောက်ခြင်းဖြစ်သလို ရာသီဥတုကွာခြားမှုကြောင့် ပုံမှန်သာကစားခဲ့သည်။ MNL All Star အသင်းသည် လူစုံထုတ်ကာ အင်အားပြည့်ကစားခဲ့ပြီး နိုင်ငံခြားသား တိုက်စစ်မှူးများဖြစ်သည့် ဂျိုးဇက်၊ ခရစ္စတိုဖာတို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

MNL All Star အသင်းတွင် နိုင်ငံခြားသားကစားသမား ခြောက်ဦးနှင့် ပြည်တွင်းကစားသမား ငါးဦးကို တွဲဖက်အသုံးပြုခဲ့ပြီး ပြည့်ဖြိုးအောင်(ဂိုး)၊ ရဲကိုဦး၊ စည်သူအောင်၊ ခရစ္စတိုဖာ၊ ဝီလျံတို့ဖြင့် ပွဲထွက်ခဲ့သည်။ လိဒ်ယူနိုက်တက်အသင်းသည် အမာခံနှင့် အရန်ကစားသမားများကို တွဲဖက်အသုံးပြုခဲ့ပြီး ခြေစမ်းပွဲဖြစ်သောကြောင့် ပုံမှန်သာကစားခဲ့သည်။ MNL All Star အသင်းသည် ပွဲစကတည်းက အားထည့်ကစားခဲ့ပြီး ဂိုးရရှိရန် ကြိုးပမ်းခဲ့သည်။ ၂၂ မိနစ်တွင် MNL All Star အသင်း ဂိုးစရခဲ့ပြီး စည်သူအောင်ကန်တင်ပေးသော ဘောလုံးကို ဂျိုးဇက်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသောကြောင့် လိဒ်ယူနိုက်တက်အသင်း တိုက်စစ်အားပြန်မြှင့်လာပြီး ၂၅ မိနစ်တွင် ပင်နယ်တီရခဲ့ပြီး ချေပဂိုးပြန်ရခဲ့သည်။ ယင်းဂိုးကို အသင်းခေါင်းဆောင် ဆင်မြူရယ်က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး မိနစ် ၆၀ တွင် လိဒ်ယူနိုက်တက်အသင်းသည် ကစားသမား ကိုးဦးအထိ တစ်ပြိုင်နက် လဲလှယ်အသုံးပြုခဲ့သည်။ လိဒ်ယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ကီဗင်၊ အလိုင်းရင်းစသည့် အမာခံကစားသမားများကို အသုံးပြုခဲ့သည်။ MNL All Star အသင်းသည် ဒုတိယပိုင်းတွင်လည်း အားထည့်ကစားခဲ့ပြီး ၆၃ မိနစ်တွင် အနိုင်ဂိုးရခဲ့သည်။ ယင်းဂိုးမှာ ခရစ္စတိုဖာကြောင့်ရသည့် ပင်နယ်တီကို ၎င်းကိုယ်တိုင် ကန်သွင်းခဲ့ခြင်းဖြစ်သည်။

ယင်းနောက်ပိုင်းတွင် လိဒ်ယူနိုက်တက်အသင်း ချေပဂိုးရရန်ကြိုးပမ်းခဲ့သော်လည်း MNL All Star နောက်ခံလူများနှင့် ဂိုးသမား ပြည့်ဖြိုးအောင်တို့ အမှားအယွင်းမရှိ ဖျက်ထုတ်နိုင်ခဲ့သည်။

ပွဲမစမီ နှစ်ဖက်ဘောလုံးအသင်းအား ကလေးငယ်များက ပန်းစည်းပေးအပ်ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ လိဒ်ယူနိုက်တက်အသင်း တာဝန်ရှိသူများက အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ပွဲအပြီးတွင် လိဒ်ယူနိုက်တက်ကစားသမားများက ပရိသတ်များအား အင်္ကျီများ လက်ဆောင်ပေးအပ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ယနေ့ နံနက်ပိုင်းတွင် လိဒ်ယူနိုက်တက်အသင်းသားများအား ရွှေတိဂုံဘုရားသို့ ပို့ဆောင်ပေးခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

## ရန်ကုန်အသင်း အဝေးကွင်း၌ ရှုံးနိမ့်

**ရန်ကုန် မေ ၉**

2018 ရာသီ AFC Cup ပြိုင်ပွဲ အာဆီယံဇုန် ဆီမီးဖိုင်နယ်ပွဲအဖြစ် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် မြန်မာကလပ် ရန်ကုန်အသင်းတို့ ယနေ့ညနေပိုင်းက ဖိလစ်ပိုင်နိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ ဆီရက်စ်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းသည် အဝေးကွင်းတွင် ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် ဗိုလ်လုပွဲတက်ရောက်နိုင်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။ ရန်ကုန်အသင်းသည် အဝေးကွင်းတွင် ရလဒ်ကောင်းရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲ ကြုံတွေ့ခဲ့သည်။ ရန်ကုန်အသင်းသည် နိုင်ငံခြားသားကစားသမား လေးဦးအပါအဝင် လူစုံအသုံးပြုသော်လည်း ဆီရက်စ်တိုက်စစ်ကို မထိန်းချုပ်နိုင်၍ ရှုံးနိမ့်ခဲ့ရသည်။ ဆီရက်စ်အသင်းအတွက် ဂိုးများကို ၂၉၊ ၄၄ မိနစ်တွင် မာရာနွန်၊ ၃၄ မိနစ်တွင် ပက်ထရစ်၊ ၆၃ မိနစ်တွင် ဆူပါက သွင်းယူခဲ့ပြီး ရန်ကုန်အတွက် ချေပဂိုးများကို ဆယ်လာက ၅၅၊ ၈၄ မိနစ်တွင် သွင်းယူခဲ့သည်။ ရန်ကုန်အသင်းနှင့် ဆီရက်စ်အသင်းတို့၏ ဒုတိယအကျော့ကို မေ ၁၆ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

## အောင်ပွဲရ မြန်မာလှေလှော်အားကစားအဖွဲ့အား ကြိုဆို



**ရန်ကုန် မေ ၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ (တရုတ်-တိုင်ပေ)တွင် မေ ၅ ရက်မှ ၈ ရက်အထိ ကျင်းပသည့် Asian Dragon Boat Championships-2018 ပြိုင်ပွဲတွင် ပွဲစဉ်ငါးမျိုးယှဉ်ပြိုင်ခဲ့ရာ ပထမနေ့ အမျိုးသား အမျိုးသမီး အရော (၁၀)တက်လှော် မီတာ(၂၀၀)နှင့် မီတာ(၅၀၀) အပြည်ပြည်ဆိုင်ရာအိုးပင်းပြိုင်ပွဲများ၌ ရွှေတံဆိပ် နှစ်ခု၊ အာရှနဂါးလှေ ချန်ပီယံရှစ်ပြိုင်ပွဲ အမျိုးသား အမျိုးသမီး အရော (၁၀)တက်လှော် မီတာ(၅၀၀)ပြိုင်ပွဲ၌ ရွှေတံဆိပ်နှင့် အမျိုးသမီး မီတာ(၅၀၀)ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ အမျိုးသား(၁၀)တက်လှော် မီတာ(၅၀၀) ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုနှင့် မေ ၈ ရက် နောက်ဆုံးနေ့၌ အာရှနဂါးလှေ ချန်ပီယံရှစ်ပြိုင်ပွဲ အမျိုးသား မီတာ(၂၀၀)ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ အမျိုးသမီး မီတာ(၂၀၀)ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ အမျိုးသား အမျိုးသမီး အရော (၁၀)တက်လှော် မီတာ(၂၀၀)ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင်လှေလှော်အသင်းသည် ယခုပြိုင်ပွဲ၌ ပြိုင်ပွဲရှစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ်တစ်ခု ရရှိခဲ့ပြီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တိုင်း၌ ဆုတံဆိပ်များရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါအောင်ပွဲရ မြန်မာ့လက်ရွေးစင်လှေလှော်အသင်းသည် ယနေ့ နံနက်တွင် တရုတ်(တိုင်ပေ)မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်နှင့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်အမှုဆောင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ၊ မိဘဆွေမျိုးများက လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုကြကြောင်း သိရသည်။ **ကြေးမုံ**

# ကျိုက္ကဆံကွင်း အားကစားခန်းမ၌ စုပေါင်းကိုယ်လက်လှုပ်ရှားမှု ပြုလုပ်



**ရန်ကုန် မေ ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ဦးဆောင်၍ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအား ကျန်းမာရေးအထောက်အကူပြု ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ရန် လိုအပ်သည့် အလေ့အထတစ်ခု ပြုလုပ်ခဲ့ကြောင်း သိရသည်။

လှုပ်ရှားမှုတွင် 1st Myanmar Zumba Club မှ နည်းပြဆရာပိုင်နိုင်နှင့် ဆရာမ ခရစ္စတယ်တို့က ဦးဆောင်ပြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၏ ဇနီးများ၊ ဝန်ထမ်းများ၊ အားကစားဝါသနာရှင်များနှင့်အတူ မေ ၈ ရက် ညနေ ၄ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျိုက္ကဆံကွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ စုပေါင်း ကိုယ်လက်လှုပ်ရှား ကစားခဲ့ကြကြောင်း သိရသည်။ **ကြေးမုံ**

# မန္တလေးအနောက်မျက်နှာ တံခါးနှစ်ပေါက်

ဆူးငှက်

မန္တလေးကျုံးအနောက်မျက်နှာရှိ ကြေးမုံတံခါးကို မန္တလေးသားတွေ ဒီနေ့အထိ ခေါ်ဝေါ်နေတာက "အာဋ္ဌဝီတံခါး" ဟူ၍ဖြစ်၏။ အမရပူရမြို့ဟောင်းတွင် တွင်ကျယ်နေသော အမည်ဖြစ်သဖြင့် အမရပူရမှ မန္တလေးသို့ ပြောင်းလာသူတွေအဖို့ နှုတ်ကျိုးနေကြခြင်း ဖြစ်ပေသည်။



အာဋ္ဌဝီတံခါး

**အာဋ္ဌဝီစီလမ်း**

"ကြေးမုံတံခါး" က နန်းမြို့ရိုးအနောက်မျက်နှာတောင်ဘက်အစွန်တွင်ရှိသည်။ သစ်တောဝန် မင်းကျော်မင်းလှစည်သူ ကြီးကြပ်တည်ဆောက်၏။ မိတ်တံခါး "ဂဗ္ဗေ" ဟူသော ခတ်သက်နံသင့် အက္ခရာကိုယူ၍ "ကြေးမုံ" တံခါးဟု သမုတ်သည်။ ကြေးမုံတံခါးမှသည် ကျုံးကို ကျုံးကူးတံတားဖြင့် ကူးဖြတ်ထား၏။ တံတားများ၏ ဟိုဘက်ထိပ်၊ သည်ဘက်ထိပ်များကို အုတ်အင်္ဂတေဖြင့် ခိုင်မာစွာ တည်ဆောက်ထားနိုင်ပြီး ထုံးဖွေးဖွေး ခြယ်သထားသည်။

ထိုအုတ်တံတားတွင် တံတားလက်ရန်းနှင့် တကွ မုခ်တိုင် ခုနစ်တိုင်ကျစီ တစ်ဖက်တစ်ချက်၌ရှိ သည်။ အုတ်တံတိုင်း နှစ်ခုက ကျုံးဘက်တဖြည်းဖြည်းမြင့်တက်သွားကြပြီး ကျုံးအလယ် ရောက်ကာမှ ကွက်လပ် ကျန်သွားတော့သည်။ ထိုကွက်လပ်ကား ဖြုတ်၍တပ်၍ အလွယ်တကူရနိုင်သော တံတားနင်းကြမ်းအရှင်ဖြင့် ဆက်စပ်ထားတော့၏။ နင်းကြမ်းနှင့် လက်ရန်းတိုင်များကို ကျွန်းသစ်ဖြင့် ဆောက်လုပ်ကာ ဟင်္သာပြဒါးရောင် သုတ်လိမ်းထားလေတော့သည်။

အာဋ္ဌဝီတံခါးခေါ် ကြေးမုံတံခါးနှင့်တည့်တည့် အနောက်ဘက် ဧရာဝတီမြစ်အထိ ပေါက်သော လမ်းဖြောင့်ကြီးသည် "စီ"လမ်းဖြစ်၏။ (၂၂-စီ)လမ်းဟု မန္တလေးသားတို့ သိကြသည်။ ထို့အတူ အာဋ္ဌဝီစီလမ်းဟူ၍လည်း ခေါ်ဝေါ်ကြသေးသည်။

**ကြေးမုံတံခါး**

တကယ်တော့ အာဋ္ဌဝီစီလမ်းသည် ပဒေသရာဇ် ရှင်ဘုရင် လက်ထက်က "အမင်္ဂလာလမ်း" ဖြစ်ခဲ့၏။ အာဋ္ဌဝီတံခါးခေါ် ကြေးမုံတံခါးသည်ပင် "ဂဗ္ဗေ" ဟူသည့် ခတ်သက်နံသင့် အက္ခရာယူသော်လည်း တစ်နည်းအားဖြင့် နန်းမြို့တွင်းမှ သေသောသူတို့ကို ထုတ်ဆောင်ရာ အမင်္ဂလာတံခါးဖြစ်သောကြောင့် ၎င်းတံခါးမှ ဝင်ထွက်သွားလာ မကြာမကြာကြုံတွေ့ ရသော သူများသည် မရဏနုဿတိ ကမ္မဋ္ဌာန်းကို မှန်ကြေးမုံပြင်ကဲ့သို့ အာရုံပြုကြည့်ရှုကြကုန်လော့ဟု သတိပေးသော အထိမ်းအမှတ်ဖြင့် "ကြေးမုံ" တံခါးဟု သမုတ်ခဲ့ခြင်းလည်းဖြစ်သည်။

"အာဋ္ဌဝီတံခါးခေါ် ကြေးမုံတံခါးသည်ပင် "ဂဗ္ဗေ" ဟူသည့် ခတ်သက်နံသင့် အက္ခရာယူသော်လည်း တစ်နည်းအားဖြင့် နန်းမြို့တွင်းမှ သေသောသူတို့ကို ထုတ်ဆောင်ရာ အမင်္ဂလာတံခါးဖြစ်သောကြောင့် ၎င်းတံခါးမှ ဝင်ထွက်သွားလာ မကြာမကြာကြုံတွေ့ရသော သူများသည် မရဏနုဿတိ ကမ္မဋ္ဌာန်းကို မှန်ကြေးမုံပြင်ကဲ့သို့ အာရုံပြုကြည့်ရှုကြကုန်လော့ဟု သတိပေးသော အထိမ်းအမှတ် ..."

နန်းမြို့အတွင်းတွင် ဒင်္ဂါးစက်ရုံတော်၊ တောင်ဘက်ကပ်လျက်တွင်မူ သင်္ချိုင်းတော်များရှိပါ၏။ ထိုသင်္ချိုင်းတော်များတွင် ပဉ္စမသင်္ဂါယနာတော်တင် မင်းတုန်းမင်းတရားကြီး၊ ရွှေဘိုမင်းတရား၏ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး၊ သီပေါမင်း၏ မယ်တော်လောင်းရှည်မိဖုရားကြီးနှင့် ဆင်ဖြူမရှင်မိဖုရားကြီးတို့၏ ဂူဗိမာန်ကြီးများ ရှိသည်။ ထို့ပြင် မြောက်ဥယျာဉ်တော် ရွှေပြည်ဥယျာဉ်ကွက်အတွင်းတွင် တောင်မိဖုရားခေါင်ကြီးသင်္ချိုင်းတော်ရှိသလို သစ်တပ် အနောက်မြောက်ထောင့်တွင်လည်း မြောက်နန်းမတော် မိဖုရားသင်္ချိုင်းတော် တစ်ခုရှိသည်။ ကျန်ရှိသည့် မင်းညီမင်းသား၊ မှူးကြီးမတ်ရာ သေနာပတိများ၏ သင်္ချိုင်းတော်သည် အာဋ္ဌဝီလမ်းအတိုင်း အနောက်ဆင်းသောအခါ ရွှေတချောင်းမြောင်းအလွန် မြစ်ဆိပ်အကြားတွင် အသီးသီးရှိခဲ့ကြ၏။



ocZawmfvWm;

**မနင်းဆီရထား**

အာဋ္ဌဝီစီလမ်း၏ ရွှေတချောင်းမြောင်းကူးသစ်သား တံတားကြီးမှာ ဇရပ်ကြီးနှစ်ဆောင်ပါရှိ၏။ ကျွန်း၊ ပွတ်လုံး၊ လက်ရန်းတိုင်ကြီးများပင်ပါရှိသည်။ လွန်ခဲ့သော နှစ် ၂၀ ကျော်ကာလ လမ်းတိုးချဲ့သောအခါ ရှေးဟောင်းဇရပ်ကြီးများကို ဖျက်သိမ်းလိုက်ကြသည်။ ရွှေတချောင်းမြောင်းပေါင်ပေါ်တွင် မတ္တရာသွားမီးရထားလမ်းကလေး ရှိခဲ့ဖူးသည်။ မန္တလေး-မတ္တရာသွား မီးရထားဘူတာလေးက ၂၆-ဘီလမ်းနှင့် ရွှေတချောင်းမြောင်း ပေါင်မှာရှိသည်။ ထိုနေရာတွင် ရွှေတချောင်းလှေဆိပ်ရှိ၏။ မီးရထားက မစ္စတာမနက်ဂျီခေါ် ကုလားသူဌေးပိုင်သည်။ မြန်မာများက "မနင်းဆီရထား" ဟုခေါ်တွင်ခဲ့ကြ၏။ ဘူတာလေးအနီးတွင် "ဆိုင်ဒူခန်း" ခေါ်သည့် လက်ဖက်ရည်ဆိုင်တစ်ဆိုင် ရှိသည်။ လက်ဖက်ရည်တစ်ခွက်သုံးပြား၊ ယင်းလက်ဖက်ရည်ဆိုင်တွင် "မြို့မဗုဒ္ဓဝေယျာဝစ္စတူရိယာအသင်း" သားများ ထိုင်တတ်သည်။ မြို့မအသင်းသားများက အနောက်နား ဆိုင်းတန်းရပ်ရှိ ဧရာဝတီစာရေးကြီး ဦးမြသိန်းအိမ်မှာ အမြဲတမ်းစတည်းချကြသည်။ "မနင်းဆီရထား"လေးသည် အာဋ္ဌဝီစီလမ်းမရောက်မီ (ယခု ၈၄-လမ်းနှင့် ၂၃-လမ်းထောင့်၊ မေမန်းဝင်းကြီး)တွင် ရထားစက်ခေါင်းရေဖြည့်သည်။ တစ်ခါတစ်ရံ မီးပေါင်မတက်သဖြင့် စီလမ်း-သင်္ချိုင်းတော်တံတားအတက်ကို ခရီးသည်များက ဆင်းတွန်းကြရသည်။ တောင်ပြုန်းပွဲတော်အခါများဆိုလျှင် ရွှေတချောင်းတွင် လောင်းလှေနှစ်စင်းတွဲ၍ ရေခင်းသံမြိုင်မြိုင်ဖြင့် နတ်ပွဲသွားကြသူများကို အာဋ္ဌဝီစီလမ်း သင်္ချိုင်းတော်တံတားပေါ်မှ ကြည့်ရှုကြရသေး၏။ ရွှေတချောင်း အနောက်ဘက်ကမ်း စီလမ်းဘေးတွင် သီပေါမင်းသား အပါအဝင် မင်းညီမင်းသားများ ပညာသင်ခဲ့ကြသည့် ဒိုင်အိုသံတဲကျောင်းတော်ကြီးရှိသည်။ ၎င်းကျောင်းတော်ကြီးကို ၁၂၃၁ ခု၊ နတ်တော်လပြည့်ကျော် ၁၁ ရက် (၄-၆-၁၈၆၉) ရက်နေ့တွင် ဆောက်လုပ်ပြီးစီးသည်။

**အာဋ္ဌဝီစီလမ်းပေါ်ကကျောက်စာ**

သင်္ချိုင်းတော်တံတားသည် ရွှေတချောင်းကိုဖြတ်ပြီးနောက် သံတဲကျောင်းကြီး မြောက်ဘက်တွင် အုတ်တံတားမြင့်ကြီးဖြစ်၏။ အုတ်တံတားကြီးမြောက်ဘက်တွင် ကျွန်းသားဇရပ်ကြီးများလည်း ရှိသည်။ ၎င်းတံတားများနှင့်အတူ ဇရပ်ကြီးများကို လှေသင်းအတွင်းဝန်မင်းက ဆောက်လုပ်ခဲ့၏။ မှတ်တမ်းအဖြစ် အာဋ္ဌဝီစီလမ်းပေါ်တွင် ကျောက်စာတစ်မျက်နှာတစ်တိုင် စိုက်ထူထားခဲ့လေသည်။ ကျောက်စာတွင် ရွှေတချောင်းကူးတံတားဦးဇရပ်နှင့်တကွ အနောက်ကို သွပ်မိုး၊ ပျဉ်ခင်း၊ ဝဲယာတံတားခန်းရေ ၁၆၄၊ မြောင်းအကူးမှ အနောက်မြေမြို့ရိုး အရောက်၊ ထိုမှတစ်ဖန် တောင်ချိုးကာ ပိုက်ကျုံးအရောက် ၆၇၇ တာ၊ ကျောက်လမ်းတံတားကြီးမှစ၍ ပုဏ္ဏားကုန်းသုသာန်တွင် အတွင်းဝန်မင်းအဘ အလောင်းသင်္ဂြိုဟ်ရာ ပျဉ်ဇရပ်တစ်ဆောင်၊ အတွင်းဝန်ကတော် အမိရှေ့ဝန်မှူးကတော် သင်္ဂြိုဟ်ရာ အုတ်ဇရပ်တစ်ဆောင်နှင့် သုသာန်မြေအကာအရံ တံတိုင်းမီးတားများကို ၁၂၄၄ ခုမှ ၁၂၄၇ ခုအထိ ဆောက်လုပ်ခဲ့ကြောင်း ကမ္ပည်းထိုးမှတ်ရေးသားခဲ့လေသည်။

**ရှေးဟောင်း ကျွန်းဇရပ်ကြီးများ**

ယခုအခါ ထိုဇရပ်ကြီးများလည်းမရှိတော့ပြီ။ သင်္ချိုင်းတော်လည်း မရှိတော့ပြီ။ အတွင်းဝန်မင်းအမိ၊ အဖဟူသည် မင်းကြီးမင်းလှမဟာဇေယျသင်္ကြန် မြို့သစ်အတွင်းဝန်မင်းဦးဘိုး၏ အမိအဖ ဖြစ်၏။ ၁၉၉၀ ကျော်အထိ ၎င်းဇရပ်ကြီးများ၊ ဂူဗိမာန်ကြီးများ ရှိသေးသည်။ ကနုတ်ပန်းနှင့် ကျွန်းတိုင်ကြီးများ၊ ထောင့်ပန်းနှင့် ရွှေပိန်းချ မျက်နှာကြက်များ၊ အမွမ်းအပြောက်များ၊ ပန်းတောင်ပန်းဆွဲများနှင့် ဧရာမဇရပ်ကြီးများဖြစ်သည်။ နောက်တော့ အဖိုးတန် ရှေးဟောင်း ကျွန်းဇရပ်ကြီးများ၊ ဂူဗိမာန်များကို ဖျက်သိမ်းကာ လမ်းနံဘေး လူမြင်ကွင်းရှိ ယောမင်းကြီး ဂူဗိမာန်တစ်ခုသာ ဟန်ပြထားကာ ထိန်းသိမ်းလေဟန်ဆောင်ခဲ့သည်။ ကျန်သင်္ချိုင်းတော်နေရာများက အထပ်မြင့်အိမ်ရာများ အသွင်ပြောင်းခဲ့သည် မဟုတ်ပါလား။

နောက်ထပ် သမိုင်းမသိသူတို့က ကျုံးအနောက်ဘက်မျက်နှာ အလယ်တည့်တည့်ရှိ "စည်ရှည်"၊ ခတ်တံခါးက ရှေးဟောင်းတံတားကြီးကို "အာဋ္ဌဝီ" ခေါ် "ကြေးမုံ" တံတား၏ အမင်္ဂလာတံတားဟူသော ဖြစ်ရပ်နှင့် လွဲမှားကာ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၈ရက်က အစအနမကျန် ဖျက်ဆီးမြေမြှုပ်သင်္ဂြိုဟ်ပစ်လိုက်ကြကုန်၏။ ။

# ဂျပန်အစိုးရနှင့်ပြည်သူတို့၏ ထောက်ပံ့မှုဖြင့် ဆောက်လုပ်သော သူရိယတံတားဖွင့်ပွဲကျင်းပ

**အောင်လံ  မေ ၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် ဂျပန်အခြေခံအဆောက်အအုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JIP) ၏ စီမံမှု၊ ဂျပန်အစိုးရနှင့်ပြည်သူတို့၏ အသေးစား စီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ထောက်ပံ့ ငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော ရွာမထုံး ကျေးရွာနှင့် ဆင်ကျန်ကျေးရွာချောင်းကူး (သူရိယတံတား) ဖွင့်ပွဲ အခမ်းအနားကို မေ ၈ ရက် နံနက် ၉ နာရီက အဆိုပါ တံတားထိပ်မုခ်ဦး၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ခိုင်ထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးအတွင်းဝန် Mr.IWASE Keita၊ (JIP) ဒု-ဥက္ကဋ္ဌ ASAKURA Hajime နှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အဖွင့်အမှာစကားပြောကြားကာ ဂျပန်သံရုံးအတွင်းဝန် Mr.IWASE Keitaနှင့် (JIP) ဒု-ဥက္ကဋ္ဌ ASAKURA Hajime တို့ကတံတားဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် (JIP) ဒု-ဥက္ကဋ္ဌ ASAKURA Hajime က သူရိယတံတားနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ဝန်ကြီးဦးဇော်မင်းထံလွှဲပြောင်းပေးအပ်ပြီး တာဝန်ရှိသူများက တံတားအားဖဲကြိုးဖြတ်ဖွင့်လှစ်ကာ တံတားပေါ်တွင်လျှောက်လှမ်းကြည့်ရှုခြင်း၊ အထိမ်းအမှတ်သစ်ပင်စိုက်ခြင်း၊ သူရိယတံတားအထိမ်းအမှတ်ကျောက်စာတိုင်အား နံ့သာရည်ပက်ဖျန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**သိန်းလွင်(အောင်လံ)**

# နိုင်ငံခြားသားများ ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ တာချီလိတ်၌ ကျင်းပ

**တာချီလိတ်  မေ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် နိုင်ငံခြားသားများ ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေးရှင်းလင်းပွဲကို မေ ၈ ရက် နံနက် ၉ နာရီခွဲက ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ Golden Cherry Hotel အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်က အဖွင့်အမှာစကား ပြောကြားပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတေဇာမင်းက တာချီလိတ်နယ်စပ်ဝင်ပေါက်မှ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများ နှစ်အလိုက် ဝင်ရောက်လည်ပတ်နေမှုများ၊ လက်ရှိဝင်ရောက်လည်ပတ်နိုင်သည့် ခရီးစဉ်များနှင့် တိုးချဲ့ဆောင်ရွက်နိုင်မည့် ခရီးစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒုတိယပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းက နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှုများ၊ နိုင်ငံခြားသား အမျိုးအစား၊ ပြည်ဝင်ခွင့်ဗီဇာ ၁၂ မျိုး အကြောင်းသိကောင်းစရာများ၊ ဗီဇာအမျိုးမျိုးဖြင့် ရောက်ရှိလာသည့် နိုင်ငံခြားသားများ လိုက်နာရမည့် စည်းကမ်းချက်များ၊ ဟိုတယ်၊ မိုတယ်နှင့်အင်းများတွင် လာရောက်တည်းခိုပါက တာဝန်ခံများ ဆောင်ရွက်ရန်အချက်များ၊ ဌာနဆိုင်ရာ၊ ကုမ္ပဏီများက လုပ်ငန်းဆောင်ရွက်ရန် ခေါ်ယူသည့် နိုင်ငံခြားသားများ ရောက်ရှိလာပါက ဆောင်ရွက်ရန်များစသည်တို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။



အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်၊ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒုတိယပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်း၊ တာချီလိတ်ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မော်ထွန်း၊ မြို့နယ်ဦးစီးမှူး ဦးစိုင်ဆိုင်တစ်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်း ရှင်များ၊ခရီးသွားလုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်များ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားကို မြန်မာနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် ဝင်ရောက်လာသည့် နိုင်ငံခြားသားများ သွားလာနေထိုင်စဉ် ယင်းတို့နှင့် ပတ်သက်သည့် ဒေသဆိုင်ရာညွှန်ကြားချက်များ၊ ဒေသတွင်း လုံခြုံရေးဆိုင်ရာများ၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ သိရှိစေပြီး နိုင်ငံခြားသားများ အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရေး၊ လုံခြုံဘေးကင်းမှု ရှိစေရေးနှင့် မလိုလားအပ်သည့် အရေးယူမှုများ မရှိစေရန် သက်ဆိုင်ရာ ဌာနများနှင့်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ကုန်ပစ္စည်းနှင့်ကားပြပွဲကြီး မုံရွာပြည်သူ့အားကစားကွင်း၌ဖွင့်လှစ်ပြသ

**မုံရွာ  မေ ၉**

Nissan ကားနှင့် Suzukiကားများကို ကုမ္ပဏီတိုက်ရိုက်ဝယ်ယူသူလက်ရောက်ရောင်းချမှုအစီအစဉ်ပါဝင်သော လျှပ်စစ်အလှကုန်၊ လူသုံးကုန်ပစ္စည်းနှင့် ကားပြပွဲကြီး ဖွင့်ပွဲကို မေ ၉ ရက် နံနက် ၉ နာရီက မုံရွာပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

"ကုန်ပစ္စည်းကုမ္ပဏီအမျိုးမျိုးက နေရာတစ်နေရာတည်းမှာသုံးစွဲသူတွေလက်ရောက်၍ ဈေးချိုချိုနဲ့ ရရှိစေချင်တဲ့အတွက် မြန်မာနိုင်ငံအနှံ့ပြပွဲတွေလုပ်ပေးနေတာဖြစ်ပါတယ်" ဟု ပြပွဲစီစဉ်သူWINNERကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးညွှန့်အောင်ကပြောသည်။

မုံရွာပြည်သူ့အားကစားကွင်း ဖူဆယ်ရုံတွင် မေ ၉ ရက်မှ ၁၃ ရက်အထိ ငါးရက်ကြာကျင်းပနေသော ကုန်ပစ္စည်းနှင့်ကားပြပွဲကြီးတွင် လျှပ်စစ်ပစ္စည်း၊ အင်ဂျင်ဝိုင်၊ ဆိုင်ကယ်နှင့်ကားတာယာ၊ အိမ်တွင်းအလှဆင်ပါကေး၊ အလှကုန်၊ အဝတ်အထည်၊ စားသောက်ကုန်၊ လယ်ယာထုတ်ကုန်ပစ္စည်းများအပြင်ကုမ္ပဏီမှ တိုက်ရိုက်လာရောက်ပြသရောင်းချသော ကားကုမ္ပဏီများ စသည့်ဈေးဆိုင်ခန်း ပေါင်း ၆၀ နီးပါးဖွင့်လှစ်ပြသရောင်းချပေးနေသည်ကိုတွေ့ရသည်။

ကုန်ပစ္စည်းနှင့်ကားပြပွဲကြီးကို စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ စည်ပင်သာယာရေးဝန်ကြီးဦးမြင့်ကြည်နှင့် SHWE SAGAINGMOTOR ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်မျိုးဟိန်းတို့က ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုကြသည်။

WINNERကုမ္ပဏီအနေဖြင့် မုံရွာမြို့ မြို့တော်ခန်းမတွင် ၂၀၁၂ ခုနှစ်မှ စတင်၍တစ်နှစ်လျှင် ကုန်စည်ပြပွဲ နှစ်ကြိမ်ကျင်းပခွင့်ရရာ၂၀၁၆ ခုနှစ် အထိ ၁၀ ကြိမ်ကျင်းပခဲ့ပြီး ယခု ပြည်သူ့အားကစားကွင်း ဖူဆယ်အားကစားခန်းမ၌ ကျင်းပရခြင်းဖြစ်ကြောင်း ဦးမျိုးညွှန့်အောင် (WINNER) ထံမှ သိရသည်။

ငါးရက်ကြာကျင်းပမည့်ကုန်ပစ္စည်းနှင့် ကားပြပွဲကြီးတွင် ဖျော်ဖြေရေး အစီအစဉ်များအဖြစ် ပထမသုံးရက်ဖြစ်သော မေ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်များတွင် မော်ဒန်နှင့်ဒန်ဆာရှိုးပွဲကို ကျင်းပမည်ဖြစ်ပြီး မေ ၁၂ရက်နှင့် ၁၃ ရက်တို့တွင် နိုင်ငံကျော်လူရွှင်တော်ချစ်ချော၊ ပွမ်ပွမ်နှင့် မင်းသမီးဝမ်းကေဇင်တို့က ကပြဖျော်ဖြေကြမည်ဖြစ်ကြောင်းသိရသည်။

WINNERကုမ္ပဏီအနေဖြင့် မုံရွာမြို့ကုန်ပစ္စည်းနှင့် ကားပြပွဲကြီးမတိုင်ခင် လွိုင်ကော်မြို့နှင့်တောင်ကြီးမြို့တို့တွင် ကျင်းပခဲ့ကြပြီး မုံရွာပွဲပြီးလျှင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ဇွန် ၈ရက်မှ ၁၁ရက်အထိ ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# အရာတော်မြို့နယ်တွင် စနစ်ကျလယ်ယာမြေဖော်ထုတ်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

**အရာတော်  မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် ငါးရဟိုးကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄) စက်မှုလယ်ယာစခန်းခွဲ၏ ကြီးကြပ်မှုဖြင့် မန္တလေး အောင်ရွှေထူးဝင်းကုမ္ပဏီမှ စနစ်ကျလယ်ယာ မြေဧက ၁၀၀ ကို ဖော်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

"မြစ်ရေတင်နဲ့ စိုက်ပျိုးထုတ်လုပ်ပေမယ့် လယ်မြေတွေက အနိမ့်အမြင့်မညီတော့ ရေဝင်ရောက်မှုက မမျှတတဲ့အတွက် သီးနှံထွက်ရှိမှုက ထင်သလောက်မထွက်ဘူး၊ အခု စနစ်ကျလယ်ယာမြေ ဖော်ထုတ်ပေးတဲ့အတွက် စပါးသီးနှံကို နွေ၊ မိုး၊ ဆောင်းရာသီမရွေး စိုက်ပျိုးနိုင်တော့မှာပါ၊ စနစ်ကျလယ်ယာမြေဖော်ထုတ်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်" ဟု ငါးရဟိုးကျေးရွာမှ တောင်သူဦးကျော်မြင့်က ပြောသည်။

စနစ်ကျလယ်ယာ မြေဧက ၁၀၀ ဖော်ထုတ်သော ငါးရဟိုးကျေးရွာတွင် စိုက်ပျိုးရေးအတွက် အသုံးပြုသော ရေကို မကျည်းစောက်မြစ်ရေတင်စီမံကိန်းမှ မြောင်းမကြီးတွင် ရေတင်အဆင့် ခုနစ်ဖြင့် တင်ပြီး မြောင်းငယ်များမှတစ်ဆင့် စိုက်ပျိုးရေကို ဖြန့်ဝေပေးလျက်ရှိရာ လယ်မြေများသည် အနိမ့်အမြင့်မညီသဖြင့် စိုက်ပျိုးရေ လုံလောက်စွာရရှိနိုင်ခြင်း မရှိသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေ ကျပ် ၅၂ သန်းဖြင့် တောင်သူ ကိုးဦးပိုင် မြေဧက ၁၀၀ ကို စနစ်ကျလယ်ယာမြေအဖြစ် ဖေဖော်ဝါရီလအတွင်းမှ စတင်ဖော်ထုတ်ပေးလျက်ရှိရာ ယခုအခါတွင်လုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း စက်မှုလယ်ယာဦးစီး ဌာန အမှတ်(၄)စက်မှုလယ်ယာစခန်းခွဲမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဝင်းဦး(ဧေယျာတိုင်း)**

# ကြက်ခြေနီအမှတ်အသား လွဲမှားစွာအသုံးပြုမှုများကို သတိပြုထိန်းသိမ်းပေးကြဖို့လို

**ရန်ကုန် မေ ၉**

ယနေ့ခေတ်ပြောင်းလဲတိုးတက်လာသည့် ဆက်သွယ်ရေးနည်းပညာအရ လူမှုကွန်ရက်အသုံးပြုမှုတွေများပြားလာသည်နှင့်အမျှ အသင်း၏ဂုဏ်သိက္ခာအား ထိခိုက်စေသည့် အသုံးအနှုန်းရေးသားဖော်ပြမှု ကြက်ခြေနီအမှတ်အသား လွဲမှားစွာအသုံးပြုနေမှုများကို သတိပြုထိန်းသိမ်းပေးကြဖို့ အထူးလိုအပ်ကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်မြသူက ပြောသည်။ မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်အားကစားဝင်းတွင် မေ ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားတွင် ပါမောက္ခဒေါက်တာမြသူက ပေးပို့သည့်သဝဏ်လွှာအား ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဒေါ်လှကြင်က ယင်းကဲ့သို့ ဖတ်ကြားခြင်းဖြစ်သည်။

"အခုလိုမွန်မြတ်တဲ့အခါသမယမှာ ကြက်ခြေနီစေတနာလုပ်အားရှင်တွေအနေနဲ့ ကြုံတွေ့လာရတဲ့သဘာဝဘေးအန္တရာယ်တွေကို ရပ်ရွာလူထုကိုယ်တိုင်ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်း ပိုမိုမြင့်တင်နိုင်မယ့် အသိပညာဗဟုသုတတွေကို မျှဝေပေးကြပါ။ တိုးတက်နေတဲ့ နည်းပညာတွေကိုလည်း လေ့လာကြပါ။ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းတွေမှာ ပြည်သူလူထုကိုယ်တိုင်ပါဝင်ဖို့နဲ့ လူမှုအဖွဲ့အစည်းအားလုံး ပူးပေါင်းပါဝင်လာအောင် ကြက်ခြေနီကပေါင်းကူးတံတားအဖြစ် ဥပဒေ၊ နည်းဥပဒေတွေနဲ့အညီရှေးလုပ်ငန်းစဉ်တွေကို အတူတကွရေးဆွဲကြပါ"ဟု ပါမောက္ခဒေါက်တာ ဒေါ်မြသူက ပြောကြားထားသည်။

ထို့အပြင် ၂၀၁၈ ခုနှစ် နှစ်၇၀ ပြည့် ကမ္ဘာ့ကြက်ခြေနီနေ့ ဆောင်ပုဒ်မှာ "လူတိုင်းအတွက်အမြဲကူညီ နေရာတိုင်းမှာကြက်ခြေနီ" (Everywhere For Everyone)ဖြစ်ကြောင်း ယနေ့သည်ကမ္ဘာတစ်ဝန်းတွင် အမျိုးသားအသင်းပေါင်း ၁၉၁ သင်းဖြင့် ဖွဲ့စည်းထားသည့် ကြက်ခြေနီလူမှုကရုဏာကွန်ရက်ကြီးကို စတင်တည်ထောင်ခဲ့သည့်ဟင်နရီဒူးနန့်မွေးနေ့ဖြစ်ကြောင်း သိရသည်။



မေ ၈ ရက်က ကျင်းပသည့် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားတွင် လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံမီးလောင်ရာတွင် မီးငြိမ်းသတ်ရေးအကူအညီနှင့် ရှေးဦးပြုစုခြင်းလုပ်ငန်းများကို နေ့ညအချိန်ပြည့် တာဝန်ယူဆောင်ရွက်ကြသော ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် တာဝန်ယူကြီးကြပ်ဆောင်ရွက်ခဲ့သော တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်များမှ ကြက်ခြေနီစေတနာ့ လုပ်အားရှင် ၅၀ အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်များပေးအပ်ခြင်းနှင့် ရှေးဦးပြုစုခြင်း မွမ်းမံသင်တန်းနှင့် အခမ်းအနားပြုလုပ်ရန် လှူဒါန်းကြသည့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇာနည်မောင်၊ အေးမင်းသူ**

# စက်သုံးဆီဈေးနှုန်းကျဆင်းရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရ ဆောင်ရွက်ရန်ရှိ

**ရန်ကုန် မေ ၉**

စက်သုံးဆီများကို ကမ္ဘာ့စက်သုံးဆီပေါက်ဈေးနှုန်းအတိုင်းရရှိစေရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အစီအမံများ ချမှတ်ဆောင်ရွက်ရန်ရှိသည်ဟု ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့တွင် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ဖြေကြားသွားသည်ဟု သိရသည်။

ပုဂ္ဂလိက စက်သုံးဆီဆိုင်များသည် လက်ဝါးကြီးအုပ်စနစ်ဖြင့် စက်သုံးဆီဈေးနှုန်းကို တူညီစွာသတ်မှတ်ရောင်းချနေခြင်းသည် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကို တွန်းပို့နေကြောင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကုန်ဈေးနှုန်းကျဆင်းရေးတို့အတွက် တိုင်းဒေသကြီးနှင့်ဆိုင်သောစီမံချက်၊ စီမံကိန်းများချမှတ်အကောင်အထည်ဖော်ဆောင်ရန် အစီအစဉ် ရှိ၊ မရှိဆိုသော မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဌေး၏ မေးမြန်းခြင်းအပေါ် အထက်ပါအတိုင်း ဝန်ကြီးက ဖြေကြားခြင်းဖြစ်သည်။

ဧပြီ ၁၉ ရက်မှ ၂၃ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းလာသော စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ငွေကျပ် ၇၇၀၊ အောက်တိန်း ၉၅ တစ်လီတာ ၈၀၂ ကျပ်၊ ဒီဇယ်တစ်လီတာ ၈၂၇ ကျပ်၊ အဆင့်မြင့် ဒီဇယ်တစ်လီတာ ၈၃၇ ကျပ်ဖြစ်သည်။

ရန်ကုန်မြို့တွင်း စက်သုံးဆီအရောင်းဆိုင်များတွင် ဧပြီလနောက်ဆုံးပတ်အစပိုင်း အောက်တိန်း ၉၂ တစ်လီတာ ၇၈၅/၈၀၅ ကျပ်၊ အောက်တိန်း၉၅ တစ်လီတာ ၈၃၅/၈၅၀ ကျပ်၊ ဒီဇယ်တစ်လီတာ ၈၂၀/၈၃၅ ကျပ်၊ အဆင့်မြင့်ဒီဇယ်တစ်လီတာ ၈၃၅/၈၅၀ ကျပ်နှုန်း အသီးသီးဖြင့် ရောင်းချနေသည်ဟု သိရသည်။ ဧပြီလကုန်ပိုင်းမှ မေလ ဒုတိယပတ်အစပိုင်းအထိ အောက်တိန်း ၉၂ တစ်လီတာ ၈၀၀/၈၁၅ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၈၅၀/၈၆၀ ကျပ်၊ ဒီဇယ်တစ်လီတာ ၈၃၅/၈၄၅ ကျပ်၊ အဆင့်မြင့် ဒီဇယ်တစ်လီတာ ၈၄၅/၈၆၀ ကျပ် အသီးသီးဈေးနှုန်းဖြင့် ရောင်းချသည်ကို ဆိုင်ရှေ့ရှိ ဈေးနှုန်းဖော်ပြထားခြင်းများနှင့် စက်သုံးဆီဝယ်ယူသူများ၏ ပြောပြချက်တို့အရ သိရသည်။

ပြည်တွင်းစက်သုံးဆီဈေးကွက်တွင် ပြည်ပစက်သုံးဆီဈေးနှုန်း တက်လာချိန်တွင် တစ်ပြေးညီပြည်တွင်းရောင်းဈေးနှုန်း မြင့်တက်လာတတ်သော်လည်း ပြည်ပဈေးကျချိန်တွင်မူ ဈေးကျခြင်းတစ်ပြေးညီမဖြစ်သည်ကို ကြုံတွေ့နေရဆဲဖြစ်သည်ဟု စက်သုံးဆီဝယ်ယူသုံးစွဲနေသူများက ဆိုသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်ဝယ်ရှိ ဓာတ်ဆီဂါလန် သုံးသန်းကို ဈေးကွက်အတွင်း ဖြည့်ဆည်းရောင်းချပေးခြင်းဖြင့် စက်သုံးဆီဈေးနှုန်းကျဆင်းလာရန် လုပ်ဆောင်မည်ဟုလည်း သိရသည်။

ပြည်တွင်းစက်သုံးဆီရောင်းချခြင်းတွင် နိုင်ငံခြားကုမ္ပဏီကြီးများလာရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်ပြုထားသော်လည်း ယနေ့အထိ မမြင်တွေ့ရသေးကြောင်း၊ မိမိကုမ္ပဏီအမှတ်တံဆိပ်နှင့် ဝယ်ယူသုံးစွဲသူများအပေါ် အလေးထားလုပ်ကိုင်ဆောင်ရွက်သော ပြည်ပရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီများ၏ ပြည်တွင်းစက်သုံးဆီဖြန့်ဖြူးရောင်းချခြင်းရှိလာမည့်အပေါ် ပြည်တွင်းရှိ စက်သုံးဆီဝယ်ယူသုံးစွဲနေရသူအများစုက မျှော်လင့်နေကြောင်း အိမ်စီးယာဉ်နှင့် ကုန်တင်ယာဉ်ပိုင် ဦးလှဦးက ဆိုသည်။

စက်သုံးဆီအရည်အသွေး အခြင်အတွယ်ဈေးနှုန်းစသည်တို့အပေါ် ဝယ်ယူသုံးစွဲနေသူများ စိတ်ကျေနပ်မှုရရှိခြင်း အားနည်းနေရာမှ ဈေးကွက်စီးပွားရေးပီပြင်လာမှု၏ အသီးအပွင့်ရလဒ်အဖြစ် စက်သုံးဆီဝယ်ယူသုံးစွဲသူများ ခံစားလာနိုင်ရန် ပြည်တွင်းစက်သုံးဆီဈေးကွက်တွင် ပြည်ပရေနံကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရောင်းချပေးသည့် အကျိုးတူ မဟုတ်သည့်ပီပြင်သောဖြစ်စဉ်များကို မျှော်လင့်နေကြသည်။

စက်သုံးဆီဈေးနှုန်းကမ္ဘာ့ပေါက်ဈေးနှုန်းနှင့်အညီ ဝယ်ယူသုံးစွဲလာနိုင်ပါက စက်သုံးဆီဈေးမြင့်ခြင်းနှင့် ဆက်နွှယ်နေသော သယ်ယူပို့ဆောင်ခ ဈေးမြင့်လာခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်လာခြင်းများကိုပါ လျော့ကျလာစေနိုင်မည်ဟု ကုန်ကားပိုင်ရှင် ကိုရဲဝင်းချိုက ပြောသည်။

**မောင်စေအောင်**

# ခရီးသည် ၅၀ စီးနင်းနိုင်မည့် လေးနိုင်ငံ လေယာဉ်ခရီးစဉ်များ ပြေးဆွဲလျက်ရှိ

**ရန်ကုန် မေ ၉**

ဘန်ကောက် အဲဝေးလေကြောင်းလိုင်းနှင့် ထိုင်းနိုင်ငံဆိုင်ရာ ပြပွဲနှင့် ညီလာခံဌာန(TCEB) တို့ ပူးပေါင်း၍ မြန်မာနိုင်ငံအပါအဝင် နိုင်ငံလေးနိုင်ငံမှ စီးပွားရေးခရီးသွားများအတွက် အထူးခရီးစဉ်အနေဖြင့် အနည်းဆုံး ခရီးသည်အယောက် ၅၀ အစုအဖွဲ့အလိုက် စီးနင်းလိုက်ပါနိုင်မည့် လေယာဉ်ခရီးစဉ်ကို ဧပြီလမှ စတင်ပြေးဆွဲပျံသန်းနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်ကို Fly and Meet Double Bonus' ဟု အမည်ပေးထားပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ် စသည့်နိုင်ငံများမှ စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ကုမ္ပဏီဝန်ထမ်း ခရီးသွားအစုအဖွဲ့များအနေဖြင့် ထိုင်းနိုင်ငံရှိ အချက်အချာကျသော မြို့များဖြစ်သည့် ဘန်ကောက်၊ ချင်းမိုင်၊ ဖူးခက်နှင့် အူတာပေါင်(ပတ္တရား) မြို့များအပြင် အခြားမြို့များတွင် အစည်းအဝေးများ၊ ညီလာခံများ၊ ကုမ္ပဏီဝန်ထမ်းများအတွက် ခရီးစဉ်များ လာရောက်ကျင်းပခြင်းကို မြှင့်တင်အားပေးထောက်ပံ့ရန်သာမက ထိုင်းနိုင်ငံအား စီးပွားရေးဆိုင်ရာ ခရီးသွားဒေသတစ်ခုအဖြစ် တိုးတက်ဖွံ့ဖြိုးစေရန်၊ အရေးပါကျော်ကြားလာစေရန် ပြုလုပ်ရခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံဆိုင်ရာ ပြပွဲနှင့် ညီလာခံဌာန(TCEB) မှသိရသည်။

"ဒီလို ဘန်ကောက်အဲဝေးနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ထိုင်းနိုင်ငံကို လာရောက်တဲ့ ခရီးသွားဦးရေတိုးမြှင့်လာစေရန် သာမကဘဲ ခရီးသွားစီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ဘန်ကောက်မြို့အပြင် အခြားမြို့တွေကိုပါ စီးပွားရေးလုပ်ငန်းအတွက် အထူးသတိထားမိလာမယ်လို့ ထင်ပါတယ်"ဟု ထိုင်းနိုင်ငံဆိုင်ရာ




ပြပွဲနှင့် ညီလာခံဌာန(TCEB) မှ ဒါရိုက်တာ Mr.Puripan Bunnag က ပြောသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ ပျံသန်းပြေးဆွဲနေသည့် အဆိုပါ အထူးခရီးစဉ်တွင် လေယာဉ်စီးနင်းလိုက်ပါမည့် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ် စသည့်နိုင်ငံလေးနိုင်ငံမှ ခရီးသည်အနည်းဆုံး အယောက် ၅၀ ပါ အဖွဲ့တစ်ဖွဲ့လျှင် ထိုင်းဘတ်ငွေ သုံးသိန်း (အမေရိကန် ဒေါ်လာ ၉၆၀၀)ကို TCEB မှ ပြန်လည်ထောက်ပံ့ပေးသွားမည်ဖြစ်သည့်အပြင် ဘန်ကောက်လေကြောင်းလိုင်းမှလည်း ခရီးသည်အယောက် ၅၀ ပါဝင်သော အဖွဲ့တိုင်းအတွက် လက်မှတ်အပိုတစ်စောင်အပြင် ခရီးဆောင်အိတ်အတွက် အပို ၁၀ ကီလိုရရှိခြင်း၊ ကြိုတင်စီစဉ်ထားသော အဖွဲ့လိုက်ထိုင်ခုံနေရာအပြင် အခြားသော ဝန်ဆောင်မှုများကိုလည်း ထည့်သွင်းပေးထားကြောင်း သိရသည်။

ထိုင်းနိုင်ငံဆိုင်ရာ ပြပွဲနှင့် ညီလာခံဌာန(TCEB) မှ ၂၀၁၆ ခုနှစ်အတွင်း ကောက်ယူထားသော စာရင်းများအရ ထိုင်းနိုင်ငံသို့ဝင်ရောက်သည့် စီးပွားရေးဆိုင်ရာ ခရီးသွားဦးရေ ရာခိုင်နှုန်းသည် ဗီယက်နမ်နိုင်ငံမှ ၅၃ ဒသမ ၆၄ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံမှ ၁၉ ဒသမ ၄၄ ရာခိုင်နှုန်း၊ လာအိုနိုင်ငံမှ ၁၄ ဒသမ ၀၂ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံမှ ၁၂ ဒသမ ၈၈ ရာခိုင်နှုန်းဖြင့် အသီးသီး ရပ်တည်နေကြောင်း သိရသည်။

**သီသီမင်း**

# ဘိန်းအစားထိုးသီးနှံမျိုးစေ့နှင့် ပျိုးပင်များ ပေးအပ်ပွဲ လဲချားတွင် ကျင်းပ

**လဲချား မေ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးရွာများရှိ တောင်သူများထံသို့ ဘိန်းအစားထိုးသီးနှံမျိုးစေ့နှင့် ပျိုးပင်များပေးအပ်ပွဲ အခမ်းအနားကို စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလရော်တို့က ဘိန်းအစားထိုးသီးနှံမျိုးစေ့၊ ပျိုးပင်များ ပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ကျေးရွာလေးအုပ်စုမှ ကိုယ်စားလှယ်များထံသို့ ဘိန်းအစားထိုးသီးနှံမျိုးစေ့နှင့် ပျိုးပင်များ ပေးအပ်ခဲ့ရာ စပါးမျိုး (GW-1) ၇၀၀kg (ဧက ၁၀၀ စာ)၊ အစေ့ထုတ်ပြောင်း ၅ ဧကစာ၊ ထောပတ်ပျိုးပင် တစ်အုပ်စုလျှင် (၁ ဧကစာ) အပင် ၂၀၀ နှုန်းဖြင့် လေးအုပ်စုအတွက် အပင်ပေါင်း ၈၀၀နှင့် ပညာပေးလက်ကမ်းစာစောင် ၁၅၀ တို့ကို ပေးအပ်ခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းသန်းစိန်က ဘိန်းအစားထိုးသီးနှံများအကြောင်း ပညာပေးဆွေးနွေးခဲ့ရာ တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သိရသည်။

**ကေသီ(ပြန်/ဆက်)**

## ဗုဒ္ဓပူဇနိယပွဲတော်နှင့် ရွှေသင်္ကန်းကပ်လှူပွဲကျင်းပ

**ရန်ကုန် မေ ၉**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကြာအင်းကျေးရွာအုပ်စု သရက်ချောင်းကျေးရွာအနီး ကလီထော်ရေလှောင်တမံ ဆည်ဦးရှိ ရသေ့တောင်ပေါ်တွင် တည်ထားခဲ့သော ဆုတောင်းပြည့် မဟာဇေယျ ဓမ္မသိဒ္ဓိ ကိုးနဝင်းစေတီ(ခေါ်)ရန်အောင်၊ မာန်အောင်၊ စေတီတော် (၂၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲအခမ်းအနားကို မေ ၆ ရက် နံနက်ပိုင်းက အဆိုပါ ဘုရားစေတီရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

ဆည်ဦးစေတီကျောင်းဆရာတော် ဘဒ္ဒန္တကုမာရထံမှ ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်၍ အလှူရှင် ဘုရားဒါယကာ ဦးဘိုကြည်က (၂၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရခြင်းတို့ကို ဆရာတော်၊ သံဃာတော်တို့အား ရှင်းလင်းလျှောက်ထားခဲ့ကြောင်း သိရသည်။

**ညဏ်ဟိန်း**

## မယ်စဲ့မြို့နယ်တွင် ပြည်သူ့စကားဝိုင်းကျင်းပ

**မယ်စဲ့ မေ ၉**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ 'လူငယ်နှင့်အနာဂတ်'ခေါင်းစဉ် ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ပထမဆုံးအကြိမ်ကျင်းပခြင်းကို မေ ၉ ရက် နံနက် ၉ နာရီခွဲက မယ်စဲ့မြို့ မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖ၊ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမြင့်ဌေး၊ မြို့နယ်ဥပဒေအရာရှိ ဦးကျော်မျိုးလွင်၊ လူငယ်ကိုယ်စားပြု မောင်ဖြိုးသူဟိန်းတို့က လူငယ်များမူးယစ်ဆေးဝါးနှင့်ပတ်သက်၍ရှောင်ရှားတတ်စေရန်၊ Social Mediaခေတ်တွင် အင်တာနက်ကို အကျိုးရှိစွာ အသုံးပြုကြရန်၊ ကမ္ဘာအရပ်ရပ်မှ ဗဟုသုတများကို လေ့လာတတ်စေရန်၊ စာဖတ်အားကို မြှင့်တင်ကြရန်၊ ငြိမ်းချမ်းရေးကိုမြတ်နိုးတန်ဖိုးထားကြရန်၊ အနာဂတ်တွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ လူငယ်များ၏ အခန်းကဏ္ဍများစသည့် အကြောင်းအရာများကို ကဏ္ဍအလိုက် ဘဝတွင်ဖြတ်သန်းတွေ့ကြုံခဲ့ရသော အတွေ့အကြုံများနှင့်ပတ်သက်၍ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ စုစုပေါင်း ၁၂၀ ခန့်တက်ရောက်ခဲ့ကြပြီး လူမျိုးတင့်ဖို့ စာပေမြင့်ဖို့လိုအပ်ချိန်တွင် ပြည်သူများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်တို့မှာ အဆင့်အတန်းမြင့်သော စာပေအသိုက်အမြုံအတွင်း ပျော်မွေ့စေရန်နှင့် အနာဂတ်၏ ခေါင်းဆောင်ကောင်းများမွေးထုတ်ပေးနိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ပြည်နယ်ဝန်ကြီးချုပ်စစ်ဆေး

**မြဝတီ မေ ၉**



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၇ ရက်က မြဝတီမြို့သို့ရောက်ရှိပြီး သောင်ရင်းမြစ်ကမ်းပါးမြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းများအပါအဝင် မြဝတီမြို့ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးရှိ ဆိုလာမီးတိုင် စိုက်ထူမည့် နေရာများအားလည်းကောင်း၊ ရပ်ကွက်သစ်ဖော်ထုတ်လျက်ရှိသည့် ရပ်ကွက် ၆၊ ၇ တွင် လုပ်ငန်းဆောင်ရွက်နေမှုများအား လည်းကောင်း၊ ရပ်ကွက် ၇ တွင် FDA အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများအား လည်းကောင်း၊ အမှတ်(၄)ရပ်ကွက်ရှိ အိုးအိမ်ဌာနမှ တည်ဆောက်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာ၊ အငှားအိမ်ရာ တည်ဆောက်ထားမှုနှင့် ဝန်ထမ်းများနေထိုင်မှု၊ ပြည်သူများအား နေရာချထားပေးမှု အခြေအနေများအားလည်းကောင်း၊ အမှတ်(၄) ရပ်ကွက်ရှိ ခရိုင်ကျန်းမာရေးဌာနရုံး ဆောက်လုပ်နေသည့် အခြေအနေများအားလည်းကောင်း၊ အမှတ် (၅) ရပ်ကွက် သံတံတားကွေ့ရှိ သောင်ရင်းမြစ်ကမ်းပါး မြေထိန်းနံရံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများအားလည်းကောင်း၊ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားနှင့် BCF ဇုန်တည်ဆောက်နေမှု အခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြဝတီမြို့ အမှတ် (၄) ရပ်ကွက်ရှိ ပြန်လည်ကြိုဆို လက်ခံရေးစခန်းတွင် ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် မြန်မာမိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ဘက်စုံသားဖွားဒီပလိုမာ နှစ်နှစ်သင်တန်းသူများအား ဦးဆောင်းအပ်နှင်း

**ပဲခူး မေ ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပဲခူးမြို့ သားဖွားသင်တန်းကျောင်း၌ ဘက်စုံ သားဖွားဒီပလိုမာ နှစ်နှစ်သင်တန်းသူများ၏ (၁၀၂) ကြိမ်မြောက် ဦးဆောင်းအပ်နှင်းပွဲအခမ်းအနားကို မေ ၈ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဒေါ်ညွန့်ညွန့်ဌေး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်း၊ ပဲခူးမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်ပက်ထရစ်ရှာမိုးဇက်တို့က အမှာစကားပြောကြားပြီး ပဲခူးမြို့ သားဖွားသင်တန်းကျောင်းအုပ် မာမီဒေါ်မြမြစန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် သင်တန်းသူများအားကျောင်းအုပ်ကြီးနှင့် သူနာပြုအုပ်များ၊သူနာပြုဦးစီးအရာရှိများ၊ သူနာပြုဆရာမကြီးများက ဦးဆောင်းအပ်နှင်းပေးကြပြီး သင်တန်းသူများက ဖယောင်းတိုင်မီးထွန်းညှိခြင်း၊ သူနာပြုသစ္စာဓိဋ္ဌာန်ရွတ်ဆိုခြင်းများ ပြုလုပ်ကြသည်။

ယင်းနောက် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ထူးချွန်သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

"ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် လူတိုင်းသက်တမ်းစေ့ နေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးဆိုသည့် ရည်မှန်းချက်နှစ်ရပ်ချမှတ်ထားရှိပြီး ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလျှင် ထိရောက်စွာ ကုသပေးခြင်းစသည့် နည်းနာသုံးရပ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူး၊ တောင်ငူနှင့် ပြည်မြို့တို့တွင် သူနာပြုသားဖွားသင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိကြောင်း၊ လာမည့်ပညာသင်နှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ လိုအပ်ချက်အရ ပြည်နှင့် တောင်ငူသူနာပြုနှင့်သားဖွားသင်တန်းကျောင်းတို့၌ သူနာပြုများတိုးချဲ့ခေါ်ယူသင်ကြားမည်ဖြစ်ကြောင်း၊ ပဲခူး သားဖွားသင်တန်းကျောင်းတွင် ပဲခူးတိုင်းဒေသကြီးအတွက် ၂၅ ဦး၊ ကယားပြည်နယ်မှ ၁၅ ဦး စုစုပေါင်း ၄၀ တက်ရောက်ကြမှာဖြစ်ပါတယ်" ဟု စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးက ပြောကြားသည်။

အခမ်းအနားသို့ စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီး၊ နည်းပြများနှင့် သင်တန်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး သင်တန်းသူ ၃၇ ဦးအား ဦးဆောင်းအပ်နှင်းပေးခဲ့ကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

## တယ်လီနော ဖုန်းကတ်များအား ပြည်ပအထိ အသုံးပြုမှုစံချိန်တင်မြင့်တက်

**ရန်ကုန် မေ ၉**

ဒေတာအသုံးပြုမှု လေ့လာချက်တစ်ခုအရ တယ်လီနော၏ အာရှ ရှစ်နိုင်ငံတွင် အသုံးပြုနိုင်သော ဝန်ဆောင်မှုမှာ ပြီးခဲ့သည့် ခရီးသွားကာလအတွင်း မြန်မာနိုင်ငံမှ ပြည်ပခရီးသွားများအကြား အသုံးပြုမှု စံချိန်တင်မြင့်တက်ခဲ့ကြောင်း သိရသည်။ တယ်လီနောဆင်းကတ်ကို အသုံးပြုပြီး ပြည်ပနိုင်ငံများတွင် ဖုန်းပြောဆိုမှု၊ စာတိုပေးပို့မှုနှင့် အင်တာနက် အသုံးပြုမှုတို့မှာ ၁၀ ဆ တိုးလာခဲ့ပြီး အသုံးပြုသူအရေအတွက်မှာ ၄၃ ရာခိုင်နှုန်း တိုးပွားခဲ့သည်ဟု တယ်လီနောမှ ဆိုသည်။

"မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေက နိုင်ငံခြား ခရီးသွားနေချိန်တွေမှာလည်း အချင်းချင်းချိတ်ဆက် ဆက်သွယ်ရတာကို သဘောကျကြသလို ပြည်ပနိုင်ငံတွေမှာ လွယ်ကူသက်သာစွာနဲ့ အသုံးပြုနိုင်တဲ့ တယ်လီနောရဲ့ Roaming ဝန်ဆောင်မှုအပေါ် အသုံးပြုတွေက ယုံယုံကြည်ကြည်၊ သက်သက်သာသာနဲ့ အဆင်ပြေပြေသုံးစွဲနေကြတာကို တွေ့ရတာ အင်မတန်ဝမ်းမြောက်မိပါတယ်။ ဒီ Roaming အစီအစဉ်ကြောင့် တယ်လီနောအသုံးပြုသူတွေအနေနဲ့ အာရှရဲ့ ရေပန်းအစားဆုံး ခရီးသွားဒေသတွေဖြစ်တဲ့ နိုင်ငံရှစ်နိုင်ငံကို သွားရောက်လည်ပတ်တဲ့အခါ ဆင်းကတ်ပြောင်းလဲစရာမလိုဘဲ မြန်မာပြည်တွင်းမှာသုံးတဲ့ ဈေးနှုန်းအတိုင်း အသုံးပြုနိုင်ပါတယ်" ဟု တယ်လီနော မြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေးအရာရှိချုပ် Joslin Myrthong က ပြောကြားခဲ့သည်။

ASIA-8 ဟု အမည်ရသည့် Roaming ဝန်ဆောင်မှု အစီအစဉ်တစ်ရပ်ကို Prepaid နှင့် Postpaid သုံးစွဲသူများအတွက် ဧပြီလမှစတင် မိတ်ဆက်ခဲ့သည်။ အဆိုပါအထူးအစီအစဉ်အရ ထိုင်း၊ မလေးရှား၊ တရုတ်၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ အင်ဒိုနီးရှားနှင့် ထိုင်ဝမ်တို့တွင် အလုပ်လုပ်ကိုင်နေသူများ သို့မဟုတ် အလည်အပတ် သွားရောက်သူများ အင်တာနက်ကို ပြည်တွင်းနှုန်းထားအတိုင်း တစ်မဂ္ဂါဘိုက်လျှင် ရှစ်ကျပ်နှုန်းဖြင့် သုံးစွဲနိုင်သည့်အတွက် ပုံမှန်ကုန်ကျသည့်နှုန်းထားထက် ၉၉ ဒသမ ၉၅ ရာခိုင်နှုန်းသက်သာစေကာ လက်ရှိတွင် တယ်လီနော၏ Roaming ဝန်ဆောင်မှု အထူးအစီအစဉ်ကို အသုံးပြုနိုင်သည့် အာရှ ရှစ်နိုင်ငံအနက် ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် တရုတ်နိုင်ငံများတွင် သုံးစွဲသူအများဆုံးဖြစ်နေကြောင်း သိရသည်။ တယ်လီနောဆင်းကတ်များ အားလုံးတွင် နိုင်ငံတကာ Roaming ဝန်ဆောင်မှုကို ထည့်သွင်းထားပြီးဖြစ်၍ အဆိုပါဝန်ဆောင်မှုကို ရယူအသုံးပြုရန်အတွက် သီးသန့် အဖိုးအခ ထပ်မံပေးဆောင်ရန် မလိုအပ်ကြောင်း သိရသည်။



ALEX

## တရုတ်နိုင်ငံတွင် Flash Sale စတင်
## Mi Mix 2S Art Special Edition

ကမ္ဘာတစ်ဝန်းရှိစမတ်ဖုန်းဈေးကွက်အတွင်း ရောင်းအားအကောင်းဆုံး အဆင့်လေးနေရာကိုရောက်ရှိလာသော Xiaomi သည် ပြီးခဲ့သည့်ဧပြီလက ဈေးကွက်အတွင်း ရောင်းချပေးခဲ့သော Mi Mix 2S အမျိုးအစားစမတ်ဖုန်းကို ယခုအခါ ထပ်မံ၍ Art Special Edition အဖြစ် မိတ်ဆက်ပေးလိုက်ပြီဖြစ်ကြောင်းသိရသည်။ အဆိုပါ Mi Mix 2S Art Special Edition တွင် ဘူးခွံဒီဇိုင်း၊ ကျောဘက်ဒီဇိုင်းနှင့် ဖုန်းကာဗာတစ်ခု၊ ဖုန်းကိုယ်ထည် ဒီဇိုင်းများကို အနုပညာဆန်ဆန် ဒီဇိုင်းပုံစံများဖြင့် ထည့်သွင်းဖန်တီးပေးထားခြင်းဖြစ်ကာ အဆိုပါဒီဇိုင်းများကို British Museum နှင့်ပူးပေါင်းကာ ဖန်တီးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ဖုန်းအတွင်းပိုင်း လုပ်ဆောင်ချက်များမှာ မူလ Mi Mix 2S နှင့် တူညီမှုများရှိသော်လည်း အချို့ကိုပိုမိုအဆင့်မြှင့်တင် ထည့်သွင်းပေးထားကြောင်းသိရသည်။ ယခင်မော်ဒယ်၏ အမြင့်ဆုံးအမျိုးအစားဖြစ်သည့် RAM 8GB နှင့် သိုလှောင် သိမ်းဆည်းမှုအတွက် 256GB Storage ပမာဏတို့ပါဝင်ထားပြီး Qualcomm SDM845 Snapdragon 845 ပရိုဆက်ဆာနှင့် Android 8.0 လည်ပတ်မှုစနစ်ကို ပြန်လည်ထည့်သွင်းပေးထားပြီး လုပ်ဆောင်ချက်မြင့်မားသော ဂရပ်ဖစ် ပရိုဆက်ဆာလည်း ပါဝင်သည်။ မျက်နှာပြင်အကျယ် ၅ ဒသမ ၉၉ လက်မဖြစ်ပြီး အခြားနောက်ဆုံးထုတ်စမတ်ဖုန်းများကဲ့သို့ Notch ပါဝင်မှုမရှိခြင်းသည် Xiaomi ၏ ထူးခြားသည့် ဒီဇိုင်းဖြစ်ကာ Bezel Less မျက်နှာပြင်ဒီဇိုင်းကို အစောဆုံးပြသနိုင်ခဲ့သော စမတ်ဖုန်းစီးရီးထဲတွင် Mi Mix စမတ်ဖုန်းများလည်း ပါဝင်လာခဲ့ကြောင်းသိရသည်။



အခြားလုပ်ဆောင်ချက်များမှာ ကျောဘက်ကင်မရာ 12MP+12MP နှစ်လုံးပါဝင်ပြီး အရှေ့ဘက်ကင်မရာ 5MP ပါဝင်ကာ ဖုန်းမျက်နှာပြင်၏အပေါ်ဘက်တွင် တပ်ဆင်ပေးထားခြင်းမဟုတ်ဘဲ အောက်ဘောင်တွင်ပါဝင်လာခြင်းဖြစ်ကာ ယခင် Mi Mix 2S ကဲ့သို့ပင်ဖြစ်သည်။ နားကြပ်ပေါက်ပါဝင်ခြင်းမရှိဘဲ လျင်မြန်သည့်ကြိုးမဲ့အားသွင်းစနစ်နှင့် 3400 mAh ဘက်ထရီပမာဏပါဝင်ကာ ယခင်မော်ဒယ်ထွက်ရှိခဲ့စဉ်က လူကြိုက်များခဲ့ပြီး ယခု Mi Mix 2S Art Special Edition ကို တရုတ်နိုင်ငံဈေးကွက်၌ ယခုလ ၁၀ ရက်တွင် ၆၇၅ ဒေါ်လာဝန်းကျင်ခန့်တွင် ရောင်းချတော့မည်ဖြစ်ကြောင်း သိရသည်။

**ဇာဏီ**

# ဇာတ်လမ်းတွဲသစ်ကို လက်ခံစဉ်းစားပေးနေတဲ့ ဆူဇီ

တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဆူဇီဟာ လတ်တလောမှာတော့ SBS ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတစ်ခုမှာ ပါဝင်သွားဖို့ရာ လက်ခံစဉ်းစားပေးနေပြီဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "MissA"ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် အနုပညာလောကအတွင်း စတင်ဝင်ရောက်ခဲ့တဲ့ ဆူဇီဟာ နောက်ပိုင်းမှာတော့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ်သာ ရပ်တည်ခဲ့တာဖြစ်ပါတယ်။ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ်မှ သရုပ်ဆောင်နယ်ပယ်ဘက်ကို ခြေဆန့်ခဲ့တဲ့ ဆူဇီဟာ အချိန်တိုအတွင်း အောင်မြင်မှုတွေရကာ ခေါင်းဆောင်မင်းသမီးအဖြစ် ဇာတ်ကားပေါင်းများစွာ ရိုက်ကူးခဲ့ပြီး ထူးချွန်ဆုတွေကိုလည်း လက်ခံရရှိထားခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာ ဆူဇီ လက်ခံစဉ်းစားပေးနေတဲ့ ဇာတ်လမ်းတွဲကတော့ "Vagabond"ဖြစ်ပြီး ယင်းဇာတ်လမ်းတွဲကိုတော့ ကိုရီးယားဝမ် ၂ ဒသမ ၅ ဘီလီယံ အကုန်အကျခံကာ ရိုက်ကူးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။




"Vagabond"ဟာ လေယာဉ်ပျက်ကျခဲ့ရပြီးနောက် ဒီလိုဖြစ်ခဲ့ရတဲ့ အမှန်တရားနဲ့ နောက်ကွယ်က အကျင့်ပျက်ခြစားမှုတွေကို ဖော်ထုတ်သွားမယ့် လူတစ်ဦးအကြောင်းကို ဇာတ်လမ်းဆင် ရိုက်ကူးသွားမှာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ အဓိကအမျိုးသားဇာတ်ဆောင်တွေအဖြစ် မင်းသား လီဆန်းဂီနဲ့ ရှင်ဆန်ရော့တို့ ပါဝင်သွားမှာဖြစ်ကြောင်း အတည်ပြုခဲ့ပြီး ဖြစ်တယ်လို့လည်း သိရပါတယ်။




# တေလာဆွစ်ထံ ငြိမ်းချမ်းရေးစာတစ်စောင်ပေးပို့ခဲ့တဲ့ ကတ်တီပါရီ

လွန်ခဲ့တဲ့ ခြောက်နှစ်ခန့်က စတင်ခဲ့တဲ့ ဇာတ်လမ်းတစ်ပုဒ်ဟာ လတ်တလောမှာတော့ ငြိမ်းချမ်းရေးစကားတွေနဲ့ အဆုံးသတ်ဖို့ရာ ဖြစ်လာခဲ့ပါပြီ။ ဒီဇာတ်လမ်းကတော့ ဟောလိဝုဒ်ပရိသတ်တိုင်းသိတဲ့ ပေ့ါပ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ ကတ်တီပါရီနဲ့ တေလာဆွစ်တို့ရဲ့ ဇာတ်လမ်းဖြစ်ပါတယ်။ သူတို့နှစ်ဦးအကြား နှစ်ပေါင်းများစွာရှိခဲ့တဲ့ ဆိုးရွားတဲ့ ဆက်ဆံရေးတွေဟာ အခုတော့ အဆုံးသတ်ခဲ့ပြီဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မေ ၈ ရက်မှာ နယ်လှည့်ဖျော်ဖြေပွဲတွေကို စတင်ခဲ့တဲ့ တေလာဆွစ်ထံကို ဖျော်ဖြေပွဲတွေမစတင်မီမှာ ကတ်တီပါရီက လက်ဆောင်တွေ ပေးပို့ခဲ့တာဖြစ်ပါတယ်။ ဒီလက်ဆောင်တွေကိုတော့ တေလာဆွစ်က သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ဖော်ပြပေးခဲ့ပါတယ်။ ကတ်တီပါရီ ပေးပို့ခဲ့တာကတော့ ပြန်လည်အဆင်ပြေလိုကြောင်း ရေးသားထားတဲ့ စာတစ်စောင်နဲ့ ငြိမ်းချမ်းရေးရဲ့ သင်္ကေတဖြစ်တဲ့ သံလွင်ခက်တွေပဲဖြစ်ပါတယ်။ ယခင်က ကတ်တီပါရီဘက်က ပြန်လည်အဆင်ပြေလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ပေမယ့် တေလာဆွစ်က လက်ခံခဲ့ခြင်းမရှိပါဘူး။ ဒါပေမယ့် လတ်တလောမှာ ကတ်တီပါရီက စာရေးသားကာ ငြိမ်းချမ်းရေးစကားဆိုခဲ့ချိန်မှာတော့ တေလာဆွစ်က လက်ခံခဲ့တာပါ။ ကတ်တီပါရီရဲ့ လက်ဆောင်တွေကို သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ပြန်လည်ဖော်ပြခဲ့ရာမှာလည်း တေလာဆွစ်က ကျေးဇူးပါပဲ ကတ်တီပါရီလို့ အဓိပ္ပာယ်ရတဲ့ စာသားတွေကိုပါ ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

တေလာဆွစ်က ကတ်တီပါရီပေးပို့ခဲ့တဲ့ လက်ဆောင်တွေကို ဖော်ပြရာမှာ ဗီဒီယိုဖိုင်တစ်ခုအဖြစ် အင်စတာဂရမ်ပေါ်ကနေတစ်ဆင့် ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ယင်းဗီဒီယိုမှာတော့ တေလာဆွစ်က သူဟာ နယ်လှည့်ဖျော်ဖြေပွဲတွေကို မစတင်မီ အဝတ်လဲခန်းအတွင်း ဝင်ရောက်ခဲ့ရာမှာတော့ သူ့အတွက် ရောက်ရှိနေတဲ့ လက်ဆောင်တွေကို တွေ့ခဲ့ရတာဖြစ်ကြောင်း ဆိုပါတယ်။ သူငယ်ချင်းဟောင်းကြီးရေလို့ အစပြုထားတဲ့ စာတစ်စောင်နဲ့ သံလွင်ခက်တွေကို တွေ့ခဲ့ရတာဖြစ်ပြီး ဒီလက်ဆောင်တွေဟာ သူ့အတွက်တော့ အလွန်ကို အဓိပ္ပာယ်ရှိကြောင်းလည်း တေလာဆွစ်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ကတ်တီပါရီနဲ့ တေလာဆွစ်တို့ဟာ တစ်ချိန်က အလွန်ကို ခင်မင်ခဲ့ကြတဲ့ သူငယ်ချင်းတွေဖြစ်ခဲ့ကြပါတယ်။ ဒါပေမယ့် တေလာဆွစ်ရဲ့ ဖျော်ဖြေပွဲတွေကျင်းပခါနီးမှာ တေလာဆွစ်ရဲ့ နောက်ခံအကအဖွဲ့ကို ကတ်တီပါရီက ခေါ်ယူသွားခဲ့တာကြောင့် သူတို့အကြားမှာ ဆက်ဆံရေးမပြေလည်ဖြစ်ခဲ့ရပါတယ်။ နောက်ပိုင်းမှာ ပိုမိုဆိုးရွားခဲ့ပြီး အခေါ်အပြောမရှိတော့တဲ့အထိ ဖြစ်ခဲ့ရတာပါ။ တေလာဆွစ်က သူနဲ့ ကတ်တီပါရီတို့ရဲ့အကြောင်းကို တေးသီချင်းတွေထဲမှာ ထည့်သွင်းရေးသားလေ့ရှိပေမယ့် ကတ်တီပါရီအကြောင်း ရေးသားထားတာဖြစ်တယ်လို့တော့ ပြောကြားခြင်းမရှိပါဘူး။ ကတ်တီပါရီကလည်း တေလာအကြောင်း တေးသီချင်းတွေ ရေးသီလေ့ရှိပါတယ်။ ဒါပေမယ့် ကတ်တီပါရီက ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းမှာ သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ထွက်ရှိပြီး အရောင်းမြှင့်တင်ရေးလုပ်ငန်းတွေ လုပ်ဆောင်နေချိန်မှာ သူ့အနေနဲ့ တေလာဆွစ်နဲ့ ပြန်လည်အဆင်ပြေလိုကြောင်း၊ အရာရာသင်ပုန်းချေကာ အသစ်ကနေပြန်စချင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီလို ရုပ်သံအစီအစဉ်ကနေတစ်ဆင့် တရားဝင် ထုတ်ဖော်ပြောကြားခဲ့ပေမယ့် ကတ်တီပါရီရဲ့ တောင်းဆိုမှုကို တေလာဆွစ်ဘက်က တုံ့ပြန်ခဲ့ခြင်းမရှိပါဘူး။ ဒါပေမယ့် တေလာဆွစ်နဲ့ ရင်းနှီးတဲ့ သတင်းရင်းမြစ်တွေကနေတစ်ဆင့် ပြန်လည်ထွက်ပေါ်လာခဲ့တာကတော့ ကတ်တီပါရီရဲ့ တောင်းဆိုမှုအပေါ် တေလာဆွစ်က ပေ့ါပ်ကြယ်ပွင့်အနေနဲ့ သူ့ရဲ့တေးအယ်လ်ဘမ်သစ်ရောင်းအားတက်ဖို့ရာ သူ့ကို အသုံးချလိုတာဖြစ်တယ်လို့ ထင်နေတာဖြစ်ကြောင်း သိရပါတယ်။

ဒါပေမယ့် လတ်တလောမှာတော့ ဒီလိုဆိုးရွားတဲ့ ဆက်ဆံရေးတွေအားလုံးအဆုံးသတ်ခဲ့ပြီ ဖြစ်ပါတယ်။ ကတ်တီပါရီရဲ့ ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို တေလာဆွစ်ဘက်ကလည်း လက်ခံပြီး ကျေးဇူးတင်စကားတောင် ရေးသားဖော်ပြခဲ့ပါတယ်။ ဒီအဖြစ်အပျက်နဲ့ပတ်သက်ပြီး တေလာဆွစ်ရဲ့ ပရိသတ်တွေကလည်း ဝမ်းသာကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ အပြုသဘောဆောင်တဲ့ မှတ်ချက်တွေ ရေးသားဖော်ပြတာကိုလည်း တွေ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



# တေးအယ်လ်ဘမ်သစ်ရဲ့ ခေါင်းစီးတေးဗီဒီယို BTS ရိုက်ကူးပြီးစီး

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"ဟာ မကြာမီမှာ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်ပေးသွားတော့မှာ ဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်သစ်ရဲ့ ခေါင်းစီးတေးအတွက် ဗီဒီယိုကိုလည်း လတ်တလောမှာ အပြီးသတ်ရိုက်ကူးခဲ့ပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယခုလအတွင်းမှာပင် ထုတ်လွှင့်ပေးသွားမယ့် အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ် "Love Yourself: Tear"ရဲ့ ခေါင်းစီးတေးဗီဒီယိုကိုတော့ ပြီးခဲ့တဲ့ မေ ၆ ရက်မှာ အပြီးသတ်ခဲ့တာဖြစ်ကြောင်း အေဂျင်စီက မေ ၇ ရက်မှာ ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်ပါတယ်။ မေ ၈ ရက်မှာတော့ တေးအယ်လ်ဘမ်သစ်အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကိုလည်း ထုတ်ဖော်ပြသလာတာ တွေ့ရပါတယ်။ ယင်းဓာတ်ပုံတွေမှာတော့ အုပ်စုလိုက်ဓာတ်ပုံအပြင် အဖွဲ့ဝင်တစ်ဦးချင်းစီရဲ့ အလှဓာတ်ပုံတွေလည်း ပါဝင်နေပြီး ဓာတ်ပုံတွေကိုတော့ အဖြူ အမည်းပုံစံနဲ့ ရိုက်ကူးထားတာကိုလည်း တွေ့ရပါတယ်။

တေးအယ်လ်ဘမ်တစ်ခုလုံးကိုတော့ မေ ၁၈ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာ ဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်အတွက် ဖျော်ဖြေတင်ဆက်မှုကို ပထမဆုံးအကြိမ်အဖြစ် လာမယ့် မေ ၂၀ ရက်မှာ ကျင်းပသွားမယ့် နိုင်ငံတကာတေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "Billboard Music Awards"ဆုပေးပွဲမှာ ဖျော်ဖြေပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ ယင်းဆုပေးပွဲမှာတော့ "BTS"ဟာ ယခုနှစ်ရဲ့ "Top Social Artist Awards"ဆုအတွက် အမည်စာရင်းလျာထားဖော်ပြခြင်းခံထားရတာ ဖြစ်ပါတယ်။ "BTS"နဲ့ အပြိုင် ကမ္ဘာကျော်တေးသံရှင်တွေလည်း ဆန်ခါတင်စာရင်းဝင်ထားကြပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်းမှာတော့ "BTS"ဟာ ဂျက်စတင်ဘီဘာ၊ ဆယ်လီနာဂိုမက်ဇ်တို့လို ပေ့ါပ်တေးသံရှင်တွေနဲ့ အပြိုင် ဆန်ခါတင်စာရင်းဝင်ခဲ့ပြီး နောက်ဆုံးမှာတော့ "BTS"က ထူးချွန်ဆုကို ဆွတ်ခူးသွားနိုင်ခဲ့တာပါ။ ဒီထူးချွန်ဆုအတွက် "BTS"အနေနဲ့ ဆန်ခါတင်စာရင်းဝင်ခဲ့တာကတော့ ယခုနှစ်မှာ ဒုတိယအကြိမ်မြောက်ဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## အောင်မော်စံဆရာတော်(ကချင်ပြည်နယ်)၏မြစ်ဆုံကြီး




မြစ်ဆုံသည် အမိဧရာဝတီမြစ်ကြီး စတင်ပေါက်ဖွားရာ နေရာဖြစ်ပြီး မြန်မာနိုင်ငံတွင် ရွှေအများဆုံးထွက်ကြောင်း စကြာကောင်းစံစီစဉ်သည့် အောင်မော်စံဆရာတော် (ကချင်ပြည်နယ်)၏ မြစ်ဆုံကြီး စာအုပ်ထွက်ရှိလာသည်။


မေခ မလိခ ရွှေတွေရ မှတ်ဖို့ ရွှေဘိုခရိုင်မှုဟု ရေးစာဆိုရှိခဲ့သည်။ ကချင်ပြည်နယ်အတွင်း မေခနှင့် မလိခမြစ်နှစ်သွယ်ပေါင်းဆုံသည့် နေရာတွင် ရွှေဖောဖောသီသီထွက်ရှိသည်။ ကချင်ပြည်နယ်သည် ရွှေပြည်နယ်ဖြစ်ကာ ကချင်လူမျိုးများသည် ရွှေလူမျိုးများဖြစ်သည်။ ရှေးယခင်က မေခနှင့်မလိခမြစ်ဆုံရာမြစ်ဆုံဒေသတွင် မုဆိုးများတောလိုက်ရာမှရရှိသောသားကောင်များကို ရွှေပေး၍ဝယ်ယူသူက အမြဲပင် အဆင်သင့်ရှိနေသောကြောင့် ရရှိသောသားကောင်များကိုမစားရဘဲ ရွှေဖြင့်သာဝယ်ယူသောကြောင့် ရွှေကိုသာရရှိခဲ့ကြသည်။ ထိုသို့ရွှေပေါများစွာ ထွက်ရှိသော ကချင်ပြည်နယ် မြစ်ဆုံဒေသသည် မြန်မာနိုင်ငံ၏တန်ဖိုးကြီးမားသောဒေသတစ်ခုဖြစ်သည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ် - ၂၃၇၊ ၃၉ - လမ်း(ပထမထပ် - ဝဲ)၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၁၀ - ၈၃၉၂၈၃၅နှင့် ၀၉ - ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ်၁၂၀၀ဖြင့် ဖြန့်ချိသည်။**

## ခေါင်းဆောင်မှုအတွေး၏အရေးပါမှု


ခေါင်းဆောင်သည် လမ်းသိသူဖြစ်ပြီး ထိုလမ်းအတိုင်းလျှောက်လှမ်းကာ မိမိ လက်အောက်ငယ်သားများကို ကောင်းမွန်သည့် လုပ်ဆောင်မှုများကို မြင်တတ်လာ အောင် လမ်းညွှန်သူဖြစ်ကြောင်း စာရေးဆရာချစ်နိုင်(စိတ်ပညာ) စီစဉ်သည့် ခေါင်းဆောင်မှုအတွေး၏ အရေးပါမှု စာအုပ်ထွက်ရှိလာသည်။

ခေါင်းဆောင်ကောင်းတစ်ဦးသည် ကိုယ်ပြောသည့်စကားအတိုင်း မိမိလက်အောက်ကလူငယ်တွေလုပ်ရမှာဖြစ်သည်။ ထို့ကြောင့် ကိုယ့်အောက်ကသူများ အလုပ်လုပ်ချင်လာအောင် ပြောတတ်ရမည်၊ ကိုယ်ဘယ်လောက်ပဲမှန်မှန် ကိုယ်ပြောသည့်စကားက အမှန်ပြောပေမယ့် အပြောမှန်ရမည်ဖြစ်သည်။ ထိုသို့အမှန်ပြောဆိုရာတွင် တစ်ဖက်လူနားလည်နိုင်အောင် ပြောသင့်ပြောထိုက်သည့်အချိန်တွင် ပြောခြင်း၊ ပြောသင့်ပြောထိုက်သည့် နေရာတွင် ပြောခြင်း၊ ပြောဆိုသည့်အခါတွင်လည်း ပြောပုံပြောနည်း မှန်ကန်ရမည်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းမိမိပြောသောစကားသည် အမှန်ကိုပြောရမည်ဖြစ်ပြီး အပြောမှန်ရန်လည်းလိုအပ်ကြောင်း အဆိုပါစာအုပ်တွင်ရေးသားထားသည်။




**စာအုပ်ကို နိုင်စာပေ၊ အမှတ် - ၁၅၀၊ ရတနာလမ်းမကြီး၊ ရတနာအိမ်ရာ၊ တိုင်းရင်းသားကျေးရွာအနီး၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၉၀ - ၅၅၀၃၂၅၄နှင့် ၀၉ - ၇၃၂၂၄၅၂၄တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။**

## အခြေခံအကျဆုံးကွန်ပျူတာ Office သင်ခန်းစာ





ကွန်ပျူတာပညာရပ်ကို စတင်လေ့လာနိုင်စေရန်အတွက် အခြေခံအကျဆုံး စာအုပ်ဖြစ်သောကြောင့် ကျောင်းသား ကျောင်းသူနှင့် ကွန်ပျူတာလေ့လာလိုက်စားလိုသူအများအတွက် သရ (ICT) စီစဉ်သည့် အခြေခံအကျဆုံး ကွန်ပျူတာ Office သင်ခန်းစာ စာအုပ်ထွက်ရှိလာသည်။

အဓိကအားဖြင့် ကွန်ပျူတာဟုပြောလိုက်သည်နှင့် ခုံပေါ်တင်ထားသည့် desktop နှင့် ခရီးဆောင်ကွန်ပျူတာ laptop ဟူ၍နှစ်မျိုးရှိပြီး ကမ္ဘာပေါ်တွင် အသုံးအများဆုံး OS (Operation System)မှာ Window OS ဖြစ်ပြီး ဒုတိယအများဆုံးအသုံးပြုသည့် OS အနေဖြင့် Apple ထုတ် MAC OS ကို အသုံးပြုကြသည်။ ကွန်ပျူတာအခြေခံ အနေဖြင့် ပါဝါအဖွင့်အပိတ်အပြင် မသိမဖြစ်သော data သိမ်းဆည်းခြင်း၊ File ထားသိုခြင်းနှင့် အခြားသောသဘောတရားများစွာကိုပါရေးသားထားသောကြောင့် ကွန်ပျူတာလေ့လာသူများဆောင်ထားသင့်သော စာအုပ် တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ် - ၂၃၇၊ ၃၉ - လမ်း(ပထမထပ် - ဝဲ)၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၁၀ - ၈၃၉၂၈၃၅နှင့် ၀၉ - ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ်၄၀၀၀ဖြင့် ဖြန့်ချိသည်။**

## ပိုင်းခြား၊ ဆင်ခြင်၊ ဆုံးဖြတ်နိုင်သောစွမ်းရည်များ





စာရေးဆရာ ဝင်းအောင်(MBA) ဘာသာပြန်ဆိုထားသည့် ပိုင်းခြား၊ ဆင်ခြင်၊ ဆုံးဖြတ်နိုင်သော စွမ်းရည်များ စာအုပ်ထွက်ရှိလာသည်။ စွမ်းရည်မှာ အတွေးအခေါ် အယူအဆနှင့် ငြင်းခုံဆွေးနွေးမှုများကို အဓိပ္ပာယ်ဖွင့်ခြင်း၊ ပိုင်းခြားစိစစ်ခြင်း၊ အကဲဖြတ်ခြင်းတို့ပါဝင်သည်။ Critical Thinking Skillကို တိုက်ရိုက်လေ့လာသင်ယူခြင်းဖြစ်ပြီး အချို့သောပညာရှင်များကဲ့သို့ သွယ်ဝိုက်သောနည်းများဖြင့် ကျောင်းသင်ခန်းစာများ သင်ကြားစဉ်တွင် ထည့်သွင်းသင်ကြားနည်းမဟုတ်ပေ။ ထို့ကြောင့် ပိုင်းခြား၊ ဆင်ခြင်၊ ဆုံးဖြတ်နိုင်သောစွမ်းရည်ကို မိမိတို့၏နေ့စဉ်ဘဝများနှင့် အခြားသော ကျောင်းသင်ခန်းစာများကို လေ့လာသင်ယူနေစဉ်အတွင်း လက်တွေ့အသုံးချနိုင်သည်။ ဦးစွာ ပိုင်းခြား၊ ဆင်ခြင်၊ ဆုံးဖြတ်နိုင်သည့် စွမ်းရည်ကို ရှင်းလင်းဖော်ပြထားကာ မည်သို့သင်ယူနိုင်သည်ကိုရေးသားထားသည်။

**စာအုပ်ကိုအတွေးရောင်စုံစာအုပ်တိုက်၊ အမှတ် - ၂၈၊ ခေမာလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၅၁၃၇၀၂၈နှင့် ၀၉ - ၅၁၆၉၆၀၇တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့်ဖြန့်ချိသည်။**

## Excel 2016

ကွန်ပျူတာ Excel လေ့လာလိုသူများအတွက် စာရေးသူအောင်မြင့် (M.E., AUSTRALIA) ရေးသားသည့် Excel 2016 စာအုပ်ထွက်ရှိလာသည်။

ကွန်ပျူတာအသုံးပြုသူများတွင် အများဆုံးအသုံးပြုသည့် spreadsheet software အသုံးပြုနည်းဖြစ်ပြီး data အများအပြားအသုံးပြုရသော စာရင်းဇယားများကို ရေးဆွဲခြင်း၊ ပုံပြဂရပ်များရေးဆွဲကာ အလုပ်လုပ်မည်ဆိုပါ လွန်စွာစွမ်းအားမြင့်သည့် tool တစ်ခုဖြစ်သည်။ စင်စစ်အားဖြင့် Excel ကို စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုခြင်းမဟုတ်ပေ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အဆင့်မြင့်သင်္ချာပုစ္ဆာများကိုလည်းဖြေရှင်းနိုင်မည်ဖြစ်သည်။ ထို့နောက် Excel VBA(Visual Basic for Application) အသုံးပြုပြီး ပရိုဂရမ်များကိုရေးသားနိုင်စေရန် အဆိုပါစာအုပ်တွင်ဖော်ပြထားသောကြောင့် Excel လေ့လာလိုသူများအတွက် အထူးသင့်လျော်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။




**စာအုပ်ကို အောင်မြင်စာပေ၊ အမှတ်(၁) အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၅၄၁၇၄၅နှင့် ၀၁ - ၅၅၂၁၀၃တို့မှ ဖြန့်ချိသည်။**

## မညိုးပန်းပွင့် ကဗျာများ




ကလေးသူငယ်များဘာသာ၊ ယဉ်ကျေးမှု၊ မျိုးချစ်စိတ်တို့ ရှင်သန်ပြီး ပျော်ရွှင်မှုရရှိနိုင်စေရန်မြတ်မိုးဖြူ စီစဉ်သည့် မညိုးပန်းပွင့် ကဗျာများ စာအုပ်ထွက်ရှိလာသည်။

လူ့ဘဝသက်တမ်း တစ်လျှောက်တွင် ကလေးငယ်အရွယ်သည် အဓိကအကျဆုံးနှင့် နူးညံ့ပျော့ပျောင်းကာ ပုံသွင်းရလွယ်ကူသောကြောင့် မိမိတို့၏ရင်သွေးသားငယ် သမီးငယ်များကို ပုံသွင်းဖို့လိုအပ်သည်။ ငယ်စဉ်ကတည်းကပင် ပုံသွင်းခြင်းသည် ဘဝတစ်လျှောက်လုံးအတွက် ဆက်လက်သရုပ်ဖော်သွားနိုင်မည်ဖြစ်သည်။ ယင်းအတွက်ကြောင့် မြန်မာနိုင်ငံ၏ဆယ့်နှစ်လရာသီပွဲတော်များနှင့် ရိုးရာဓလေ့များကိုမသိမဖြစ်၊ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်မိဘဆွေမျိုးအသိုင်းအဝိုင်းအတွက် မိရိုးဖလာဖြစ်သောကြောင့် ကလေးတို့အတွက် ရိုးရာဓလေ့ဆိုသည့် ခေါင်းစဉ်အောက်တွင် ကဗျာရှစ်ပုဒ်ကို ဖွဲ့နွဲ့ထားပြီး ကလေးတို့ရဲ့ ချစ်ခြင်းမေတ္တာနှင့် စိတ်ကူးအတွေး ဆိုသည့်ခေါင်းစဉ်အောက်တွင် ကဗျာ ၁၇ ပုဒ် စသည့်ခေါင်းစဉ်များဖြင့် ကလေးငယ်စိတ်ပျော်ရွှင်နိုင်စေရန်ရေးသားထားသည်။

**စာအုပ်ကိုဇေပြီဦးစာပေ၊ တိုက် - ၁၂၊ အခန်း - ၆၄၊ ပြည်ရိပ်မွန်(၆)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၃၀၆၀၂၆၉နှင့် ၀၉ - ၇၇၀၈၅၀၄၆၄တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။**

## ကလေးနှင့်ပန်းချီ




ကလေးငယ်များကို ငယ်ရွယ်သည့်အချိန်တွင် အသိဉာဏ်နှင့် ဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်စေရန် စာရေးဆရာကိုမင်းမင်းစီစဉ်ရေးသားသည့် ကလေးနှင့် ပန်းချီစာအုပ်ထွက်ရှိလာသည်။

ကလေးများကို ပန်းချီပညာသင်ပေးသည့်အခါတွင် အများအားဖြင့် ပျော်ရွှင်နိုင်စေရန် ငယ်စဉ်ကတည်းကပင် အလှအပကိုတန်ဖိုးထားတတ်စေရန်၊ ပတ်ဝန်းကျင်ကိုစူးစမ်းလေ့လာမှုရှိစေရန်နှင့် စိတ်ကူးဉာဏ်ပိုမိုတိုးတက်လာစေရန်ရည်ရွယ်၍ရေးသားထားသည်။ ကလေးငယ်များပန်းချီပညာကို လွယ်ကူစွာ လေ့လာတတ်မြောက်နိုင်စေရန် ကလေးတွေကို သင်ပေးလို့ရနိုင်သည့် ပန်းချီအမျိုးအစားများ၊ ကလေးပန်းချီသင်ကြားနည်းပုံစံများ၊ ကလေးပန်းချီ သူ့အတွေး သူ့လက်ရာနှင့် ကလေးပန်းချီ ဆောင်းပါးများစသည့်ခေါင်းစဉ်များဖြင့် ကလေးသူငယ်များ ပန်းချီပညာနားလည်နိုင်စေရန် ရည်ရွယ်၍ရေးသားထားသည်။

**စာအုပ်ကိုဇေပြီဦးစာပေ၊ တိုက် - ၁၂၊ အခန်း - ၆၄၊ ပြည်ရိပ်မွန်(၆)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၃၀၆၀၂၆၉နှင့် ၀၉ - ၇၇၀၈၅၀၄၆၄တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

မြန်မာ့ပညာရေးကို တန်ဖိုးထားအားပေးသော

MEC

# MYANMAR EDUCATION CENTRE

# မြန်မာ့ပညာရေးအောင်မြေ

ကိုယ်ပိုင်အထက်တန်းကျောင်း
သူငယ်တန်းမှ ဒသမတန်း

မေလ ၁၀ ရက်နေ့တွင် ကျောင်းစတင်ဖွင့်လှစ်ပါမည်

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

ကျောင်းလခနှင့် နှစ်စဉ်ကြေး

| မူလတန်း နှစ်စဉ်ကြေး ၄၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| သူငယ်တန်း (KG) | ၄၀၀၀၀ |
| ပထမတန်း | ၄၀၀၀၀ |
| ဒုတိယတန်း | ၄၀၀၀၀ |
| တတိယတန်း | ၄၀၀၀၀ |
| စတုတ္ထတန်း | ၄၅၀၀၀ |

| အလယ်တန်း နှစ်စဉ်ကြေး ၅၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| ပဥ္စမတန်း | ၄၅၀၀၀ |
| ဆဋ္ဌမတန်း | ၄၅၀၀၀ |
| သတ္တမတန်း | ၄၅၀၀၀ |
| အဋ္ဌမတန်း | ၅၀၀၀၀ |
| **အထက်တန်း နှစ်စဉ်ကြေး ၆၀၀၀၀** | |
| နဝမတန်း | ၅၅၀၀၀ |
| ဒသမတန်း | ၆၅၀၀၀ |

ကျောင်းချိန်နှင့် အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများအတွက်

- သူငယ်တန်းမှ ဒသမတန်းအထိ နံနက် ၈:၀၀ မှ နေ့လယ် ၁:၃၀ နာရီအထိ။
- အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း များအတွက် Study Guide အချိန်များ ရှိပါသည်။ (Study Guide အချိန်ယူသော အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများ နံနက် ၈:၀၀ နာရီမှ ညနေ ၄:၃၀ နာရီအထိ)

လုံခြုံစိတ်ချရသော ကျောင်းကား (Ferry) များ ရှိပါသည်။ ရန်ကုန်မြို့အနှံ့ ကြို/ပို့ စီစဉ်ပေးပါသည်

ကျောင်းတည်နေရာ MEC-1 အမှတ် (၁၅၈)၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ဗိုတောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၅၀ ၅၅ ၂၀၃၊ ၀၉ ၄၄ ၅၀၅၅ ၂၀၃၊ ၀၉ ၇၉၈၁၃၆၁၈၈၇၊ ၀၉ ၉၆၁၇၇၁၅၄၅၁

Myanmar Education Centre (MEC) သည် စေတနာ၊ သဒ္ဓါ၊ ဝါသနာတို့ဖြင့် ရင်းနှီးမတည်ကာ ကျောင်းလစဉ်ကြေးကို မိဘများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်ရည်ရွယ်၍ အတတ်နိုင်ဆုံး လျှော့ချကောက်ခံထားပါသည်

CROWN EDUCATION
YOUR DOOR TO THE FUTURE

" ဩစတြေးလျ ဘွဲ့ကို ကုန်ကျစရိတ် သက်သာစွာဖြင့် "

စင်ကာပူနှင့် ဩစတြေးလျ နှစ်နိုင်ငံတို့တွင် တက်ရောက်သင်ယူနိုင်သည့် ဘာသာရပ်များအကြောင်းဆွေးနွေးပွဲ

Business | Information Technology | Psychology | Education

- ဘာသာရပ်အလိုက် ပေးအပ်သွားမည့် 100%, 50%, 25% ပညာသင်ဆုသတင်းများနှင့် လျှောက်ထားမှုများ
- စင်ကာပူနှင့် ဩစတြေးလျ Campus နှစ်ခုလုံးတွင် ပြောင်းလဲတက်ရောက်နိုင်ခွင့်
- စင်ကာပူကျောင်း လျှောက်ထားသူများအတွက် CROWN Education မှ စီစဉ်ပေးမည့် ခံစားခွင့်များ

ရန်ကုန်မြို့ဆွေးနွေးပွဲ
နေ့ရက် ။ ။ မေ (၁၂)ရက် (စနေနေ့)
အချိန် ။ ။ (၁၀)နာရီ မှ (၁၂)နာရီ
နေရာ ။ ။ MELIA HOTEL, (Function Room - 5)

မန္တလေးမြို့ဆွေးနွေးပွဲ
နေ့ရက် ။ ။ မေ (၁၃)ရက် (တနင်္ဂနွေနေ့)
အချိန် ။ ။ (၁၀)နာရီ မှ (၁၂)နာရီ
နေရာ ။ ။ HOTEL MANDALAY, (Sabei Phyu Room)



JAMES COOK UNIVERSITY SINGAPORE
Celebrating 15 years 2003–2018

အခမဲ့ ပညာရေးဆွေးနွေးပွဲ ဖြစ်သည့်အတွက် အခုပဲ ကြိုတင် စာရင်းပေးသွင်းပြီး တက်ရောက်လိုက်ပါ ----

ဖုန်းနံပါတ် - ၀၁ ၅၂၇ ၈၃၈၊ ၀၉ ၄၄ ၅၅ ၆၆ ၇၀၁ ၊ ၀၉ ၄၄ ၅၅ ၆၆ ၇၀၂ ၊ ၀၉ ၄၅၀ ၂၀၀ ၀၈၀

## ပညာတံခွန် (၁၀ တန်းစာသင်စာကျက်ဝိုင်းနှင့် အထူးဘော်ဒါ)

- မေလတစ်လတည်း (၁ သိန်းခွဲ) သွင်းပြီး မနက် ၉:၀၀ နာရီမှ ညနေ ၅:၀၀ နာရီထိ နေ့စဉ်လာ၍တက်ရောက်ပြီး သင်ကြားမှုပိုင်းကို စုံစမ်းစစ်ဆေးနိုင်သည်။ (ညအိပ် ၂၅၀၀၀၀/)
- တစ်ဦးချင်းတစ်ယောက်ချင်း၏ အခြေခံကျေမှုများကို ဖော်ထုတ်၍စနစ်တကျသင်ကြားပေးမည်။
- သင်ကြားမှုအားလုံး၊ ပတ်ဝန်းကျင်၊ ကြိုက်ပြီဆိုမှ မိဘနှင့်ကျောင်းသား နှစ်ဦးနှစ်ဖက်ဆုံးဖြတ်ပြီး ဘော်ဒါအပ်ရန် အကြံပြုပါသည်။ အချိန်မပေးနိုင်သူများအတွက် သီးသန့်စာသင်အချိန်ဇယားဆွဲ၍ ကြပ်မတ်သင်ကြားပေးမည်။ ဖုန်း-၀၉ ၄၂၀ ၂၇၅၆၆၃။

၄-အေ၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာဝင်း၊ စမ်းချောင်းမြို့နယ်။ ၁၉၊ ပန်းလှိုင်လမ်း၊ ကြည့်မြင်တိုင်။

## မြေရောင်းမည်

6011 Sqft
(အုတ်တံတိုင်းကာပြီး၊ ကွန်ကရစ်လမ်းခင်းထားပြီး)
အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား
**ဖုန်း-၀၉-၂၅၄၂၁၈၀၇၇၊ ၀၉-၈၅၀၁၄၆၀၊ ၀၉-၄၂၁၄၉၉၀၂**

## အမည်ပြောင်း

မင်္ဂလာဒုံမြို့နယ်၊ IEC ကိုယ်ပိုင်အထက်တန်းကျောင်း အဋ္ဌမတန်းတွင် ပညာသင်ကြားနေသော ဦးညွန့်ဝင်း-ဒေါ်စန္ဒာလှိုင်၏သား မောင်ရဲလင်းအောင်အား မောင်ဝေယံဘုန်းလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်ဝေယံဘုန်းလင်း**

## ရောင်းမည်

ညောင်ဦးမြို့၊ ပေ(၈၀×၁၆၀)မြေပိုပါသည်။ (၈၀ပေ ပတ်လည်နှစ်ကွက်တွဲ) ဂရန်အမည်ပေါက်။ (လုပ်ငန်းလိုင်စင်ပါမိုတယ်)
**ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၀၆၅၅၄**

# တောမဲ့မြေသား ရေတိုက်စား၏

# SO YOUNG
## အလှအပနှင့်ဆံပင်ကုသမှုစင်တာ

ရန်ကုန်
တိုက် ၂၆၊ အခန်း ၀၁၊ ရွှေအုန်းပင်အိမ်ယာ-၂၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်
ဖုန်း-၀၉-၇၈၅ ၃၁၆ ၄၅၇ ၄၄၃ ၉၇၄ ၁၄၅

နေပြည်တော်
ဆိုင်အမှတ် (ပ-၁၁၈)၊ သပြေကုန်းပွဲရုံတန်း၊ ကျောက်မျက်အနီး၊ နေပြည်တော်၊
ဖုန်း-၀၉-၇၉၀ ၉၆၆ ၂၂၁ ၊ ၇၉၀ ၉၆၆ ၂၂၇

မြင်ဦးလှိုင်
အောင်သဗ္ဗာဆေးရုံကြီး၊ ဥက္ကာတောအဝိုင်း
ဖုန်း-၀၉-၄၅၃ ၃၅၁ ၀၉၃ ၊ ၇၉၆ ၇၃၉ ၀၃၇



အလှအပရေးရာ ကျွမ်းကျင်သောဆရာဝန်နှင့် ဝန်ထမ်းများက ခေတ်မီစက်ကိရိယာ များ အကောင်းဆုံးဆေးဝါးများဖြင့် ဝန်ဆောင်မှုပေးနေတာကြောင့်
"SO YOUNG "နဲ့ဆို နုပျိုလှပသွားမှာ သေချာပါတယ်

SO YOUNG aesthetic clinic

DAILY OPEN
(10:00 AM - 8:00 PM)

ဆံပင်ကုသမှုမယူခင် | ၁၀ ကြိမ်မြောက် | ၁၅ ကြိမ်မြောက်



- ဆံပင်သန်စွမ်းစေသောကုသမှု
- မျက်အိတ်တင်းရင်းနုပျိုစေသောကုသမှု
- အသားအရေဖြူဝင်းလှပစေသောကုသမှု
- အသားအရေတင်းရင်းနုပျိုစေသောကုသမှု
- Botox, Filler , Thread lift ကြိုးထည့်သည့်ကုသမှု
- မျက်နှာချေးပေါက်ကျယ်ခြင်း ၊ ဝက်ခြံ အမှအချိုင့်ကုသမှု
- မျက်ခုံး ၊ နှုတ်ခမ်း ၊ Eye Liner တက်တူးထိုးပေးခြင်း
- အဝေါ်မျက်ခွံတင်းရင်းလှပစေမည့်ကုသမှု
- မေးစေ့ချွန်ပြီးမျက်နှာသွယ်လှလှပစေမည့်ကုသမှု
- နှာတံပြောင့်စင်းလှပစေမည့်ကုသမှု
- လေဆာဖြင့်သွားများကိုဖြူဖွေးစေမည့်ကုသမှု
- သွားနှင့်ပတ်သတ်သည့် အလှအပဆိုင်ရာကုသမှုများ

အသေးစိတ်လေ့လာလိုလျှင် Facebook's page "So Young အလှအပနှင့် ဆံပင်ကုသမှုစင်တာ" တွင် လေ့လာနိုင်ပါသည်

ကြေးမုံ

မေ ၁၀၊ ၂၀၁၈

# ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ အဋ္ဌမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၉**

ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ အဋ္ဌမပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

အစည်းအဝေးတွင် ၂၀၁၈ ခုနှစ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနာယက၊ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယခုကျင်းပပြုလုပ်မည့် ဒုတိယအကြိမ်လွှတ်တော်အသီးသီး၏ အဋ္ဌမပုံမှန်အစည်းအဝေးတွင် ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးတွင် အတည်ပြုရန် ကျန်ရှိသည့် ဥပဒေများကိုလည်း ဆက်လက်ဆွေးနွေးအတည်ပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်ကျင်းပခဲ့သည့် ပုံမှန်အစည်းအဝေးများကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ယခုကျင်းပပြုလုပ်မည့် အဋ္ဌမပုံမှန်အစည်းအဝေးကိုလည်း အောင်မြင်စွာကျင်းပနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**

## နိုင်ငံတကာချစ်ကြည်ရေး ခြေစမ်းပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က Asian Game Indonesia and AFF Suzuki Cup 2018 ဘောလုံးပြိုင်ပွဲများတွင် မြန်မာဘောလုံးအသင်း အောင်မြင်မှုရရှိရေးအတွက် နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းနှင့် Leeds United အသင်းတို့သည် မေ ၁၁ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ချစ်ကြည်ရေးခြေစမ်းပွဲအား မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MRTV Digital Sports Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်လုံခြုံရေးနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး ဆွေးနွေး

**နေပြည်တော် မေ ၉**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Manjurul Karim Khan Chowdhury အား မေ ၈ ရက်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ခေါ်ယူတွေ့ဆုံ၍ နယ်စပ်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် နေရပ်စွန့်ခွာသွားသူများအား ဆောလျင်စွာ ပြန်လည်ပို့ဆောင်ရေးတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီးရှိ အဆောက်အအုံမဆောက်လုပ်ရန် တားမြစ်ထားသည့် ဇုန်အတွင်းတွင် ဘင်္ဂလားဒေ့ရှ် ဘက်ခြမ်း၌ အဆောက်အအုံအချို့နှင့် ဘန်ကာများ ဆောက်လုပ်ထားမှုအပေါ် တရားဝင်ကန့်ကွက်ခဲ့ပြီး အဆိုပါဆောက်လုပ်ထားသည့် အဆောက်အအုံများသည် နှစ်နိုင်ငံအကြား ချုပ်ဆိုထားသော နယ်နိမိတ်စာချုပ်ပါ သတ်မှတ်ချက်များကို ဖောက်ဖျက်ရာရောက်သဖြင့် ဖယ်ရှားပေးရန် ပြောကြားခဲ့သည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နယ်နိမိတ်မျဉ်းအနီးရှိ အဆောက်အအုံ မဆောက်လုပ်ရန် တားမြစ်ထားသည့် ဇုန်အတွင်းတွင် မြန်မာဘက်ခြမ်း၌ နေအိမ်၊ အဆောက်အအုံများ ဆောက်လုပ်လျက်ရှိရာတွင်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

# ပြည်သူများအား လုံခြုံသောနေရာများသို့ ပြောင်းရွှေ့မှုများ သိရှိနိုင်ရန် သတင်းမီဒီယာအဖွဲ့ ကချင်ပြည်နယ်သို့ ရောက်ရှိ

**မြစ်ကြီးနား မေ ၉**

ကချင်ပြည်နယ်အတွင်း လုံခြုံရေးအခြေအနေကြောင့် သွားလာရွှေ့ပြောင်းမှု ခက်ခဲလျက်ရှိသော နေရာများမှ ပြည်သူများအား လုံခြုံစိတ်ချရသော နေရာများသို့ ပြောင်းရွှေ့နေရာချထားရေးနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများကို သိရှိနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ စာတည်းမှူးချုပ် ဦးသာစိန် ဦးစီးသော သတင်းမီဒီယာအဖွဲ့တစ်ဖွဲ့သည် ယနေ့နံနက် ၆ နာရီ ၄၅ မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြပြီး နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားလေဆိပ်သို့ ရောက်ရှိသည်။

သတင်းမီဒီယာအဖွဲ့သည် ကချင်ပြည်နယ်အစိုးရအဖွဲ့ ရုံးခန်းမ(၁)၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်နှင့် တာဝန်ရှိသူများက ကချင်ပြည်နယ်အစိုးရအဖွဲ့ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများက ကချင်ပြည်နယ်အတွင်းရှိ လတ်တလောနေရပ်စွန့်ခွာတိမ်းရှောင်နေသော နေရာများသို့ လိုအပ်သလို စနစ်တကျစုဖွဲ့၍

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ◆**



**မြစ်ကြီးနားမြို့နယ် မြစ်ဆုံကျေးရွာရှိ ဘုရားကျောင်းတွင် နေရပ်စွန့်ခွာတိမ်းရှောင်လာကြသူများကို တွေ့ရစဉ်။**

"ထူးချွန် ပြောင်မြောက်သူတို့၏အောင်မြေအမှတ်"
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KGမှ တက္ကသိုလ်ဝင်တန်းအထိ)

ယခုနှစ်မှ စ၍
နှစ်ဆတိုး ပညာရေးမြှင့်တင်ချက်
အထူးအစီအစဉ်

ကျောင်းသားရော မိဘပါ
အလွန် နှစ်ခြိုက်
အားတက်နေကြသည်။

ဤအထက်တန်းကျောင်းကြီးတွင် တက်ရောက်နေသူ ဘော်ဒါကျောင်းသား/သူများနှင့် DAY ဘော်ဒါများ အားလုံး
- နံနက် ၇း၃၀ နာရီ မှ ၁၂း၁၅ နာရီအထိ ကျောင်းတက်ချိန်။
- ၁၂း၁၅ မှ ၁း၀၀ နာရီအထိ နေ့လယ်စာ ထမင်းစားချိန် ခေတ္တနား။
- နေ့လယ် ၁း၀၀ နာရီ မှ ၅း၃၀ နာရီအထိ ဝါရင့် ကျွမ်းကျင် GUIDE ဆရာ(၆)ဦးနှင့် GUIDE အချိန်။
- ညနေ ၆း၀၀ နာရီ မှ ၇း၃၀ နာရီအထိ သီးခြား ဝါရင့် ကျွမ်းကျင် GUIDE တစ်ဖွဲ့နှင့် ထပ်မံ GUIDE လုပ်ပြီး၊ တစ်နေ့တာ လေ့ကျင့်ခန်းများ ပြီးစီးအောင် လုပ်ချိန်။
- ည ၈း၃၀ မှ ၁၀း၃၀ နာရီအထိ စာ အရကျက်ချိန်။

(၃.၅.၁၈)မှ စတင်၍ အရှိန်အဟုန်နှင့် စတင်နေပြီဖြစ်ကြောင်း လက်တွေ့လာရောက် လေ့လာပြီးမှ အပ်နှံပါ။

ပညာရေး အဆင့်မြင့်
စခန်းသွင်း ဘော်ဒါ နှင့်
နေ့တက် ဘော်ဒါ

မြေအမှတ် ၂၀(A)+၂၀(B)၊ဝေဇယန္တာလမ်းမကြီး၊ ရွှေစီတံအိမ်ရာ၊ (ORANGE SUPER MART ညာဖက်) သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄၂၀၃၀၇၂၇၊ ၀၁ ၅၇၀၀၂၂

အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final)
ကိုယ်တိုင် ကြီးကြပ်သည်။

အတုမရှိ၊ အတူမရှိ
ပညာရေးအင်အား
- ဂုဏ်ထူးဦးသိန်းနိုင်
- ဆရာနေအုပ်(စိန်ပေါလ်)
- ဂုဏ်ထူးဦးအောင်ခိုင်
- ဒေါက်တာညီညီ(Ph.D)
- ပါမောက္ခ ဒေါက်တာထွန်းခင်
- ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
- ဆရာ ဇော်လင်းအောင်
- ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
- စိုင်းစိန်မြင့်အောင်

ရွှေပင်နားမှ ရွှေကျေး
- နှစ်စဉ်နှစ်တိုင်း တနိုင်ငံလုံး မြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုရမှတ် အများဆုံးစာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ပြီး၊ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။
- ဂုဏ်ထူးများရဲ့၊ ရမှတ်များရဲ့သာမက နိုင်ငံ့သားကောင်း ဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။

ဇွန် (၁)ရက်နေ့ တန်းခွဲသစ် တစ်ခွဲ ထပ်ဖွင့်မည်။